ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday 17 July 2018 ၉၃၅၀



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဖွံ့ဖြိုးမှုအကူအညီပေးရေး**

တွေ့ဆုံစဉ် ဂျပန်နိုင်ငံက မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးမှုအကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် ဆောက်လုပ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

## သဘောတူညီချက် ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်မှတ်ရေးထိုး

နေပြည်တော် ဇူလိုင် ၁၆

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ကျေးဇူးတင်စကား ပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့၊ နိုင်ငံရေးပါတီများ အစုအဖွဲ့တို့မှ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ အစုအဖွဲ့အသီးသီးမှ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ လေ့လာသူများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

**ရာသီဥတုခန့်မှန်းချက် – ရာနှုန်းပြည့်မိုး (၁၇-၇-၂၀၁၈)**

**နေပြည်တော်**
မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။
**ရန်ကုန်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။
**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆွေးနွေးပွဲရလဒ်အပေါ် သဘောထားအမြင်များ**
စာမျက်နှာ - ၉

**တာဝန်သိတတ်မှုနှင့် စိတ်ထဲရှိသည့်အတိုင်း ဆုံးဖြတ်ချက်ချပြီး ဆောင်ရွက်ခဲ့ခြင်းကြောင့် အာဇာနည်တစ်ဦးဖြစ်လာသူ ရဲဘော်ကိုထွေး**
စာမျက်နှာ - ၁၀

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ရာဇဝတ်အထူးအယူခံမှု ငါးမှု စီရင်ချက်ချပြီး ရာဇဝတ်အထူးအယူခံမှု သုံးမှုနှင့် တရားမအထူးအယူခံမှု နှစ်မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထူးအယူခံမှု သုံးမှုနှင့် တရားမအထူးအယူခံမှု နှစ်မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု လေ့လာခွင့်ရရှိမည့် ပန်းချီပြပွဲ အမျိုးသားပြတိုက်၌ ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၆**

ပန်းချီဆရာကြီး ဦးမာလာ သရုပ်ဖော်ရေးဆွဲထားသည့် ခေတ်စုံ၊ အလှစုံ ပန်းချီပြပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး ဒေါ်ခင်မိမိကြွယ်နှင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးတို့ တက်ရောက်ကြပြီး အဆိုပါပြပွဲကို ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ (နံနက် ၁၀ နာရီမှ ညနေ ၄ နာရီ အထိ) ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က "ဒီပွဲမှာ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ဝတ်စားဆင်ယင်မှုတွေ၊ သူတို့နယ်မြေလေးတွေရဲ့ အထင်ကရနေရာလေးတွေကို ပန်းချီရဲ့ နောက်ခံလေးတွေမှာ တွေ့မြင်ရပါတယ်၊ တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ ယဉ်ကျေးမှုပုံစံလေးတွေကို ဒေသအသီးသီးမှာရှိနေတဲ့ ပြည်သူတွေကို မိတ်ဆက်ပေးနိုင်တဲ့ ပွဲတစ်ခုလို့ မြင်ပါတယ်၊ ဒီပွဲမှာ တိမ်မြုပ်နေတဲ့ တချို့ ဝတ်စားဆင်ယင်မှုတွေကို တွေ့ရပါတယ်၊ ဒီအတွက် များစွာအကျိုးရှိပါတယ်၊ နောက်တစ်ချက်က ဒီအချိန်မှာ (၂၁) ရာစုပင်လုံညီလာခံ ဆောင်ရွက်နေတဲ့ ကာလတစ်ခုလည်း ဖြစ်ပါတယ်၊ ပင်လုံရဲ့ရည်ရွယ်ချက်ကိုက ပြည်ထောင်စုကြီးမှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေအားလုံး အတူတကွနေထိုင်ကြမယ်ဆိုတဲ့အတွက် မတူညီတဲ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေကို ဒီနေရာမှာ လေ့လာခွင့်ရမယ်လို့ ယူဆပါတယ်။ ဒီပွဲလုပ်တာ အင်မတန်ကောင်းမွန်ပါတယ်"ဟု ပြောကြားသည်။

ပြပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ ပန်းချီဆရာကြီး ဦးမာလာက "ဒီပွဲကို ပြုလုပ်ဖြစ်ခဲ့တာက ပန်းချီပြပွဲတွေလုပ်တိုင်း တစ်ခုခုတော့ အကျိုးရှိစေချင်တယ်၊ ဗဟုသုတရမယ်၊ သမိုင်း အထောက်အထားလေးတွေလည်း သိရမယ်၊ ဒါမျိုးလေးတွေနဲ့ ရည်ရွယ်ပြီး လုပ်ဖြစ်တာပါ၊ မြန်မာတိုင်းရင်းသားတွေနဲ့ ပတ်သက်ပြီး အားလုံးကိုသိစေချင်တယ်၊ ဒါကြောင့် ဒီပွဲကိုလုပ်ဖြစ်တာပါ၊ ဒီမှာရေးဆွဲတဲ့ ပန်းချီကားတွေကလည်း ရေဆေး၊ ဆီဆေးနဲ့ပဲ ရေးဆွဲတာပါ၊ ပန်းချီကားပေါင်း ၄၃ ကား ပြသထားပါတယ်၊ ဒီပွဲမှာ တိုင်းရင်းသူပုံတွေ ရေးဆွဲဖြစ်တာကလည်း ရိုးရာအဝတ်အစားကို ပိုထိန်းသိမ်းတာက အမျိုးသမီးတွေများပါတယ်၊ မက်မက်မောမောဝတ်ဆင်ကြတယ်၊ အမျိုးသားတွေလည်း ဝတ်ဆင်တာတော့ ရှိပါတယ်၊ အမျိုးသမီးတွေလောက်တော့ မဝတ်ဆင်ကြဘူး၊ အမျိုးသမီးဝတ်စုံနဲ့ အမျိုးသားဝတ်စုံဆိုရင် အမျိုးသမီးဝတ်စုံက ထူးခြားမှုရှိတယ်၊ အမျိုးသားဝတ်စုံဆိုရင် တူတာများတယ်၊ မတူတာကတော့ နာဂ၊ ချင်း၊ ကချင်၊ ကရင်တို့ရှိတယ်၊ တခြားဝတ်စုံတွေကတော့ သိပ်ပြီး ကွဲကွဲပြားပြားမရှိဘူး၊ အဲဒါကြောင့် အမျိုးသမီးဝတ်စုံကို အဓိကထား ရေးဆွဲဖြစ်ခဲ့တာပါ၊ ဒီပြပွဲကို လာရောက်ရင်လည်း အကျိုးတစ်ခုခုတော့ ရရှိမှာပါ၊ နောက်ထပ်လည်း ပန်းချီပြပွဲတွေလုပ်ဖို့ ရှိပါတယ်၊ အားလုံးကို လာရောက်စေချင်ပါတယ်"ဟု ဆိုသည်။

ပန်းချီဆရာကြီး ဦးမာလာ၏ ပန်းချီကားများကို ရန်ကုန်မြို့ အမျိုးသားပြတိုက်၊ ချက်ထရီယမ်ဟိုတယ် (ရန်ကုန်)၊ စထရန်းဟိုတယ် (ရန်ကုန်)၊ ဆူးလေရှန်ဂရီလာဟိုတယ် (ရန်ကုန်)၊ နေပြည်တော် ကန်ပင်းစကီးဟိုတယ်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်နှင့် အစိုးရရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်တို့တွင် အမြတ်တနိုး ဝယ်ယူစုဆောင်းထားရှိကြောင်း သိရသည်။

ပန်းချီဆရာကြီး ဦးမာလာသည် ၁၉၅၃ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာ၌ ဦးဘကွန်းနှင့်ဒေါ်နှင်းတို့က မွေးဖွားခဲ့ပြီး တောင်သူမျိုးရိုးဖြစ်သည်။ ၁၉၇၃ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ မန္တလေး ပန်းချီ၊ ပန်းပုကျောင်းတွင် ပန်းချီပညာသင်ယူခဲ့ပြီး မန္တလေး ရွှေဟောင်းသုတေသနဌာန၌ ပန်းချီပညာရှင်အဖြစ် ကိုးနှစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုမှတစ်ဆင့် ဆောင်းဒါး အထည်အလိပ်နှင့် ရက်ကန်း သင်တန်းကျောင်း၌ ပန်းချီပညာရှင်အဖြစ် ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပြီး မန္တလေး ပန်းချီ၊ ပန်းပုကျောင်း၌ ပန်းချီနည်းပြအဖြစ် ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ**
**အေးမင်းသူ၊ ဇာနည်မောင်**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၁၆**

ရန်ကုန်(ရွှေဈေး) ၉၄၄၅၀၀ - ၉၄၄၅၀၀ မန္တလေး(ရွှေဈေး) ၉၄၄၅၀၀ - ၉၄၄၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၅/၉၅၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၄၀ ကျပ်၊ | ၉၈၅/၉၉၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၉၀ ကျပ်၊ | ၉၃၅/၉၅၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၅/၈၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၀/၈၈၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၁၅/၈၂၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၄၄.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀.၄၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၃၀၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၇.၈၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၅၅၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၁.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၇၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၅.၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၃၁.၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ကြေးမုံ

## တစ်စိတ်တစ်ဝမ်းတည်း အောင်အောင်မြင်မြင်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့လေပြီ။ ငြိမ်းချမ်းရေးခရီး အဆင့်တစ်ဆင့် တက်လှမ်းနိုင်ရေးကို အောင်အောင်မြင်မြင် တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခဲ့ကြပြီး အောင်မြင်မှု နောက်တစ်ဆင့်တက်လှမ်းနိုင်ရေးအတွက် အားအင်သစ်များ၊ မျှော်လင့်ချက် အလင်းရောင်များကို ဆောင်ကြဉ်းပေးခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံကာ ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြစ်သည်။

ဗုဒ္ဓဘုရားရှင်ဟောကြားခဲ့သည့် "သမဂ္ဂါနံ တပေါ သုခေါ"ဟူသော တရားတော်နှင့်အညီ အင်အားစုများ တစ်စိတ်တစ်ဝမ်းတည်း ညီညွတ်ခြင်းကြောင့် ချမ်းသာရာ ချမ်းသာကြောင်း အကြောင်းတရားဖြစ်စေသည်။ ယခုအစည်းအဝေးတွင် ပါဝင်သင့် ပါဝင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးဖြစ်သည့် ညီလာခံကိုယ်စားလှယ် ၇၀၀ ကျော်၊ ဖိတ်ကြားသင့်သူ ၂၉ ဦး၊ လေ့လာသူ ၁၀၄ ဦး၊ အကျိုးဆောင်အဖွဲ့ဝင် ၂၇ ဦး အပါအဝင် အထောက်အကူပြုအဖွဲ့များပါ ပါဝင်ပြီး ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ညီညီညွတ်ညွတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြသည်ကို အားရဖွယ်မြင်တွေ့ရသည်။

(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် နိုင်ငံရေးကဏ္ဍ၌ လေးချက်၊ စီးပွားရေးကဏ္ဍ၌ တစ်ချက်၊ လူမှုရေးကဏ္ဍ၌ ခုနစ်ချက်နှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ၌ နှစ်ချက် အခြေခံမူ စုစုပေါင်း ၁၄ ချက်ကို ဆွေးနွေးအတည်ပြုနိုင်ခဲ့ပြီး ယင်းသဘောတူညီချက် ၁၄ ချက်ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး နောက်ဆုံးနေ့တွင် ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၂)အဖြစ် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ်မြင်တွေ့ရသည်။

အစည်းအဝေးပိတ်ပွဲ အခမ်းအနား၌ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးညီလာခံနှင့်ပတ်သက်၍ "ညီလာခံကြီးကနေ တိုင်းရင်းသားပြည်သူတွေကို ရှေ့ဆက်ပြီး ဘာတွေလုပ်မယ်ဆိုတာကို တရားဝင်ထုတ်ပြန်ကြေညာ အသိပေးလိုက်တာပဲ၊ ဘာတွေပဲ ဖြစ်လာဖြစ်လာ၊ ဘယ်လိုအခက်အခဲတွေပဲကြုံကြုံ ကျွန်မတို့အားလုံး လက်မလျှော့ဘူး၊ ပိုမိုခိုင်မာတဲ့ ခြေလှမ်းတွေကို ဆက်လက်ပြီး လျှောက်လှမ်းသွားမယ်ဆိုတာကို တစည်းတလုံးတည်း၊ တစ်စိတ်တစ်ဝမ်းတည်း ပြသလိုက်တာပဲ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ယခုညီလာခံတွင် NCA လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစိုးရ၏ဖိတ်ကြားမှုဖြင့် တက်ရောက်လာခြင်းသည် ထူးခြားမှုပင်ဖြစ်သည်။ ညီလာခံတွင် ဆွေးနွေးညှိနှိုင်းမှုများအား လက်တွေ့မြင်တွေ့သိရှိခွင့်ရခြင်း၊ အစိုးရ၊ တပ်မတော်နှင့် သီးခြားတွေ့ဆုံနိုင်ခြင်း၊ တွေ့ဆုံရာတွင် လွတ်လပ်ပွင့်လင်းရင်းနှီးစွာ တွေ့ဆုံနိုင်ခြင်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်မည့် အလားအလာကောင်းများပင်ဖြစ်သည်။

သို့ဖြစ်ရာ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အားတက်မိသည်။ ကျင်းပခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် အခက်အခဲများ၊ သဘောထားကွဲပြားမှုများကြားမှ ယခုကဲ့သို့ ရလဒ်ကောင်းများ ပေါ်ထွက်လာခြင်းဖြစ်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရှေ့သို့တက်လှမ်းနေသည့်လက္ခဏာဖြစ်သည်။ ငြိမ်းချမ်းရေးခရီးမှာ ရပ်တန့်မနေ၊ ရှေ့သို့ တိုးနေခြင်းမှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှု၊ တစ်စိတ်တစ်ဝမ်းတည်းရှိမှုတို့ကြောင့် ပေါ်ထွန်းလာသော အောင်မြင်မှုမှတ်တိုင်များဟု ကြေးမုံက ရှုမြင်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



## အမှီသဟဲရှိမှ

တစ်ခုနားလည်ထားကြဖို့အချက်က ယခုခေတ် ကမ္ဘာကြီးအခြေအနေမှာ ဘယ်တိုင်းပြည်မဆို ကိုယ့်တိုင်းပြည် တစ်ပြည်တည်း အထီးတည်းနေနိုင်တဲ့အခြေမျိုး မရနိုင်ကြဘူး။ တစ်ပြည်နဲ့တစ်ပြည် ပေါင်းစပ်အမှီသဟဲရှိမှ နေနိုင်ကြမယ် ဆိုတဲ့ အချက်ပါပဲ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်
ပင်လုံညီလာခံဂုဏ်ပြုညစာစားပွဲတွင် ပြောကြားခဲ့သော မိန့်ခွန်းမှကောက်နုတ်ချက်)

**✻ ရှေ့ဖုံးမှ**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးဝင်းနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Ichiro MARUYAMA လည်း တက်ရောက်သည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိ အား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့ညနေ ၄ နာရီတွင် လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအတွက် ဂျပန်နိုင်ငံမှ အကူအညီပေး ဆောင်ရွက်ရန်ရှိသည့် စီမံချက်များအနက်မှ ဦးစားပေးစီမံချက် ၆၀ ကျော်အား အကောင်အထည်ဖော်သွားမည့်ကိစ္စ၊ ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်း၊ ရန်ကုန်မြို့ပတ်ရထားစီမံကိန်းအပါအဝင် ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများ၊ ရန်ကုန်မြို့တွင်း ယာဉ်သွားလာမှုချောမွေ့စေရေးအတွက် GPS စနစ်ထိန်းချုပ်ရေးစခန်းများ တည်ဆောက်ရေးကိစ္စ၊ ဟံသာဝတီနိုင်ငံတကာလေယာဉ်ကွင်း တည်ဆောက်ရေးကိစ္စ၊ မြန်မာ-ဂျပန် သက်မွေးဝမ်းကျောင်းပညာသင်ကျောင်းဖွင့်လှစ်ရေးကိစ္စအပါအဝင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည့် စီမံချက်များနှင့်ပတ်သက်သည့် တိုးတက်မှုများအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ၏ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ၂၀၁၆-၂၀၂၀ အတွက် ငါးနှစ်တာကာလအတွင်း ဂျပန်ယန်းငွေ ၈၀၀ ဘီလီယံ ပံ့ပိုးသွားရန် ကတိပြုထားသည်။

ထို့ပြင် ဂျပန်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စတွင် ပါဝင်ကူညီဆောင်ရွက်ပေးသွားမည့်လုပ်ငန်းများကိုလည်း ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

**✻ ပြည်ထောင်စုငြိမ်းချမ်းရေးမှ**

ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဦးဆောင်သဘာပတိ

ညီလာခံတွင် ဦးဆောင်သဘာပတိအဖြစ် ပဒိုစောကွယ်ထူးဝင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ ဦးကျော်တင့်ဆွေ၊ ဒေါ်နီရွှေလျှန်းနှင့် ဦးမြင့်စိုးတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ညီလာခံဦးဆောင်သဘာပတိပဒိုစောကွယ်ထူးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် တစ်ချိန်က မိမိတို့အမျိုးသားများ၏ နိုင်ငံရေးလိုလားချက်၊ ရပ်တည်ချက်များကို ရရှိရန်အတွက် လက်နက်ကိုင်နည်း၊ တော်လှန်ရေးနည်းလမ်းနှင့် အသက်ပေါင်းများစွာရင်းပြီး ရန်းကန်တိုက်ပွဲဝင်ရာမှ အခုလို အတူတကွ ပဋိပက္ခဖြစ်ပွားဘက်များအကြား မျက်နှာချင်းဆိုင်ပြီး တန်းတူရည်တူဆွေးနွေးငြင်းခုံအဖြေရှာနိုင်သည့် အဆင့်တစ်ဆင့်ကို ရောက်ရှိလာနိုင်အောင် အမြော်အမြင်ရှိရှိဆောင်ရွက်ခဲ့သော နိုင်ငံတော်၏ ခေါင်းဆောင်များအားလုံးကို တိုင်းရင်းသားပြည်သူများ၏ကိုယ်စား အထူးကျေးဇူးတင်ရပါသည်ဟု ပြောကြားလိုပါကြောင်း။

### သဘောတူညီချက်များ ဆုံးဖြတ်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ခြောက်ရက်တာအတွင်း ညီလာခံကို အောင်အောင်မြင်မြင်နှင့် ကျင်းပနိုင်ခဲ့ပါကြောင်း၊ ညီလာခံတက်ရောက်သည့် အစုအဖွဲ့အသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်တို့က တက်တက်ကြွကြွဆွေးနွေး ငြင်းခုံ အဖြေရှာပြီး သဘောတူညီချက်များကို ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့သည့်အတွက် ပါဝင်ဆွေးနွေးသော အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်၊ ကိုယ်စားလှယ်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရပါကြောင်း။

ယခုကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးက နိုင်ငံရေး သဘောတူညီချက်ရရှိမှုမှာ အချက်အားဖြင့် မများသော်လည်း အနှစ်သာရအားဖြင့် အနာဂတ်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်သည် ရှင်သန်ပြီး ပိုမိုကောင်းမွန်သောရလဒ်များကို ဆက်လက်ပြီး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

### တိုးတက်အောင်မြင်မှုဟု မှတ်ယူ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် ကဏ္ဍအလိုက် ဆွေးနွေးမှု ရရှိသည့်သဘောတူဆုံးဖြတ်ချက်များကို ညီလာခံမှ အတည်ပြုပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)ကို ချုပ်ဆိုနိုင်မည်ဖြစ်သည့်အတွက်ကြောင့်လည်း NCA အကောင်အထည်ဖော်မှုလုပ်ငန်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးတည်ဆောက်မှု၏ လုပ်ငန်းအဆင့်တစ်ဆင့် တိုးတက်အောင်မြင်မှုဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါကြောင်း။

ယခုကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသည် တိုင်းပြု ပြည်ပြု၊ တိုင်းကျိုးပြည်ကျိုးဆောင်သော လုပ်ငန်းကို ထမ်းရွက်သည့် ညီလာခံဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့ ပြည်ထောင်စု၏ဂုဏ်ရောင်ပြောင်သည့် အနာဂတ်သမိုင်းကို ညီညီညွတ်ညွတ် ရေးသားသော ညီလာခံဖြစ်ပါကြောင်း၊ **စာမျက်နှာ ၄ သို့ ❍**




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆဋ္ဌမနေ့တွင် ဦးဆောင်သဘာပတိအဖြစ် ပဒိုစောကွယ်ထူးဝင်း၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ ဦးကျော်တင့်ဆွေ၊ ဒေါ်နီရွှေလျှန်းနှင့် ဦးမြင့်စိုးတို့ ဆောင်ရွက်ကြစဉ်။



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်လာသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများအား တွေ့ရစဉ်။



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။



ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)



ဦးလှမောင်ရွှေ



ဦးနိုင်ငံလင်း



ခွန်မြင့်ထွန်း



ဦးကျော်ကျော်ဟန်



ဦးမင်းဦး



ဗိုလ်ချုပ်စိုးနိုင်ဦး



နိုင်အောင်မငေး



စောထွန်းအောင်မြင့်



ရဲဘော်မျိုးဝင်း

❍ စာမျက်နှာ ၃ မှ
မိမိတို့၏ ဆောင်ရွက်မှု၊ ဆုံးဖြတ်မှုများ၊ ရေးသားမှုများသည် အနာဂတ် မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် အမွေအနှစ်၊ ကောင်းမွန်သည့် အနာဂတ်ကိုထားခဲ့ရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ ရေးသားဆောင်ရွက်မှုသည် နောင်လာမည့် မျိုးဆက်သစ်လူငယ်များအတွက် ကောင်းမွန်သည့် အနာဂတ် အမွေကို ပေးစွမ်းမှုမရှိလျှင် မိမိတို့သည် သမိုင်း၏တရားခံများ ဖြစ်သွားနိုင်ပါကြောင်း။

## မိမိတို့၏လက်ထဲတွင်ရှိ

အနာဂတ်ပြည်ထောင်စု၏ တည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးသည် ယနေ့အနာဂတ် ပြည်ထောင်စု၏ ကံကြမ္မာကို ဖန်တီးသည့် မိမိတို့၏ လက်ထဲတွင် ရှိပါကြောင်း၊ မိမိတို့၏ အမြော်အမြင်ကြီးမှု၊ ပြည်ထောင်စု အပေါ် စိတ်ရင်းစေတနာရှိမှုနှင့် သမာသမတ်ကျမှုအပေါ် မူတည်ပါကြောင်း၊ မိမိတို့၏ ပြောဆိုဆွေးနွေးမှု၊ ငြင်းခုံအဖြေရှာမှုများသည် မိမိတို့ပြည်ထောင်စု၏ အကျိုး၊ မိမိတို့တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

ဤညီလာခံမှ မိမိတို့ သင်ခန်းစာအများကြီးရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ဤသင်ခန်းစာများမှတစ်ဆင့် အနာဂတ်နိုင်ငံရေးဆွေးနွေးပွဲများကို ပိုမို ကောင်းမွန်အောင်လုပ်နိုင်မည့် အစီအစဉ်များကိုချမှတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ လာမည့် ၂၀၁၈ ခုနှစ် မကုန်မီကျင်းပမည့် စတုတ္ထအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို များစွာအထောက်အကူ ပြုနိုင်မည်ဟု ခံယူပါကြောင်း။

မိမိတို့နိုင်ငံ၏ ဖြစ်ပေါ်မှု၊ သမိုင်း၊ ဖြစ်စဉ်၊ ဖြစ်တည်မှုများကို သုံးသပ်သည့် နေရာတွင် မတူညီသောရပ်တည်မှု၊ ချဉ်းကပ်မှုရှုထောင့်မှနေပြီး သုံးသပ်သည့်အတွက် မတူညီသည့်အမြင်၊ ကွာခြားသည့်ကောက်ချက်ချမှုများ ရှိပါကြောင်း၊ ထိုမတူညီသည့် အမြင်၊ သုံးသပ်မှု၊ ကောက်ချက်ချ အဖြေထုတ်မှုများကြောင့် သဘောထားကွဲလွဲမှုကို ဖြစ်စေပြီး ပဋိပက္ခဖြစ်မှုများဖြစ်ခြင်းဖြစ်ပါကြောင်း၊ ခြုံပြီးပြောရလျှင် ဒီမိုကရေစီဆိတ်သုဉ်းခြင်းနှင့် အမျိုးသားတန်းတူရေး ဆိတ်သုဉ်းခြင်းတို့ကြောင့် ဆိုနိုင်ပါကြောင်း။

## ပင်လုံစိတ်ဓာတ်ဖြင့်ဖော်ဆောင်

ယနေ့ မိမိတို့နိုင်ငံ၌ ဖြစ်ပွားသည့်၊ ဖြစ်ပွားဆဲ လက်နက်ကိုင်ပဋိပက္ခများသည် လူမျိုးရေး၊ အမျိုးသားရေးကို အခြေခံသည့် နိုင်ငံရေးပဋိပက္ခ အကျိုးဆက်များ ဖြစ်ပါကြောင်း၊ အထူးသဖြင့် ဤလက်နက်ကိုင်ပဋိပက္ခများသည် တိုင်းရင်းသား နယ်မြေအတွင်းတွင် ရှိနေပါသေးကြောင်း၊ ယင်းပဋိပက္ခများအားလုံး ချုပ်ငြိမ်းသွားရန် မိမိတို့ဆောင်ရွက် ရမည်ဖြစ်ပါကြောင်း၊ ယင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြစ်ပွားစေသည့် အခြေခံအမျိုးသားနိုင်ငံရေးပြဿနာများကို ဖြေရှင်းသွားရမည်ဖြစ်ပါကြောင်း၊ ပင်လုံစိတ်ဓာတ်ဖြင့် အမျိုးသားတန်းတူရေးကို ဖော်ဆောင်ပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရမည်ဟု တင်ပြလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကဏ္ဍအလိုက် အခြေခံမူအဆိုပြုချက်များကိုတင်သွင်းကြရာ နိုင်ငံရေးကဏ္ဍ အခြေခံမူအဆိုပြုချက်ကို တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)က လည်းကောင်း၊ စီးပွားရေးကဏ္ဍ အခြေခံမူအဆိုပြုချက်ကို အစိုးရအစုအဖွဲ့ကိုယ်စားလှယ် ဦးလှမောင်ရွှေက လည်းကောင်း၊ လူမှုရေးကဏ္ဍ အခြေခံမူအဆိုပြုချက်ကို နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ် ဦးနိုင်ငံလင်းက လည်းကောင်း၊ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ကဏ္ဍအခြေခံမူအဆိုပြုချက်ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့ကိုယ်စားလှယ် ခွန်မြင့်ထွန်းက လည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် အစိုးရအစုအဖွဲ့ကိုယ်စားလှယ် ဦးကျော်ကျော်ဟန်၊ လွှတ်တော်အစုအဖွဲ့ ကိုယ်စားလှယ် ဦးမင်းဦး၊ တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ် ဗိုလ်ချုပ်စိုးနိုင်ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ ကိုယ်စားလှယ် နိုင်အောင်မငေးနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ် စောထွန်းအောင်မြင့်တို့က ကဏ္ဍအလိုက်တင်သွင်းသည့် အခြေခံမူ အဆိုပြုချက် အချက် ၁၄ ချက်ကိုထောက်ခံဆွေးနွေးကြသည်။

ထို့နောက် ဦးဆောင်သဘာပတိ ပဒိုစောကွယ်ထူးဝင်းက ကဏ္ဍအလိုက် တင်ပြလာသည့် နိုင်ငံရေးကဏ္ဍ စာမျက်နှာ ၈ သို့ ❖

# လက်ရှိကြိုးပမ်းဆောင်ရွက်နေတာဟာ အနာဂတ်မှာဖြစ်ပေါ်လာမယ့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအတွက် အခြေခံအုတ်မြစ်တွေ စိုက်ထူနိုင်ဖို့ဖြစ်

နေပြည်တော် ဇူလိုင် ၁၆

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆင့်မနေ့တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် ကျေးဇူးတင်စကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

## နှုတ်ခွန်းဆက်

**ဒီကနေ့ ညီလာခံကိုတက်ရောက်နေကြတဲ့ ဦးဆောင်သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များ၊ UPDJCအဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်တော်ကြီးများရှင့်-**

ခြောက်ရက်တာကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကတော့ ဒီကနေ့ ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်း ၂ ကို လက်မှတ်ရေးထိုးနိုင်ခြင်းနဲ့ အောင်မြင်စွာ မှတ်တိုင်စိုက်ထူနိုင်ခဲ့ပါပြီ။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၂ မှာ အခြေခံမူ ၁၄ ချက်သာ ရရှိခဲ့တယ်ဆိုပေမယ့်လည်း ဒီအခြေခံမူတွေရရှိလာအောင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေနဲ့ အစုအဖွဲ့အလိုက် တင်သွင်းလာတဲ့ စာတမ်းတွေကိုအခြေခံပြီး လုပ်ငန်းကော်မတီအစည်းအဝေး၊ UPDJC အစည်းအဝေးနဲ့ ညီလာခံအစည်းအဝေးတွေမှာ အကျေအလည်ဆွေးနွေးညှိနှိုင်းပြီး ရရှိလာခဲ့တာဖြစ်တဲ့အတွက် အစုအဖွဲ့အားလုံး သဘောတူညီမှုတွေရရှိအောင် ရှာဖွေနိုင်ခဲ့တာဟာ ကျွန်မတို့အတွက် ဝမ်းမြောက်စရာ၊ ဂုဏ်ယူစရာဖြစ်နေမှာပါ။ ညီလာခံရဲ့ ခြောက်ရက်တာကာလအတွင်းမှာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှုများနဲ့ ဆွေးနွေးခဲ့ကြပြီး ဘုံသဘောတူညီချက်တွေ ရှာဖွေနိုင်ခဲ့ပြီဖြစ်တဲ့အတွက် ကျွန်မတို့အားလုံးရဲ့အခြေအနေကို ကိုယ်စီကိုယ်စီ သိရှိထားကြပြီလို့လည်း ယုံကြည်ပါတယ်။

## ညီလာခံတတိယအစည်းအဝေး၏ ရလဒ်များအပေါ် အသိအမှတ်ပြုခြင်း

**သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများရှင့်-**

ကျွန်မတို့ရဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးမှာ စုစုပေါင်းအချက် ၁၄ ချက်ကို သဘောတူနိုင်ခဲ့ကြပါတယ်။ နိုင်ငံရေးကဏ္ဍလေးချက်၊ စီးပွားရေးကဏ္ဍ တစ်ချက်၊ လူမှုရေးကဏ္ဍ ခုနစ်ချက်နဲ့ မြေယာကဏ္ဍနှစ်ချက်တို့ ဖြစ်ကြပါတယ်။ လုံခြုံရေးကဏ္ဍမှာတော့ ဒီတစ်ကြိမ်မှာ သဘောတူညီမှုတွေရရှိအောင် မညှိနှိုင်းနိုင်ခဲ့ပါ။

ဒီအချက်တွေကိုကြည့်လိုက်ရင် နှစ်မျိုးတွေ့ရှိနိုင်ပါတယ်။ တစ်မျိုးက တိုင်းရင်းသားတွေလိုချင်တဲ့အရာတွေ၊ စိုးရိမ်နေတဲ့အချက်တွေကို လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိပေမယ့်လည်း ပိုမိုသေချာတဲ့ စကားလုံးအသုံးအနှုန်းတွေနဲ့ ထည့်သွင်းခဲ့တဲ့အချက်တွေဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မပါရှိသေးတဲ့အချက်တွေကို ပြည်ထောင်စုသဘောတူညီမှုတစ်ရပ်အနေနဲ့ ထည့်သွင်းခဲ့ကြတာဖြစ်ပါတယ်။ အခုသဘောတူညီလိုက်တဲ့အချက်တွေက ပြည်ထောင်စုသဘောတူစာချုပ်ရဲ့အစိတ်အပိုင်းတွေပဲဖြစ်ပါတယ်။ နောင်တစ်ချိန်မှာ ပြီးပြည့်စုံတဲ့ ပြည်ထောင်စုသဘောတူစာချုပ်ကြီး ချုပ်ဆိုနိုင်ဖို့အတွက် နောက်ထပ်တက်လှမ်းလိုက်တဲ့ ခြေလှမ်းသစ်တွေလည်း ဖြစ်ပါတယ်။

အချို့ကလည်း ရရှိခဲ့တဲ့အချက်တွေ နည်းနေသေးတယ်လို့ မြင်ပါလိမ့်မယ်။ ပြန်ကြည့်လိုက်ရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံရဲ့ ဒုတိယအကြိမ်နဲ့ တတိယအကြိမ် အစည်းအဝေးတွေအကြားမှာ အချိန်ကာလအားဖြင့် တစ်နှစ်ကျော်ကြာမြင့်ခဲ့တာကို အားလုံးသိရှိထားပြီးဖြစ်ပါတယ်။ ညီလာခံတတိယအစည်းအဝေး ကျင်းပနိုင်ဖို့ကို အများကြီးညှိနှိုင်းတိုင်ပင် ကြိုးပမ်းခဲ့ရတာ ဖြစ်ပါတယ်။ အခက်အခဲအမျိုးမျိုး၊ သဘောထားကွဲပြားမှု အမျိုးမျိုးရှိနေတဲ့ကြားမှာ အခုလိုရလဒ်ကောင်းတွေ ထွက်ပေါ်လာခဲ့တာကိုက ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ရှေ့ကိုဆက်လက်ပြီး ရွေ့နေတယ်ဆိုတဲ့ သင်္ကေတတစ်ခုပဲဖြစ်ပါတယ်။ သဘောတူညီချက်တွေ နည်းကောင်းနည်းမယ်။ သို့သော်လည်း ကျွန်မတို့အားလုံး အပြန်အလှန်နားလည်မှုနဲ့ ကြိုးပမ်းအားထုတ်နိုင်ခဲ့ကြခြင်းကြောင့် အားလုံးပိုင်ဆိုင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ် ရှေ့ဆက်နိုင်အောင် လုပ်ဆောင်နိုင်ခြင်းဟာ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျေးဇူးတင်စကား ပြောကြားစဉ်။**

ဒီညီလာခံကြီးရဲ့ အဓိကအနှစ်သာရပဲ ဖြစ်ပါတယ်။ ဒီကနေ့ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ အစိတ်အပိုင်း(၂) သဘောတူညီချက်တွေဟာ ကျွန်မတို့ညီလာခံကြီး ရပ်တန့်မနေဘူး၊ နောက်ပြန်လှည့်မသွားဘူး၊ ရှေ့ကိုခက်ခက်ခဲခဲ တက်လှမ်းနေတယ်ဆိုတာကို အထင်အရှားဖော်ပြနေတာပါ။

တစ်ချိန်တည်းမှာပဲ NCA လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဟာ ကျွန်မတို့ရဲ့ ဖိတ်ကြားချက်အရ ညီလာခံကိုတက်ရောက်ခဲ့ကြပါတယ်။ ညီလာခံအစည်းအဝေးတွေမှာ ဆွေးနွေးညှိနှိုင်းခဲ့ကြတာတွေကို လက်တွေ့မြင်တွေ့သိရှိခွင့် ရရှိခဲ့ကြပါတယ်။ ဒါ့အပြင် ဒီအဖွဲ့အစည်းက ကိုယ်စားလှယ်တွေဟာ အစိုးရပိုင်း၊ တပ်မတော်ပိုင်းနဲ့ သီးခြားတွေ့ဆုံမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီလိုတွေ့ဆုံရာမှာ လွတ်လပ်ပွင့်လင်းစွာ၊ ရင်းနှီးစွာ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပြီး ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်နိုင်စေမယ့် အလားအလာကောင်းတွေ များစွာရရှိခဲ့တဲ့အတွက် အားလုံးအတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါဟာလည်း ကျွန်မတို့ရဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးရဲ့ ရလဒ်ကောင်းတွေထဲက တစ်ခုဆိုတာကို တွေ့ရှိနိုင်ကြမှာပါ။

တစ်ဆက်တည်းမှာပဲ (၂၁)ရာစုပင်လုံညီလာခံကြီးကို စောင့်ကြည့်နေကြတဲ့ တိုင်းရင်းသားပြည်သူတွေအားလုံးရဲ့ မျှော်လင့်ချက်တွေကို မှေးမှိန်မသွားစေဖို့အတွက် ကျွန်မတို့အားလုံး ညှိနှိုင်းတိုင်ပင်ပြီး ညီလာခံကြီးရဲ့ သဘောထား ထုတ်ပြန်ချက်ကို သဘောတူထုတ်ပြန်နိုင်ခဲ့ပါတယ်။ ဒီသဘောထား ထုတ်ပြန်ချက်မှာ အဓိကအားဖြင့် ၂၀၁၈ ခုနှစ်အတွင်း နောက်ထပ်ညီလာခံ တစ်ကြိမ်၊ ၂၀၁၉ ခုနှစ်အတွင်း ညီလာခံနှစ်ကြိမ် စုစုပေါင်းညီလာခံ သုံးကြိမ် ကျင်းပနိုင်ရေး၊ ဒီညီလာခံသုံးကြိမ်မှာ ဒီမိုကရေစီနဲ့ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတွေကို အခြေခံအုတ်မြစ်အဖြစ် ချမှတ်နိုင်ရေး၊ ဆက်လက်ကျင်းပမယ့် ညီလာခံတွေမှာ အခြေခံမူတွေကို အုတ်မြစ်အဖြစ် ချမှတ်နိုင်ရေးအတွက် အစုအဖွဲ့အသီးသီးက ကြိုးပမ်းဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက်တွေကို ညီလာခံရဲ့ သန္နိဋ္ဌာန်အဖြစ် ချမှတ်လိုက်တာဖြစ်ပါတယ်။ ညီလာခံကြီးကနေ တိုင်းရင်းသားပြည်သူတွေကို ရှေ့ဆက်ပြီး ဘာတွေလုပ်မယ်ဆိုတာကို တရားဝင် ထုတ်ပြန်ကြေညာအသိပေးလိုက်တာပါပဲ။ ဘာတွေပဲဖြစ်လာဖြစ်လာ၊ ဘယ်လို အခက်အခဲတွေပဲကြုံကြုံ ကျွန်မတို့အားလုံး လက်မလျှော့ဘူး၊ ပိုမိုခိုင်မာတဲ့ ခြေလှမ်းတွေကို ဆက်လက်ပြီး လျှောက်လှမ်းသွားမယ်ဆိုတာကို တစည်းတလုံးတည်း တစ်စိတ်တစ်ဝမ်းတည်း ပြသလိုက်တာပဲ ဖြစ်ပါတယ်။ ဒီလို နိုင်ငံရေးအနှစ်သာရပြည့်ဝတဲ့ နိုင်ငံရေးသန္နိဋ္ဌာန်ကို ညီလာခံရဲ့သဘောထားအဖြစ် ထုတ်ပြန်နိုင်ခဲ့ခြင်းအတွက်လည်း ကျွန်မအနေနဲ့ များစွာဝမ်းမြောက်ရပါကြောင်း ပြောကြားလိုပါတယ်။

## အခက်အခဲများနှင့် ရှေ့ဆက်မည့်ခရီး

**သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများရှင့်-**

ဒီညီလာခံကြီးမှာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ကြတဲ့အခါ အားလုံးသဘောတူညီနိုင်တဲ့ အချက်တွေရှိသလို၊ အားလုံးသဘောတူညီဖို့ခက်တဲ့ အချက်တွေကိုလည်း တွေ့ရပါတယ်။ ဆွေးနွေးမှုတွေမှာ ပါဝင်ကြတဲ့ အစုအဖွဲ့တွေမှာ နောက်ခံသမိုင်းတွေ မတူသလို၊ အနာဂတ်ကို ပုံဖော်ပုံခြင်းလည်း မတူကြပါဘူး။ ဒီလိုမတူညီတဲ့ အမြင်တွေကြားထဲကနေ ဆွေးနွေးညှိနှိုင်းမှုတွေလုပ်ရတာဖြစ်တဲ့အတွက် အချိန်ယူစိတ်ရှည်သည်းခံပြီး ရလဒ်ထွက်အောင် ညှိနှိုင်းရတဲ့လုပ်ငန်းစဉ်မှာ စိန်ခေါ်မှုတွေကတော့ အများကြီးရှိနေပါတယ်။

လုံခြုံရေးကဏ္ဍကို ညှိနှိုင်းကြရာမှာ အဘက်ဘက်က သတိကြီးစွာနဲ့ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ လုံခြုံရေးကဏ္ဍမှာ ရလဒ်ထွက်နိုင်ဖို့က ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အများကြီးအရေးကြီးပါတယ်။ ပြီးပြည့်စုံတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး သဘောတူညီမှုဖြစ်ဖို့ဆိုတာ လုံခြုံရေးကဏ္ဍဆိုင်ရာ သဘောတူညီချက်တွေပါဝင်မှဖြစ်မှာပါ။ ဒီအခက်အခဲတွေပြေလည်အောင် ဖြေရှင်းနိုင်ဖို့ဆိုရင် ကျွန်မတို့ရဲ့ နိုင်ငံရေးဆွေးနွေးမှုမူဘောင်၊ ဖွဲ့စည်းတည်ဆောက်မှုနဲ့ ဒီဇိုင်းတွေကို အရှိအတိုင်း ရဲရဲတင်းတင်းပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်တဲ့လုပ်ငန်းစဉ်ဖြစ်ပေါ်လာအောင် ကျွန်မတို့ဆက်လက်ပြီး ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။

ရှေ့ကိုဆက်ပြီး အဆင်ပြေချောမွေ့အောင် လိုအပ်တဲ့အပြောင်းအလဲတွေကို ဆက်လက်ဆောင်ရွက်ကြရာမှာ ညီလာခံကြီးရဲ့ သဘောထားထုတ်ပြန်ကြေညာချက်ပါအတိုင်း ပြည့်ဝအောင်မြင်စေဖို့အတွက် အားနည်းချက်တွေကို ပြုပြင်ရမယ်၊ အားသာချက်တွေကို ပိုမိုအားကောင်းအောင် အားဖြည့်ရမယ်၊ ကျွန်မတို့အစုအဖွဲ့တွေကြားမှာ ပို၍ပို၍ နီးကပ်စွာပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဒီအခက်အခဲတွေကိုကျော်လွှားနိုင်ဖို့အတွက် အဓိကကျတဲ့ အင်အားစုတွေအားလုံးကြားထဲမှာ တိကျပြတ်သားတဲ့ အနာဂတ်အတွက် ဘုံရည်မှန်းချက်တစ်ခုရှိလာဖို့ အရေးကြီးပါတယ်။ တိကျပြတ်သားတဲ့ အနာဂတ်အတွက် ဘုံရည်မှန်းချက်အနေဖြင့် ဒီကနေ့ ညီလာခံအစည်းအဝေးကြီးက သဘောထားထုတ်ပြန်ကြေညာချက်ကိုထုတ်ပြန်လိုက်ပါပြီ။ ဆက်လက်ပြီးတော့ ကျွန်မတို့အားလုံးအနေနဲ့ အနာဂတ်အတွက် ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မယ့် ငြိမ်းချမ်းရေးမဟာဗျူဟာတစ်ခု ထွက်ပေါ်လာနိုင်ဖို့ လိုပါလိမ့်မယ်။ ဒီမဟာဗျူဟာကို အခြေခံပြီးတော့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (Political Framework) ကို သင့်လျော်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲကြဖို့ လိုပါတယ်။ UPDJC ပူးတွဲကော်မတီကလည်း လိုအပ်တဲ့အလုပ်အဖွဲ့တွေကို ဖွဲ့စည်းပေးထားပြီးဖြစ်တဲ့အတွက် အမြန်ဆုံး စတင်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်မတို့နိုင်ငံရဲ့ လက်နက်ကိုင်ပဋိပက္ခရဲ့ အကြောင်းရင်းနောက်ခံတွေမှာ ကျွန်မတို့အချင်းချင်းအကြား မယုံကြည်မှုနဲ့ သံသယတွေပါဝင်နေပြီးတော့ ဒီကွာဟချက်တွေကြောင့်ပဲ ရန်လိုမှုနဲ့ မုန်းတီးမှုတွေဖြစ်ပေါ်လာခဲ့တာပါ။ ယုံကြည်မှုတည်ဆောက်ရေးကို မြှင့်တင်နိုင်ဖို့ အင်အားစုတွေရဲ့ ခေါင်းဆောင်တွေအကြားမှာ အလွတ်သဘောတွေ့ဆုံပြီး သဘောထားအမြင်တွေ ဖလှယ်ကြဖို့၊ ကွဲပြားခြားနားတဲ့ ရှုမြင်ချက်တွေကြားက တူညီတဲ့ဘုံရှုမြင်ချက်တွေရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေနဲ့ တွေ့ဆုံရာမှာလည်း ကျွန်မတို့အကြားမှာ ခေါင်းဆောင်တွေ၊ ဒါမှမဟုတ် ခေါင်းဆောင်တွေက ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့် လွှဲအပ်လိုက်တဲ့ ကိုယ်စားလှယ်တွေ ပေါ့ပေါ့ပါးပါး အလွတ်သဘောတွေ့ဆုံကြဖို့ သဘောတူညီထားပြီးဖြစ်ပါတယ်။ ခေါင်းဆောင်တွေအကြား အလွတ်သဘောသီးသန့်ဆွေးနွေးပွဲ အမြန်ဆုံးစတင်နိုင်ဖို့လည်း အစိုးရဘက်က အလေးအနက်ထား ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

စာမျက်နှာ ၇ သို့ »»

> ညီလာခံကြီးကနေ တိုင်းရင်းသားပြည်သူတွေကို ရှေ့ဆက်ပြီး ဘာတွေလုပ်မယ်ဆိုတာကို တရားဝင်ထုတ်ပြန်ကြေညာ အသိပေးလိုက်တာပါပဲ။ ဘာတွေပဲဖြစ်လာဖြစ်လာ၊ ဘယ်လိုအခက်အခဲတွေပဲကြုံကြုံ ကျွန်မတို့အားလုံး လက်မလျှော့ဘူး၊ ပိုမိုခိုင်မာတဲ့ ခြေလှမ်းတွေကို ဆက်လက်ပြီး လျှောက်လှမ်းသွားမယ်ဆိုတာကို တစည်းတလုံးတည်း တစ်စိတ်တစ်ဝမ်းတည်း ပြသလိုက်တာပဲ ဖြစ်ပါတယ်

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးမှ အတည်ပြုထားသော သဘောတူညီချက် ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၂)အဖြစ် လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးမှ အတည်ပြုထားသော သဘောတူညီချက် ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၂)အဖြစ် လက်မှတ်ရေးထိုးကြသည်။ သဘောတူညီချက် ၁၄ ချက်၊ အစုအဖွဲ့ခေါင်းဆောင်များ၏လက်မှတ်များ၊ အသိသက်သေများ၏လက်မှတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## ပြည်ထောင်စုသဘောတူစာချုပ်
## အစိတ်အပိုင်း(၂)

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအား နေပြည်တော်၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၁) မှ (၁၆) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ဤညီလာခံကြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)က အဆိုပြုတင်သွင်းလာသော အခြေခံမူ အဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့် ကျင်းပပြုလုပ်ပြီး ရရှိလာသော အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါသည်။

၃။ ဤညီလာခံကြီးတွင် သဘောတူ လက်မှတ်ရေးထိုးသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)နှင့် ဆက်လက်ဆွေးနွေးပြီး အဆင့်ဆင့်ရရှိလာမည့် သဘောတူညီချက် အစိတ်အပိုင်းအားလုံးကို စုစည်း၍ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် လက်မှတ်ရေးထိုးကြမည် ဖြစ်ပါသည်။

**ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၂)၏စာမျက်နှာ(၂)**

၁။ ဒေါက်တာတင်မျိုးဝင်း
အစိုးရအစုအဖွဲ့ကိုယ်စားလှယ်

၂။ ဦးအောင်စိုး
လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်

၃။ ဗိုလ်ချုပ်စန်းမြင့်
တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ်

၄။ ဒေါက်တာလျန်မှုန်းဆာခေါင်း
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့ကိုယ်စားလှယ်

၅။ ဦးသုဝေ
နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်

၄။ ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၂)မှာ-

(က) နိုင်ငံရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၄) ချက်၊

(ခ) စီးပွားရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၁) ချက်၊

(ဂ) လူမှုရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၇) ချက်၊

(ဃ) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူသဘောတူညီချက် (၂) ချက်၊ စုစုပေါင်း (၁၄)ချက်ဖြစ်ပြီး နောက်ဆက်တွဲ-(က)(ခ)(ဂ)(ဃ)ဖြင့် ဖော်ပြပါသည်။

၅။ အထက်ပါ သဘောတူညီချက်များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အပိုဒ် ၂၀ (င) အရ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)အဖြစ် ဤပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြပါသည်။

**ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၂)၏စာမျက်နှာ(၃)**

## အသိသက်သေများ

(ဦးထိုက်ဖွားဒဂုက်)
တိုင်းရင်းသားကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(ဦးကျော်ဝင်း)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(နန်းစေအွာ)
တိုင်းရင်းသားကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ဦးလှကျော်အောင်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(နန်းခမ်းအုံ)
တိုင်းရင်းသားကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

(တာမြင့်ကျော်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

နောက်ဆက်တွဲ(က)

**နိုင်ငံရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်**

**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)**

ကျား/မဆိုင်ရာ တန်းတူညီမျှမှု

၁။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ ကျား/မဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေရေးနှင့် တန်းတူညီမျှမှု ရှိစေရေးအတွက် မူဝါဒ ချမှတ်ရမည်။

၂။ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ အနည်းဆုံး(၃၀)ရာခိုင်နှုန်း ပါဝင်ရေးကို အားပေးရန်။

၃။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကျား/မရေးရာ အခြေပြုအကြမ်းဖက်မှုများအား ကာကွယ်နိုင်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်။

၄။ ကျား/မဆိုင်ရာတန်းတူညီမျှမှုကို အထောက်အကူပြုစေရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရမည်။

စာမျက်နှာ ၇ သို့

»»» စာမျက်နှာ ၅ မှ

အလားတူပါပဲ နိုင်ငံရေးဆွေးနွေးကြရင်းနဲ့ လိုလားချက်တွေ၊ တောင်းဆိုချက်တွေ သဟဇာတမဖြစ်ကြတဲ့အခါ အစိုင်အခဲတွေ၊ စိတ်ခံစားချက်တွေ ဖြစ်ပေါ်လာတတ်ကြပါတယ်။ ဒီအစိုင်အခဲတွေက ငြိမ်းချမ်းရေးစားပွဲပေါ်ကနေ ကျော်လွန်ပြီး သက်ဆိုင်ရာပြည်သူလူထု အသိုင်းအဝိုင်းတွေဆီကို ကူးစက်သွားတတ်ကြပါတယ်။ သက်ဆိုင်ရာ ပြည်သူလူထုအသိုင်းအဝိုင်းတွေကြားထဲကို ကူးစက်သွားပြီး မကျေနပ်ချက်တွေ ပိုမြင့်မားလာတတ်သလို၊ မကျေနပ်ချက်တွေ မြင့်မားသည်ထက် မြင့်မားလာတဲ့အခါမှာ နာကြည်းမှုနဲ့ မုန်းတီးမှုတွေအဖြစ် ရောက်ရှိလာတတ်ကြပါတယ်။ ငြိမ်းချမ်းရေးဟာ အောက်ခြေပြည်သူတွေအတွက် ပြည်သူတွေ တွေ့မြင်ခံစားနိုင်တဲ့၊ ထူးခြားကောင်းမွန်တဲ့ အပြောင်းအလဲတွေ ဖြစ်ပေါ်လာဖို့ အရေးကြီးပါတယ်။ ဒါကြောင့် သက်ဆိုင်တဲ့ ဒေသခံပြည်သူတွေရဲ့အသံတွေကို ကျွန်မတို့ရဲ့ (၂၁)ရာစုပင်လုံ ညီလာခံကြီးက နားထောင်ဖို့၊ ရင်ကြားစေ့ကြရာမှာ အောက်ခြေအဆင့်အထိ ပျံ့နှံ့ရောက်ရှိအောင် အစုအဖွဲ့အသီးသီးက ကြိုးပမ်းဆောင်ရွက်ပေးကြဖို့၊ ပဋိပက္ခဒေသက တိုင်းရင်းသားပြည်သူတွေရဲ့ လူမှုဘဝအပြောင်းအလဲတွေ ဖြစ်ပေါ်လာအောင် ကျွန်မတို့အစိုးရအနေနဲ့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်မတို့အစိုးရအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဘယ်လိုပုံဖော်သင့်တယ်၊ ဘာဖြစ်သင့်တယ်ဆိုတဲ့ ဦးဆောင်မှုကိုသာအခြေခံတဲ့ ပုံသဏ္ဌာန်နဲ့ ချဉ်းကပ်ဆောင်ရွက်နေတာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာပါရှိတဲ့ အဓိကအင်အားစုတွေအကြား သဟဇာတဖြစ်နိုင်တဲ့ ရလဒ်ကောင်းတွေထွက်ဖို့ ပံ့ပိုးအကျိုးဆောင်တဲ့ ညှိနှိုင်းဆောင်ရွက်မှုမျိုးနဲ့ ချဉ်းကပ်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ရှုမြင်ချက်က ယုံကြည်မှု၊ နားလည်မှုတွေနဲ့ပဲ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မယ်ဆိုတာပါပဲ။ ဒါကြောင့် ကျွန်မတို့ အစိုးရရဲ့ချဉ်းကပ်မှုက ယုံကြည်မှုတွေ ပိုမိုအားကောင်းနိုင်ဖို့၊ နားလည်မှုတွေနဲ့ အဖြေရှာနိုင်စေဖို့ဆိုတဲ့ ကြိုးပမ်းအားထုတ်မှုမျိုးဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**နိဂုံးချုပ်**

**သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများရှင့်-**

နိဂုံးချုပ်အနေနဲ့ ကျွန်မတို့ညီလာခံကိုယ်စားလှယ်တော်ကြီးတွေဟာ ဒီတစ်ခေါက်မှာ အကျေအလည်ဆွေးနွေးနိုင်ခဲ့တယ်ဆိုတာတွေ ကြားသိရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲမှာ ပါဝင်သူတွေအနေနဲ့ နားလည်မှုတွေ နက်ရှိုင်းလာဖို့၊ ရှေ့မျှော်မှန်းချက်တွေ တူညီလာဖို့ အကျေအလည်ဆွေးနွေး၊ သဘောထားများဖလှယ်နိုင်တဲ့ အခင်းအကျင်း၊ အချိန်တွေရရှိအောင် အားလုံးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ညီလာခံတစ်ခုနဲ့တစ်ခုအကြားမှာ ပြန်လည်သုံးသပ်ပြီး ပြင်ဆင်မှုတွေ လုပ်ဆောင်ခဲ့တဲ့အတွက် ပိုမိုအဆင်ပြေကောင်းမွန်တဲ့ ညီလာခံအခင်းအကျင်းကို ပြောင်းလဲနိုင်ခဲ့ပေမယ့် ကျွန်မတို့အားလုံးပိုမိုကောင်းမွန်၊ ပိုမိုအဆင်ပြေတဲ့ အခြေအနေတွေကို တိုးတက်ရောက်ရှိလာအောင် ဆက်ပြီးကြိုးပမ်းဆောင်ရွက်သွားရဦးမှာ ဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ ခြေတစ်လှမ်းပြီးတစ်လှမ်း ရှေ့ကိုတက်လှမ်းနိုင်အောင် ကြိုးပမ်းကြရာမှာ လှမ်းလိုက်တဲ့ခြေလှမ်းခိုင်မာရေးဟာအထူးပဲအရေးကြီးပါတယ်။ ကျွန်မတို့ လက်ရှိကြိုးပမ်းဆောင်ရွက်နေတာဟာ အနာဂတ်မှာဖြစ်ပေါ်လာမယ့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအတွက် အခြေခံအုတ်မြစ်တွေ စိုက်ထူနိုင်ဖို့ ဖြစ်ပါတယ်။ အုတ်မြစ်ခိုင်မာတောင့်တင်းမှသာ အပေါ်ထပ်အဆောက်အအုံတွေ ထပ်ဆင့်တည်ဆောက်တဲ့အခါ ရေရှည်တည်တံ့ခိုင်မြဲနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် သဘောတူညီချက်တွေ နည်းခြင်း၊ များခြင်းထက် ကျွန်မတို့အချင်းချင်းအကြားမှာ ကျေလည်ခြင်း၊ ဘုံလက်ခံခြင်း၊ ရေရှည်အတွက် ခိုင်မာခြင်းတွေက ပိုပြီးအရေးကြီးပါတယ်။ နောက်ညီလာခံမှာ ဒီထက်ပိုမိုကောင်းမွန်ပြည့်စုံတဲ့အခြေခံမူတွေ ချမှတ်နိုင်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းအားထုတ်နိုင်ကြမယ်လို့လည်း ယုံကြည်ပါတယ်။

ခြောက်ရက်တာကျင်းပခဲ့တဲ့ညီလာခံကြီးမှာ အပင်ပန်းခံပြီး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြတဲ့ UPDJC အတွင်းရေးမှူးများနဲ့ ကော်မတီဝင်များ၊ ညီလာခံကိုယ်စားလှယ်တော်ကြီးများ၊ အကျိုးဆောင်များနဲ့ အထောက်အကူပြုအဖွဲ့များအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း အလေးအနက်ထားပြောကြားလိုပါတယ်။ အားလုံးပဲကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ညီလာခံ အစည်းအဝေးတွေအောင်မြင်စေဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ နေပြည်တော်)

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယ အစည်းအဝေးကို နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ ညီလာခံသို့ အစုအဖွဲ့အားလုံးမှ ညီလာခံကိုယ်စားလှယ် ၇၀၀ ဦး၊ အထူးဖိတ်ကြား၍ တက်ရောက်သူ ၂၉ ဦး၊ လေ့လာသူ ၂၀၄ ဦး၊ အကျိုးဆောင် ၂၇ ဦးနှင့် အထောက်အကူပြု ၁၅၂ ဦး တက်ရောက်ခဲ့ကြပြီး ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့် ကျင်းပပြုလုပ်ကာ ရရှိလာသောအဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ်၏အစိတ်အပိုင်း(၂)အဖြစ် သဘောတူညီမှုရရှိကာ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၂။ ထို့အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယ အစည်းအဝေးသို့ တက်ရောက်ကြသော ညီလာခံကိုယ်စားလှယ်များက အောက်ပါရည်မှန်းချက်များပြည့်ဝစေရေး ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ပြုခဲ့ကြပါသည်-

(က) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေးများကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့်အညီ ၂၀၁၈ ခုနှစ်အတွင်း နောက်ထပ်(၁)ကြိမ်၊ ၂၀၁၉ ခုနှစ်အတွင်း (၂)ကြိမ် ကျင်းပနိုင်ရေး၊

(ခ) ဆက်လက်ကျင်းပမည့် ညီလာခံတစ်ကြိမ်စီသို့ ဦးတည်သည့် အဆင့်ဆင့်သော အစည်းအဝေးများကို အောင်မြင်စွာကျင်းပပြီး ညီလာခံ (၃)ကြိမ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု၏ အခြေခံအုတ်မြစ်အဖြစ် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာအခြေခံမူများကို ချမှတ်နိုင်ရေး၊

(ဂ) ဆက်လက်ကျင်းပမည့် ညီလာခံများတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများကို အုတ်မြစ်အဖြစ်ချမှတ်နိုင်ရေးအတွက် အစုအဖွဲ့အသီးသီးက ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးများကို လိုအပ်သလို ကျင်းပသွားနိုင်ရေး။

၃။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ညီလာခံကိုယ်စားလှယ်များက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

○ စာမျက်နှာ ၆ မှ

နောက်ဆက်တွဲ(ခ)

## စီးပွားရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ အများပြည်သူ အကျိုးစီးပွားများအတွက် ဦးစားပေး အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို ရေးဆွဲချမှတ် ဖော်ဆောင်ခွင့်ရှိရမည်။ ထိုသို့ ရေးဆွဲရာတွင် ပြည်ထောင်စု စီးပွားရေးဆိုင်ရာဖွံ့ဖြိုးရေးမူဝါဒနှင့်စီမံကိန်းများကို သဟဇာတ ဖြစ်စေရေးနှင့် ဆက်စပ်သော အခြားတိုင်းဒေသကြီး/ပြည်နယ်များ၏ အကျိုးစီးပွားကို ထိခိုက်မှု မရှိစေရေး ထည့်သွင်းစဉ်းစားရန်။

နောက်ဆက်တွဲ(ဃ)

## မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူ သဘောတူညီချက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

**အကာအကွယ်ပြုရေးဆိုင်ရာအစီအမံများ**

၁။ နိုင်ငံအတွင်းရှိ မြေယာများကို နိုင်ငံသားများသာ ပိုင်ဆိုင်ခွင့်ရှိပြီး နိုင်ငံခြားသားနှင့် တရားမဝင်နေထိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခွင့်မရှိစေရ။

၂။ မြေယာကိုအသုံးပြု၍ စီမံကိန်းလုပ်ငန်းအမျိုးမျိုး ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ကြိုတင်ပြုလုပ်ရမည်။

နောက်ဆက်တွဲ(ဂ)

## လူမှုရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

၁။ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းနှင့် အကောင်အထည်ဖော်မှု အဆင့်တိုင်းတွင် အမျိုးသမီးများ အနည်းဆုံး (၃၀) ရာခိုင်နှုန်း ပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။

၂။ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော အားလုံးအကျုံးဝင် ပညာရေးစနစ် ဖော်ဆောင်ရန်။

၃။ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) စနစ်ကို ဖော်ဆောင်ရန်။

၄။ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ အပါအဝင် အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်။

၅။ လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် လူမှုသဟဇာတ (Social Cohesion) သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်။

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အလွဲသုံးမှုဆိုင်ရာ အန္တရာယ်လျှော့ချရေး (Harm Reduction)၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ထိရောက်သော မူဝါဒများ ချမှတ်ဆောင်ရွက်ရန်။

၇။ ကလေးသူငယ် အခွင့်အရေးရရှိရန်နှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးအတွက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို လေးစားလိုက်နာရေးနှင့် ကလေးသူငယ်များအတွက် ကြီးလေးသော ချိုးဖောက်မှု (၆) ချက် (Six Grave Violations) ပပျောက်ရေးကို ဦးတည်၍ စီမံချက်ချမှတ် ဆောင်ရွက်ရန်။



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာ ဟီရိုတိုအိဇုမိအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအနေဖြင့် ပြည်သူများကရွေးချယ်သည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ် လျှောက်လှမ်းနေမှုအခြေအနေ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် အစိုးရနှင့်တပ်မတော်မှဆောင်ရွက်နေမှု အခြေအနေ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆောင်ရွက်နေမှုအခြေအနေ၊ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ပြဿနာများအား အစိုးရနှင့်တပ်မတော်မှ ဖြေရှင်းဆောင်ရွက်နေမှုများနှင့် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမှုအခြေအနေ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ဆက်ဆံမှုတိုးမြှင့်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်မှု လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ခင်ဇော်ကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။



**ညီလာခံသဘာပတိ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း နိဂုံးချုပ်အမှာစကား ပြောကြားစဉ်။**



**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးမှ အတည်ပြုထားသော သဘောတူညီချက် ၁၄ ချက်ကို တာဝန်ရှိသူများ လက်မှတ်ရေးထိုးကြစဉ်။**

❖ စာမျက်နှာ ၄ မှ

အဆိုပြုချက် လေးချက်၊ စီးပွားရေးကဏ္ဍ အဆိုပြုချက် တစ်ချက်၊ လူမှုရေးကဏ္ဍ အဆိုပြုချက် ခုနစ်ချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အဆိုပြုချက် နှစ်ချက် စုစုပေါင်း ၁၄ ချက်အပေါ် အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်သားအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ထောက်ခံတင်ပြပြီးဖြစ်သဖြင့် ကဏ္ဍအလိုက် အဆိုပြုချက်အခြေခံမူများအားလုံးကို တပေါင်းတစည်းတည်း အတည်ပြုကြောင်းကြေညာသည်။

**မှတ်တမ်းတင်ကြောင်း ကြေညာ**

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) မှ တင်သွင်းလာသော စာတမ်းများအား UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးမျိုးဝင်းက မှတ်တမ်းတင်နိုင်ရန် ညီလာခံသို့ အဆိုပြုတင်သွင်းရာ ဦးဆောင်သဘာပတိကမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးမှ အတည်ပြုထားသော သဘောတူညီချက် ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အစိုးရအစုအဖွဲ့ ကိုယ်စားလှယ် ဒေါက်တာတင်မျိုးဝင်း၊ လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ် ဦးအောင်စိုး၊ တပ်မတော်အစုအဖွဲ့ ကိုယ်စားလှယ် ဗိုလ်ချုပ်စန်းမြင့်၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ကိုယ်စားလှယ် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်နှင့် နိုင်ငံရေးပါတီအစုအဖွဲ့ကိုယ်စားလှယ် ဦးသုဝေတို့က လက်မှတ်ရေးထိုးကြသည်။

**လက်မှတ်ရေးထိုး**

ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၂) တွင် အသိသက်သေအဖြစ် အစိုးရအစုအဖွဲ့ တိုင်းရင်းသားကိုယ်စားလှယ် ဦးထုံဖူးဒဂုဏ်၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ တိုင်းရင်းသားကိုယ်စားလှယ် နန်းစေအွာ၊ နိုင်ငံရေးပါတီအစုအဖွဲ့ တိုင်းရင်းသားကိုယ်စားလှယ် တာမြင့်ကျော်၊ အစိုးရအစုအဖွဲ့ ပါဝင်သင့်ပါဝင်ထိုက်သူကိုယ်စားလှယ် ဦးကျော်ဝင်း၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ ပါဝင်သင့်ပါဝင်ထိုက်သူကိုယ်စားလှယ် ဦးလှကျော်အောင်နှင့် နိုင်ငံရေးပါတီအစုအဖွဲ့ ပါဝင်သင့်ပါဝင်ထိုက်သူ ကိုယ်စားလှယ် နန်းခမ်းအုံတို့က လက်မှတ်ရေးထိုးကြသည်။

**(သဘောတူညီချက် ၁၄ ချက်၊ အစုအဖွဲ့ကိုယ်စားလှယ်များ၏ လက်မှတ်များ၊ အသိသက်သေများ၏ လက်မှတ်များကို စာမျက်နှာ ၆/၇ တွင် ဖော်ပြထားပါသည်)**

ယင်းနောက်ဦးဆောင်သဘာပတိက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၏ သဘောထားထုတ်ပြန်ကြေညာချက်ကိုညီလာခံသို့ ဖတ်ကြားတင်ပြသည်။

**(ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၏ သဘောထားထုတ်ပြန်ကြေညာချက်ကို စာမျက်နှာ ၇ တွင် ဖော်ပြထားပါသည်)**

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကကျေးဇူးတင်စကားပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကျေးဇူးတင်စကားကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်)**

**အစိတ်အပိုင်း(၂)အဖြစ် ချုပ်ဆိုနိုင်ခဲ့**

ယင်းနောက် ညီလာခံသဘာပတိ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ကျင်းပနိုင်ခြင်းသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသော ပြည်ထောင်စု တည်ဆောက်ရေးနှင့် နောင်မျိုးဆက်လူငယ်များအတွက် ကောင်းမြတ်သည့်ငြိမ်းချမ်းရေးကို လက်ဆင့်ကမ်းနိုင်ရန်အတွက် အရွေ့တစ်ခုပင်ဖြစ်ပါကြောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် နိုင်ငံရေး ကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အသီးသီးတို့မှ အခြေခံမူဝါဒ ၃၇ ချက်ကို ညှိနှိုင်းဆွေးနွေး သဘောတူညီမှုရရှိခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၁)အဖြစ် ချုပ်ဆိုနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခု ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင်လည်း နိုင်ငံရေးကဏ္ဍမှ အခြေခံမူ လေးချက်၊ စီးပွားရေးကဏ္ဍမှ အခြေခံမူ တစ်ချက်၊ လူမှုရေးကဏ္ဍမှ အခြေခံမူ ခုနစ်ချက်နှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍမှ အခြေခံမူ နှစ်ချက် စုစုပေါင်း ၁၄ ချက်တို့ကို ညှိနှိုင်းဆွေးနွေးသဘောတူညီမှုရရှိနိုင်ခဲ့ပြီး ပြည်ထောင်စု သဘောတူစာချုပ်၏ အစိတ်အပိုင်း(၂)အဖြစ် ချုပ်ဆိုနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၌ ဖြစ်ပွားခဲ့ရသည့်၊ ဖြစ်ပွားနေဆဲဖြစ်သည့် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခြင်း၏ မူလအရင်းခံဇာစ်မြစ်ကိုလေ့လာကြည့်လျှင် ကိုလိုနီခေတ်ဗြိတိသျှလက်ထက်ကတည်းက ကျင့်သုံးခဲ့သည့် သွေးခွဲအုပ်ချုပ်မှု စနစ်ကြောင့်နှင့် နိုင်ငံရေး၊ အယူဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေးတို့ကို အခြေခံပြီး ပေါ်ပေါက်လာရသည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း။

တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်၏ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွင် ထဲထဲဝင်ဝင် ပူးပေါင်းပါဝင်ပြီးအပြုသဘောဆောင်သည့် ဆောင်ရွက်ချက်များ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု မပြိုကွဲရေးအတွက် ဆောင်ရွက်ချက်များကိုသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဆက်လက်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံများတွင်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာအခြေခံမူတွေကို ချမှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**အမြန်ဆုံးပါဝင်လက်မှတ်ရေးထိုးနိုင်ရေး**

တိုင်းပြည်၏အင်အားသည် ပြည်တွင်းမှာသာရှိပါကြောင်း၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို တစ်ကယ်ချစ်လျှင် နိုင်ငံ၏တိုးတက်မှုလမ်းကြောင်းတွင် အဟန့်အတားဖြစ်စေသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို အချိန်မဆိုင်းဘဲ ပယ်ရှားပစ်ရန် စိတ်ရင်းစေတနာမှန်နှင့် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကိုလည်း အမြန်ဆုံးပါဝင် လက်မှတ်ရေးထိုးနိုင်ရေး ကိုလည်း တိုက်တွန်းလိုပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ တတိယအစည်း အဝေးတွင် မိမိတို့အားလုံး၏ ကြိုးပမ်းဆွေးနွေးဆောင်ရွက်မှုများမှ ရရှိသည့် ရလဒ်ကောင်းများကို အနာဂတ်နိုင်ငံတော်အတွက်၊ အနာဂတ် မြန်မာ့မျိုးဆက်များအတွက် လေးလေးနက်နက်ခံယူပြီး စိတ်ရင်းစေတနာမှန်မှန်ဖြင့် အောင်မြင်ပြီးမြောက်အောင် စုပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ၂၀၂၀ ပြည့်နှစ်မှာ ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အစည်းအဝေးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးပြတ်စေရေး ဆက်လက်ဆောင်ရွက်သွားကြပါဟု အလေးထားတိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံတတိယ အစည်းအဝေးအောင်မြင်စွာပြီးမြောက်ကြောင်းကြေညာသည်။

**အချက်ပေါင်း ၅၁ ချက် ထည့်သွင်းနိုင်**

ယနေ့ကျင်းပပြီးစီးသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံတတိယ အစည်းအဝေးမှ သဘောတူညီချက် ၁၄ ချက်ကို ပြည်ထောင်စု သဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ယခင်ကျင်းပခဲ့သည့် ဒုတိယအစည်းအဝေးတွင် သဘောတူညီချက် ၃၇ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ပြည်ထောင်စုသဘောတူစာချုပ်တွင် အချက်ပေါင်း ၅၁ ချက် ထည့်သွင်းနိုင်ခဲ့ပြီဖြစ်သည်။

**သတင်းအဖွဲ့**

**❂ ကျောဖုံးမှ**

မြန်မာနိုင်ငံအစိုးရတို့အကြား ဘင်္ဂလားဒေ့ရှ်သို့ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုးပြီး ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများနှင့် ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အလားတူ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ Prof. Dr. Surakiart Sathirathai ဦးဆောင်သောအဖွဲ့တို့သည် ညနေ ၄ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ နှစ်ဖက်လူ့အဖွဲ့အစည်း သဟဇာတဖြစ်ရေးနှင့် အတူယှဉ်တွဲနေထိုင်နိုင်ရေး၊ ရေရှည်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ IDP စခန်းများ ပိတ်သိမ်းခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် NV ကတ်ပြားထုတ်ပေးခြင်းဆိုင်ရာ ဆောင်ရွက်မှုအခြေအနေတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌ Prof. Dr. Surakiart Sathirathai တို့ တွေ့ဆုံဆွေးနွေးစဉ်။**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဆွေးနွေးပွဲရလဒ်အပေါ် သဘောထားအမြင်များ

နေပြည်တော် ဇူလိုင် ၁၆

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဆဋ္ဌမမြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့သည်။ ယနေ့အစည်းအဝေးတွင် နိုင်ငံရေးကဏ္ဍ အခြေခံမူအဆိုပြုချက် ၄ ချက်၊ စီးပွားရေးကဏ္ဍ အခြေခံမူအဆိုပြုချက် ၁ ချက်၊ လူမှုရေးကဏ္ဍ အခြေခံမူအဆိုပြုချက် ၇ ချက်နှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူအဆိုပြုချက် ၂ ချက် စုစုပေါင်း ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း ၂ အဖြစ် လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့သည်။ အဆိုပါ သဘောတူညီချက်များနှင့် ဆွေးနွေးပွဲရလဒ်များအပေါ် ညီလာခံတက်ရောက်လာသူအချို့၏ သဘောထားအမြင်များကို တင်ပြလိုက်ရပါသည်-**



ဦးဆန်နီ



ဒေါ်ခင်စောဝေ



ဦးထွန်းနိုင်



ဒေါ်စောမြရာဇာလင်း

**ဦးဆန်နီ**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး**
**အထွေထွေအတွင်းရေးမှူး**

(၂၁) ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးနဲ့ တတိယအကြိမ် အစည်းအဝေးကြားမှာ တစ်နှစ်ကျော်ကြာခဲ့ပြီးတော့မှ ကျင်းပနိုင်တာဟာ ကောင်းတဲ့အလားအလာလို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်လက်သယ်ဆောင်နိုင်တယ်။ အားလုံးရဲ့ဆန္ဒတွေနဲ့ ညီလာခံကို ကောင်းကောင်းမွန်မွန်ဆက်သွားနိုင်ပါတယ်။ ဒီနေ့ရရှိလာတဲ့ သဘောတူညီချက်တွေ နည်းနေတဲ့အပေါ်မှာတော့ အားရကျေနပ်မှု မရှိသေးဘူး။ ဒါပေမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးက ဆက်သွားနေတယ်။ အားလုံးက ငြိမ်းချမ်းရေးကို လိုလိုလားလားနဲ့ ဆက်လက်လုပ်ဆောင်နေတဲ့အတွက်တော့ အားရကျေနပ်မှု ရှိပါတယ်။ ဒီညီလာခံကြီးကနေ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးမယ့် ပြည်ထောင်စုတစ်ရပ်ကို ဝိုင်းဝန်းတည်ဆောက်ကြမယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်ခင်စောဝေ**
**ရသေ့တောင်မြို့နယ်**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

အခု တတိယအကြိမ် အစည်းအဝေးမှာ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရေးကို အားပေးရန်ဆိုတဲ့ အချက်တစ်ချက်ကို ဆွေးနွေးသဘောတူညီချက်ရခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ သဘောတူညီချက်တွေ နည်းတဲ့အပေါ်မှာတော့ ဆန္ဒစောလို့ မရသေးပါဘူး။ တစ်ဆင့်ပြီးတစ်ဆင့် လာမှာပါ။ တိုင်းရင်းသားတွေဘက်ကတော့ ဆန္ဒစောပါတယ်။ ကျွန်မတို့ လိုချင်တာက ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပါ။ ဒါကို တိုင်းရင်းသားအားလုံးက လိုချင်တာပါ။ ခုထိတော့ အဲဒီအဆင့်ထိ မဆွေးနွေးရသေးပါဘူး။ ဒါပေမယ့် လာမယ့်နှစ်နှစ်အတွင်း ပြုလုပ်မယ့် အစည်းအဝေးတွေမှာ ဆက်လက်ကြိုးစားသွားရမှာပါ။ တိုင်းရင်းသားတွေမှာရော၊ နိုင်ငံရေးပါတီတွေမှာရော အမြင်မတူတာတွေရှိနေပေမယ့် တစ်ဦးနဲ့တစ်ဦး အမြင်ကြည်ကြည်လင်လင်နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်မှ အောင်မြင်မှုရှိလာမှာဖြစ်ပါတယ်။

**ဦးထွန်းနိုင်**

ဒီလို ပင်လုံညီလာခံကျင်းပလာရာမှာ တစ်ကြိမ်ထက်တစ်ကြိမ် တိုးတက်လာတာကို မြင်ရပါတယ်။ ငြိမ်းချမ်းရေးလည်း တစ်စတစ်စ နီးလာပါပြီ။ ဒါဟာ ကျွန်တော်တို့ ကောင်းတဲ့ အလားအလာပါ။ ကျွန်တော်က စီးပွားရေးကော်မတီအဖွဲ့မှာ UPDJC ရဲ့ လုပ်ငန်းကော်မတီအဖွဲ့မှာ ပါဝင်ပါတယ်။ သဘောတူညီခဲ့တဲ့အချက်တွေနဲ့ပတ်သက်ပြီး ပြောရရင်တော့ ဒါဟာ သဘာဝကျတယ်လို့ ကျွန်တော် ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေဟာ အားလုံးစိတ်ရှည်ရှည်နဲ့ ဆွေးနွေးပြီးတော့ အားလုံးရဲ့ သဘောတူညီမှုယူခဲ့တာပါ။ သဘောမတူတာတွေကို ထားခဲ့။ နောက်တစ်ကြိမ်မှ ဆွေးနွေးမယ်။ ဒီတစ်ကြိမ်မှာ ဆွေးနွေး၊ အားလုံးသဘောထားကို ယူပြီးတော့ Union Accord ဝင်သွားအောင် ကျွန်တော်တို့ လုပ်တာဟာ သဘာဝကျတယ်။ ကောင်းလည်း ကောင်းတယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။

ငြိမ်းချမ်းရေးဆိုတာ ကျွန်တော်တို့ တိုင်းပြည်အတွက် အင်မတန်မှ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ စီးပွားရေးလုပ်ကိုင်တဲ့နေရာမှာ ငြိမ်းချမ်းရေးရှိမှသာ ပိုမြန်ဆန်မယ်။ အောင်မြင်မယ်လို့ ယူဆပါတယ်။ ငြိမ်းချမ်းရေးဆိုတာ ကျွန်တော်တို့ ငြိမ်းချမ်းရေးကိုယ်စားလှယ်တွေအပြင် တိုင်းရင်းသားပြည်သူတွေဟာ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ အားလုံးမှာ တာဝန်ရှိတယ်။ အားလုံးဝိုင်းဝန်းကြိုးစားရင် လိုရာပန်းတိုင်ကို ရောက်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

**ဒေါ်စောမြရာဇာလင်း**

ကျွန်မတို့က အချက်တင်ပြနိုင်မှုမှာ ၁၄ ချက်ပဲ တင်နိုင်ခဲ့တယ်။ ဒီ ၁၄ ချက်ကို တင်ဖို့ရာအတွက် ကျွန်မတို့က မနည်းကို ကြိုးပမ်းခဲ့ရတယ်။ အစုအဖွဲ့တွေမှာလည်း ကြိုးစားခဲ့ရတယ်။ ကဏ္ဍအလိုက်မှာလည်း ကြိုးစားခဲ့ရတယ်။ ကျွန်မတို့ စီးပွားရေးကဏ္ဍမှာဆိုရင် တစ်ချက်လေးပဲ ရှိတယ်။ တစ်ချက်လေးကို ရလာဖို့ ကျွန်မတို့ ခုနစ်ပတ်တိတိကို ဆွေးနွေးခဲ့ရတယ်။ ဆွေးနွေးမှုဟာ အရင်ထက် အကြိတ်အနယ်ဖြစ်တယ်။ အကြိတ်အနယ်ဖြစ်သလို အကျေအလည်လည်း ဖြစ်တယ်။ ဒီလိုအကြိတ်အနယ်ဖြစ်ပေမယ့် ကျွန်မတို့ရဲ့ ရင်တွင်းခံစားချက်တွေကို ဖြေဆည်နိုင်ကြတယ်။ ဒါဟာ တိုးတက်မှုပဲ။ EAOs အတွင်းမှာလည်း အကြိတ်အနယ် ဆွေးနွေးရတယ်။ အဖွဲ့အစည်းတွေ အတွင်းမှာလည်း အကြိတ်အနယ် ဆွေးနွေးရတယ်။ ပြီးခဲ့တဲ့ညီလာခံတုန်းကဆိုရင် ကျွန်မတို့ အကျေအလည်မဖြစ်ဘူး။ ဒါပေမယ့် အခုညီလာခံက ရလာတဲ့ အချက်တွေကို ကျွန်မတို့ အကျေအလည်ဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် ဒီ ၁၄ ချက်ကို ဒီညီလာခံမှာ အတည်ပြုနိုင်ဖို့ ကျွန်မတို့ ဆုံးဖြတ်နိုင်ခဲ့ခြင်းဟာ အနာဂတ်ခရီးကို ရှေ့ကိုဆက်ဖို့အတွက် ညီလာခံရဲ့ကွင်းဆက်ဖြစ်တယ်။ ဒီလိုကွင်းဆက်မျိုးကို ကျွန်မတို့ သယ်သွားနိုင်ဖို့လိုတယ်။ အရင်ကဆိုရင် ဒီလောက် ပွင့်ပွင့်လင်းလင်းပြောနိုင်တဲ့ အနေအထား ကျွန်မတို့မှာ မရှိခဲ့ဘူး။ အခုကတော့ ဘာပဲဖြစ်ဖြစ် ကျွန်မတို့က တောင်းဆိုလာခဲ့တယ်။ ပြဿနာတွေကို စားပွဲဝိုင်းပေါ်မှာ ဆွေးနွေးရအောင် ကျွန်မတို့က တောင်းဆိုလာခဲ့တယ်။ စားပွဲဝိုင်းပေါ်ကို ရောက်လာခြင်းသည် ကျွန်မတို့ရဲ့ အောင်မြင်မှုတစ်ခုပဲ။

နောက်တစ်ခုက ဆုံးဖြတ်ချက်ချတဲ့ အဆင့်တိုင်းမှာ အမျိုးသမီးတွေ ပိုမိုပါဝင်လာဖို့ဆိုတာ နောက်ထပ်ခေါင်းစဉ်တစ်ခုပါ။ ဒါလည်း အောင်မြင်မှုပါပဲ။ ဒါကြောင့် ကျွန်မတို့ မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၇၀ ကျော်ကြာအောင် ပြောခွင့်ဆိုခွင့်မရှိဘဲ လုံးဝပိတ်ပင်ခဲ့တာဟာဆိုရင် ကျွန်မတို့နိုင်ငံအတွက် အမှောင်ကြီးကျနေခဲ့သလိုပဲ။ ဒီနေ့ ဒီအချိန်မှာတော့ ပြောနိုင်လာတဲ့အဆင့်ရှိတယ်။ ဆိုနိုင်လာတဲ့အဆင့်ရှိတယ်။ ဆွေးနွေးနိုင်ခွင့်ရှိတယ်။ ကျွန်မတို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဟာ ဒီလိုနေရာမျိုးတွေမှာ ပွင့်ပွင့်လင်းလင်း ပြောဆိုလာနိုင်ခြင်းဟာ တိုင်းရင်းသားတွေရဲ့ တောင်းဆိုချက်ဟာ အဆင့်တစ်ဆင့်ကို ရောက်လာပြီဆိုတာ ဘယ်သူမှ ငြင်းလို့ရမှာမဟုတ်ပါဘူး။ ဒါပေမယ့် မပြည့်စုံသေးပါဘူး။ နှစ်ပေါင်း ၇၀ ကျော်ဖြစ်လာတာကို ဒီသုံး၊ လေးနှစ်မှာ ဘယ်ပြီးနိုင်ဦးမလဲ။ ဒါကြောင့်မို့ လက်လျှော့လို့မရဘူး။ အားငယ်နေလို့မရဘူး။ ဒီညီလာခံမှာ ၁၄ ချက်ရတယ်ဆိုရင် နောက်လာမယ့် ညီလာခံမှာ အချက် ၂၀ ရမလား၊ ၃၀ ရမလား။ ဒါတွေကို ပေါင်းကြရမယ်။ တဖြည်းဖြည်း ပန်းဝင်ရတဲ့အဆင့်ကို ကျွန်မတို့ မငြီးငွေ့ဖို့ အရေးကြီးတယ်။

**တွေ့ဆုံမေးမြန်း - အေဝမ်းစိုး**
**ဓာတ်ပုံ - သက်ထွေး**

## အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၁၆**

ရန်ကုန်စီးပွားရေးတက္ကသိုလ် အသုံးချဘောဂဗေဒဌာနမှ တာဝန်ယူဖွင့်လှစ်သော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့သင်တန်းတွင် တက်ရောက်နေသော အချိန်ပြည့်/အချိန်ပိုင်း သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၇၆ ဦးတို့သည် အမျိုးသားလွှတ်တော်သို့ ဇူလိုင် ၁၆ ရက်တွင် လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၁၅၄၉၄ ဦးနှင့် ပြည်ပဧည့်သည် ၁၆၁၆ ဦးရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**❒ KBZ မှ**

ဇူလိုင် ၁၈ ရက်တွင် တက္ကသိုလ်အသင်းနှင့် YREO အသင်း၊ ဇူလိုင် ၁၉ ရက်တွင် မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ဇူလိုင် ၂၀ ရက်တွင် ဂန္ဓမာအသင်းနှင့် အား/ကာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲအားလုံးကို ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပွဲစဉ် (၉) အပြီးတွင် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့က ၂၅ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး မြဝတီအသင်းက ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ **သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

# တာဝန်သိတတ်မှုနှင့် စိတ်ထဲရှိသည့်အတိုင်း ဆုံးဖြတ်ချက်ချပြီး ဆောင်ရွက်ခဲ့ခြင်းကြောင့် အာဇာနည်တစ်ဦးဖြစ်လာသူ ရဲဘော်ကိုထွေး

သတင်းဆောင်းပါး - ဇော်ကြီး
ဓာတ်ပုံ - ဇော်မင်းလတ်

"ဗိုလ်ချုပ်တို့ရဲ့ အစည်းအဝေးခန်းဘက်မှာ စက်သေနတ်တွေနဲ့ ပစ်ခတ်နေတဲ့ အသံတွေကြားပေမယ့် သူ့မှာရှိတဲ့ တစ်ချက်ချင်းပစ်ရတဲ့ ခြောက်လုံးပြူးသေနတ်လေးနဲ့ ပြန်လည်ပစ်ခတ်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ သူသေမယ်ဆိုတာကိုလည်း သိတယ်၊ သို့သော်လည်း တစ်ချက်ရရင် တစ်ချက် ပြန်ပစ်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ သူ့ရဲ့ဆရာသမားတွေကို လေးစားတဲ့စိတ်နဲ့ ရန်သူကို ပြန်လည်တိုက်ခိုက်ဖို့ ကြိုးစားခဲ့တယ်၊ ဒါဟာ သူ့အတွက် အာဇာနည်ဖြစ်စေတဲ့အချက်တွေပါပဲ"ဟု ရဲဘော်ကိုထွေး၏ တူတော်စပ်သူ (ရဲဘော်ကိုထွေး၏ တတိယမြောက်အစ်ကိုဖြစ်သူ ဦးသာချို၏ ဒုတိယမြောက်သား) ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) အောင်ကိုကိုက ပြောသည်။

ဆက်လက်၍ ၎င်းက "ကျွန်တော့်ကို မွေးပြီး ခြောက်ရက်အကြာမှာ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့တယ်၊ ငယ်ငယ်တုန်းကတော့ ဒီဖြစ်စဉ်တွေကို သိပ်မသိပါဘူး၊ အရွယ်ရောက်လာတဲ့အခါကျမှ သိခဲ့ရတာပါ၊ သိတဲ့အခါမှာလည်း အင်မတန်မှ ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ခဲ့ရပါတယ်"ဟု ဆိုသည်။

ရဲဘော်ကိုထွေးသည် မန္တလေးမြို့ တောင်ပြင်သိပ္ပံရပ်တွင်နေထိုင်သူ ပင်စင်စား လယ်ယာစိုက်ပျိုးရေးဝန်ထောက် ဦးကိုကိုလေး၊ ကျောင်းဆရာမ ဒေါ်မင်းရီတို့၏ ဆဋ္ဌမမြောက်သား ဖြစ်သည်။ နဝမတန်းအထိ ပညာသင်ကြားခဲ့ပြီး အသက် ၁၈ နှစ်အရွယ်တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာနဝန်ကြီး ဦးရာဇတ်၏


ဦးအောင်ကိုကို

သက်တော်စောင့်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီးနောက် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရစဉ် မသမာသူတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရရှာသည်။

"ရဲဘော်ကိုထွေးက အာဇာနည်ပုဂ္ဂိုလ်ကိုးဦးထဲမှာ ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ၊ သူဟာ အာဇာနည်ကိုးဦးထဲမှာ အသက်အားဖြင့်လည်း ငယ်တယ်၊ ကိုးတန်းကျောင်းသားဘဝကနေ သက်တော်စောင့်ဖြစ်သွားတာပါ၊ သက်တော်စောင့်ဖြစ်တာ သုံး၊ လေးလပဲရှိပါသေးတယ်၊ ကျောင်းမှာနေတုန်းက ပြည်သူ့ရဲဘော်ဖြစ်ခဲ့ပါတယ်၊ ဒီအတွေ့အကြုံတော့ရှိပါတယ်၊ ဒါကြောင့် အသက်အရွယ်၊ ပညာအရည်အချင်းနဲ့ အတွေ့အကြုံနည်းပါးသော်လည်း အာဇာနည်ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့တာဟာ သူ့ရဲ့ ထူးခြားတဲ့အချက်တစ်ချက်ပဲဖြစ်ပါတယ်"ဟု ဦးအောင်ကိုကိုက ဆိုသည်။

ဆက်လက်၍ ၎င်းက "အာဇာနည်ပုဂ္ဂိုလ်ကိုးဦးထဲမှာ ကျန်တဲ့ရှစ်ဦးကို လူသတ်သမားတွေကလာပြီးတော့ အစည်းအဝေးခန်းမထဲမှာ ပစ်ခတ်သတ်ဖြတ်သွားတယ်၊ ကျဆုံးသွားတဲ့ ရှစ်ဦးလုံးဟာ မသမာသူတွေရဲ့လာရောက်သတ်ဖြတ်ခြင်းကို ခံလိုက်ရတာပါ၊ သို့သော်လည်း ရဲဘော်ကိုထွေးက အဲဒီလို မဟုတ်ပါဘူး၊ လူသတ်သမားတွေ ဆင်းလာမယ့် လှေကားထိပ်က ဦးရာဇတ် အခန်းကနေ ထွက်လာပြီးတော့ ပစ်ခတ်ဖို့ ကြိုးစားတယ်၊ သူ့မှာလည်း ပွိုင့် ၃၂ ခြောက်လုံးပြူးလေးတစ်လက်ပဲရှိတယ်၊ သူပစ်လိုက်ရင် သေချာပေါက် သူသေမယ်ဆိုတာ သိပေမယ့် ရဲရဲဝံ့ဝံ့နဲ့ ထွက်ပြီးတော့ ပစ်ခတ်ဖို့ ကြိုးစားရင်းနဲ့ သူတစ်ချက်မှ မပစ်လိုက်ရဘဲ ကျဆုံးခဲ့ရတာပါ" ဟု ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ အစည်းအဝေးလုပ်နေချိန်တွင် ရဲဘော်ကိုထွေးမှာ ဗိုလ်ချုပ်အောင်ဆန်း၏အခန်းနှင့် မျက်စောင်းထိုး မလှမ်းမကမ်းတွင်ရှိသည့် ဝန်ကြီးဦးရာဇတ်၏အခန်းထဲတွင် တစ်ယောက်တည်းရှိနေကြောင်း၊ ဗိုလ်ချုပ်၏ ဘေးအခန်းတွင်လည်း အပါးတော်မြဲဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) နှင့် ဗိုလ်သန်းဝင်း (အင်္ဂလိပ်ဗိုလ်ချုပ်ကြီး၏ သက်တော်စောင့်) တို့ရှိနေကြောင်း၊ မသမာသူများ ရောက်ရှိလာပြီး


၁၉၉၅ ခုနှစ် အာဇာနည်နေ့အခမ်းအနားတွင် ရဲဘော်ကိုထွေး၏ အစ်ကို ဦးသာချိုနှင့် မိသားစုဝင်များ ပန်းခွေချစဉ်။

ပစ်ခတ်သတ်ဖြတ်ချိန်တွင် ၎င်းတို့နှစ်ဦးမှာလည်း အခွင့်မသာ၍ ထွက်ခွင့်မရသည့် အခြေအနေဖြစ်နိုင်ကြောင်း ဦးအောင်ကိုကိုက ဆိုသည်။

"ဗိုလ်သန်းဝင်း ဆင်းပြေးတဲ့အချိန်မှာတော့ သေနတ်သမားလေးဦးနဲ့ လမ်းမှာဆုံတယ်၊ သေနတ်သမားတွေက သူ့ကို ဟိတ် မပြေးနဲ့လို့ပြောတော့ သူက ငြိမ်နေလိုက်တဲ့အတွက် ဘာမှလုပ်မသွားဘူး၊ အဲဒီလိုပဲ သတင်းထောက်မောင်သန်းက လှေကားပေါ်က ဆင်းပြေးမယ်လုပ်တုန်း သူတို့လေးယောက်က တွေ့သွားတဲ့အချိန်မှာလည်း မပြေးနဲ့ဆိုလို့ သူကလည်း ဝပ်နေလိုက်တယ်၊ သူတို့ကို ဘာမှ မလုပ်သွားပါဘူး၊ ပြောချင်တာကတော့ လူသတ်သမားတွေဟာ ဗိုလ်ချုပ်ကို ပစ်မှတ်ထားပြီးတော့ လာကြတယ်၊ အခန်းထဲမှာရှိတဲ့သူတွေကို လုပ်ကြံတယ်၊ ဘေးမှာရှိတဲ့သူတွေကို သူတို့စိတ်မဝင်စားဘူး၊ ဗိုလ်ထွန်းလှတို့ကိုလည်း စိတ်မဝင်စားဘူး၊ လမ်းမှာတွေ့တဲ့သူတွေကိုလည်း စိတ်မဝင်စားဘူး၊ ဒါပေမယ့် ကိုထွေး ထွက်ပြီး ပစ်ဖို့ ကြိုးစားခဲ့ချိန်မှာ သူကံဆိုးသွားတာက သူထွက်တဲ့ တံခါးက ဆင်နားရွက်တံခါးဖြစ်တဲ့အတွက် တံခါးက အသံမြည်သွားတာကြောင့် သူတစ်ချက်မှ မပစ်လိုက်ရဘဲ ကျဆုံးသွားရတာပါ"ဟု ဦးအောင်ကိုကိုက ရဲဘော်ကိုထွေး ကျဆုံးခဲ့မှုနှင့်ပတ်သက်၍ ပြောပြသည်။

ရဲဘော်ကိုထွေး ကျဆုံးခဲ့ရပုံမှာလည်း ကြေကွဲဝမ်းနည်းဖွယ်ရာကောင်းလှသည်။ အာဇာနည်ခေါင်းဆောင်ကြီးများအား မသမာသူလူတစ်စုက အစည်းအဝေးခန်းမကြီးအတွင်း ဝင်ရောက်လုပ်ကြံပြီးနောက် ပြန်အထွက် လုပ်ကြံမှုတွင် ပါဝင်သူတစ်ဦး(ရန်ကြီးအောင်)က စတင်းဂန်းဖြင့် ပစ်လိုက်သည့်အတွက် ဝမ်းဗိုက်တွင် သေနတ်ဒဏ်ရာ လေးချက်ထိမှန်ခဲ့ပြီး ရဲဘော်ကိုထွေးမှာ ချက်ချင်းသေဆုံးခြင်းမရှိသော်လည်း ယင်းနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ဆေးရုံ၌ သေဆုံးခဲ့ရရှာသည်။

ရဲဘော်ကိုထွေးသည် ငယ်ရွယ်စဉ်ကတည်းက စစ်တိုက်ကစားမှုကို ဝါသနာပါသူဖြစ်သည့်အပြင် နယ်ချဲ့အင်္ဂလိပ်ကို မုန်းတီးသူတစ်ဦးဖြစ်ကြောင်း၊ စိတ်ဓာတ်နူးညံ့သော်လည်း မျိုးချစ်စိတ်ပြင်းထန်သူဖြစ်ကြောင်း၊ ရေကူးခြင်းနှင့် မွေးမြူရေးလုပ်ခြင်းတို့ကို ဝါသနာပါသူဖြစ်ပြီး သနားကြင်နာတတ်သူတစ်ဦးဖြစ်ကြောင်း၊ ငယ်ရွယ်စဉ်ကပင် နယ်ချဲ့အင်္ဂလိပ်ကိုတွေ့လျှင် ခဲနှင့်ပေါက်မည်ဆိုသည်အထိပင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ခဲ့သူတစ်ဦးဖြစ်ကြောင်း၊ ဦးရာဇတ်၏ တပည့်တစ်ဦးအဖြစ် ၎င်း၏ဖခင်ကိုယ်တိုင် ဆရာကြီးဦးရာဇတ်ထံ အပ်နှံခဲ့ကြောင်း သိရသည်။

"ဇူလိုင်လ ၁၉ ရက်နေ့မနက်ပိုင်းမှာ ကိုထွေးနဲ့ ဦးရာဇတ်တို့ရုံးကို ရောက်တယ်၊ အပါးတော်မြဲ ဦးချစ်ဆွေက ရုံးခန်းထဲမှာရှိနေတယ်၊ သူတို့ရုံးခန်းထဲမှာ ဆုံကြပြီး ဗိုလ်ချုပ်ရဲ့အစည်းအဝေးကို ဆရာကြီး ဦးရာဇတ်သွားတယ်၊ ကိုထွေးနဲ့ ဦးချစ်ဆွေက အခန်းထဲမှာ ကျန်နေတဲ့အခါမှာ သူ့ကို ဦးချစ်ဆွေက ရဲအုပ်ဝတ်စုံနဲ့ ခြောက်လုံးပြူး သွားထုတ်ဖို့ပြောတယ်၊ ရဲဘော်ကိုထွေး အဲဒီအချိန် ဝတ်ထားတာက ပြည်သူ့ရဲဘော်ဝတ်စုံ၊ ပြည်သူ့ရဲဘော် ဦးထုပ်ဆောင်းထားတာပါ၊ သူကိုင်နေတာက ဒသမ ၃၂ ခြောက်လုံးပြူးပါ၊ သူ တရားဝင်ရမှာကတော့ ရဲအုပ်နှစ်ပွင့်ဝတ်စုံနဲ့ ပွိုင့် ၃၈ ခြောက်လုံးပြူးကို သွားထုတ်ခိုင်းတာပါ၊ ဒါပေမယ့် ကိုထွေးက ဆရာကြီး အစည်းအဝေးလုပ်နေတုန်းမှာ ခိုင်းစရာရှိရင် ချက်ချင်းလုပ်လို့ရအောင် ကျွန်တော် မသွားသေးဘူးလို့ ပြောတယ်၊ ဒါတွေကို ဦးချစ်ဆွေကိုယ်တိုင် ပြန်ရေးခဲ့တာတွေရှိတယ်"ဟု ဦးအောင်ကိုကိုက ရဲဘော်ကိုထွေး ကျဆုံးခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်ပြောပြသည်။

"ဆရာကြီးရဲ့မိသားစုဝင်တွေရေးခဲ့တဲ့ စာတွေလည်း ရှိပါတယ်၊ ဒါကြောင့် ကိုထွေးဟာ တာဝန်သိတတ်တဲ့သူလို့ ကောက်ချက်ချလို့ရပါတယ်၊ ဦးချစ်ဆွေခိုင်းတာကို ကိုထွေးက တာဝန်ကျေပွန်ချင်တဲ့စိတ်နဲ့ မသွားခဲ့ပါဘူး၊ ခဏအကြာမှာ ဆရာကြီး ဦးရာဇတ်ဟာ အစည်းအဝေးခန်းထဲက ပြန်ထွက်လာပြီး ညနေကျရင် မြို့မကျောင်းမှာလုပ်မယ့် အထက်ဗမာပြည်နဲ့ အောက်ဗမာပြည် လက်ဝှေ့ပွဲကို ဗိုလ်ချုပ်လာအားပေးမယ်လို့ ပြောတယ်၊ ဘငြိမ်းတစ်ယောက်ပဲ လူကြီးရှိတယ်၊ ကျန်တဲ့သူတွေက လူငယ်တွေဖြစ်တဲ့အတွက် ချစ်ဆွေ မင်းသွားပြီးတော့ လိုအပ်တာလေးတွေ စီစဉ်ပေးလိုက်လို့ ပြောတယ်၊ အဲဒါကြောင့် ဦးချစ်ဆွေက လက်ဝှေ့ပွဲကျင်းပမယ့် မြို့မကျောင်းကို ထွက်သွားတယ်၊ ကိုထွေးတစ်ယောက်ပဲ သတင်းစာဖတ်ပြီးတော့ အခန်းထဲမှာ ကျန်ခဲ့တယ်၊ အဲဒီလို သတင်းစာဖတ်ပြီးတော့ ကျန်ခဲ့တဲ့အချိန်မှာ ဗိုလ်ချုပ်တို့လုပ်ကြံခံခဲ့ရတာပါ"ဟု ပြောသည်။

ရဲဘော်ကိုထွေးနှင့်ပတ်သက်၍ လူသိနည်းသည့် အချက်များမှာ ရဲဘော်ကိုထွေးသည် သက်တော်စောင့်ဖြစ်သော်လည်း တပ်ထဲမှ ရဲဘော်မဟုတ်ကြောင်း၊ ဆရာကြီးဦးရာဇတ်၏ မန္တလေးမြို့ရှိ ဗဟိုအမျိုးသား အထက်တန်းကျောင်းတွင် ပညာသင်ကြားနေစဉ် ပြည်သူ့ရဲဘော် အဖွဲ့ဝင်တစ်ယောက်အဖြစ် စစ်ပညာများကို သင်ကြားခဲ့ကာ နိုင်ငံရေးတွင် တက်ကြွသူတစ်ဦးဖြစ်ကြောင်း၊ ၎င်းကျဆုံးချိန်တွင် နှစ်ပွင့်အဆင့်ရှိ နေပြည်တော်ရဲအုပ်ရာထူး ရရှိထားသူဖြစ်သော်လည်း ပုလိပ်မင်းကြီးရုံး၌ ရဲအုပ်ဝတ်စုံနှင့် ဒသမ ၃၈ ခြောက်လုံးပြူးကို သွားရောက်မထုတ်ယူမီ ကျဆုံးခဲ့ခြင်းဖြစ်ကြောင်း ဦးအောင်ကိုကို ပြောပြချက်များအရ သိရသည်။

"ရဲဘော်ကိုထွေးက ဦးရာဇတ်ရဲ့ သက်တော်စောင့်ဖြစ်တဲ့အချိန် သူ့အစ်မ ဒေါ်ကြည်ကြည်ကလေးရဲ့ အိမ် (၁၁ လမ်း အောက်ဘလောက် အမှတ် ၇၂) မှာ အဓိကနေထိုင်ပြီး တာဝန်ထမ်းဆောင်ခဲ့ရတာပါ၊ ကျန်တဲ့မောင်နှမတွေနဲ့ မိဘတွေကတော့ မန္တလေးမှာနေပါတယ်၊ လုပ်ကြံခံရတဲ့ သတင်းကိုကြားတော့ အစ်ကိုကြီး (ဦးအောင်သန်းစိန်) ဖြစ်သူနဲ့ အဲဒီအစ်မရဲ့ယောက်ျား (ဦးစောဖေ)က ဆေးရုံကိုသွားကြတယ်၊ ဆေးရုံရောက်တော့ သူတို့ကိုကြည့်ပြီး ရဲဘော်ကိုထွေးက ပြုံးပြတယ်၊ အဲဒီအချိန်မှာ ဆရာကြီး ဘယ်မှာလဲဆိုပြီး ဆရာကြီးအကြောင်းကိုမေးသေးတယ်၊ သူဟာ ဒဏ်ရာရထားပေမယ့် ညည်းညူမနေဘူး၊ သူ့တာဝန်ကိုသူ ကျေနပ်နေပုံရတယ်လို့ သိခဲ့ရပါတယ်"ဟု ၎င်းက ပြန်လည်ပြောပြသည်။

အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးပြီးနောက် အစိုးရအနေဖြင့် အာဇာနည်မိသားစုဝင်များအား စားဝတ်နေရေး အဆင်ပြေစေရန်အတွက် သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများချပေးခြင်း၊ BOC ရေနံကုမ္ပဏီကလည်း ဓာတ်ဆီအရောင်းဆိုင် တစ်ဆိုင်စီဖွင့်လှစ်ပေးခြင်းများ ပြုလုပ်ပေးခဲ့သော်လည်း ရဲဘော်ကိုထွေး၏ မိသားစုဝင်များအနေဖြင့် အာဇာနည်များ ကျဆုံးပြီးချိန်တွင် ပြည်သူလူထုက စုပေါင်းလှူဒါန်းထားသည့် ဗိုလ်ချုပ်ရန်ပုံငွေထဲမှ ပေးသည့် ထောက်ပံ့ကြေးငွေကျပ် ငါးထောင်ရရှိခဲ့သည်ဟု သိရှိရကြောင်း၊ ထပ်မံ၍လည်း အစိုးရထံမှ လစဉ်ထောက်ပံ့ငွေကျပ်သုံးရာ ရရှိခဲ့သော်လည်း ယင်းလစဉ်ထောက်ပံ့ငွေများကို ၎င်း၏မိဘများအနေဖြင့် နိုင်ငံထူထောင်ရေးလုပ်ငန်းများအတွက် ထည့်ဝင်လှူဒါန်းလိုက်ကြောင်း၊ ထို့အပြင် ဘိုကလေးဈေး၌ ဆိုင်ခန်းတစ်ခန်းရရှိခဲ့သော်လည်း မိဘများအနေဖြင့် သားဖြစ်သူနှင့် ပတ်သက်၍ ရရှိမှုဖြစ်ခြင်းကြောင့် လက်ခံခဲ့ခြင်းမရှိကြောင်း ဦးအောင်ကိုကို၏ ပြောကြားချက်အရ သိရသည်။

အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ရရှာသည့် အတွင်းဝန်များရုံးနှင့်ပတ်သက်၍လည်း ၎င်းက "၂၀၁၆ ခုနှစ်တုန်းက အတွင်းဝန်ရုံးကို အာဇာနည်တွေနဲ့ပတ်သက်တဲ့ ပြခန်းလုပ်မယ်ဆိုပြီး အာဇာနည်မိသားစုဝင်တွေကို ခေါ်ပြတယ်၊ အဲဒီတုန်းက အတွင်းဝန်ရုံးကို စတင်ပြီး ပြင်နေပါပြီ၊ ၂၀၁၇ ခုနှစ်လောက်ဆိုရင်တော့ ပြီးပြီလို့ စိတ်ထဲမှာ ထင်ထားတယ်၊ ပြီးခဲ့တဲ့နှစ်တုန်းက အတွင်းဝန်ရုံးကိုရောက်တော့ ဗိုလ်ထွန်းလှအခန်းနဲ့ ဗိုလ်ချုပ်အခန်းကူးတဲ့ **စာမျက်နှာ ၁၁ သို့**



## ရဲဘော် ကိုထွေး

**(၃ မတ် ၁၉၂၉ - ၁၉ ဇူလိုင် ၁၉၄၇)**

မန္တလေးမြို့ တောင်ပြင်သိပ္ပံရပ် ပင်စင်စား လယ်ယာစိုက်ပျိုးရေးဝန်ထောက် ဦးကိုကိုလေး၊ ဒေါ်မင်းရီတို့၏ ဆဋ္ဌမမြောက်သားဖြစ်သည်။ ၁၉၂၉ ခုနှစ် မတ်လ ၃ ရက် တနင်္ဂနွေနေ့တွင် မွေးဖွားသည်။

နဝမတန်းအထိ ပညာသင်ကြားခဲ့သည်။ အသက် ၁၈ နှစ်အရွယ်တွင် ပညာရေးဝန်ကြီး ဦးရာဇတ်၏ သက်တော်စောင့်အဖြစ် ခန့်အပ်ခြင်းခံရသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံသော မသမာသူတို့၏ လက်ချက်ဖြင့်ပင် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။

# မျက်ရည်ဖြိုင်လို့ ဘဝင်ညှိုး

**ဆောမျိုးနွယ်**

မူလတန်းအရွယ်တွင် သင်ကြားကျက်မှတ်ခဲ့ဖူးသည့် "တို့ဗိုလ်ချုပ်"ဆိုသည့် ကဗျာကို သတိရနေမိသည်။ ထိုကဗျာထဲတွင် ဗိုလ်ချုပ်ကျဆုံးခဲ့သည့်ရက်ကို "မျက်ရည်ဖြိုင်လို့ ဘဝင်ညှိုး ဇူလိုင်တစ်ဆယ့်ကိုး" ဟု ရေးစပ်ထားလေသည်။ ထိုနေ့က တစ်နိုင်ငံလုံး ယူကျုံးမရ အပူလုံးကြွကာ ပူဆွေးဆူပွက်နေခဲ့ကြသည်။ လူသတ်ကောင်တို့ကို အမှုန့်ချေပစ်ချင်လောက်အောင် ဒေါသထွက်နေခဲ့ကြသည်ဟု ဆိုပါသည်။ ဗိုလ်ချုပ်တို့ကို ဆုံးရှုံးလိုက်ရသည့်သောက၊ လုပ်ကြံသူတို့ကို လက်စားချေလိုသည့်ဒေါသတို့အပေါ် မူတည်၍ ဖြစ်ပေါ်လာခဲ့သည့် လူထု၏စိတ်ခံစားမှုတုံ့ပြန်ချက်များပင် ဖြစ်ပေမည်။

ထိုနေ့ကိုမူတည်၍ ရေတွက်လျှင် နှစ်အားဖြင့် ၇၁ နှစ်တိုင်ခဲ့ပေပြီ။ အထူးသဖြင့် နှစ်စဉ် ထိုနေ့ရောက်ခါနီးတိုင်း၊ ထိုနေ့ရောက်တိုင်း ဗိုလ်ချုပ်နှင့် ကျဆုံးခဲ့ကြသည့် အာဇာနည်တို့ကို သတိရကြသည်။ ဂုဏ်ပြုကြသည်။ ထိုနေ့တွင် ဖြစ်ပျက်ခဲ့သမျှတို့ကို ရေးသားခြင်း၊ ဟောပြောခြင်းတို့ဖြင့် မျိုးဆက်သစ်တို့ကို လက်ဆင့်ကမ်းကြသည်။

ဤသို့ပြုကြခြင်း၏ အဓိကရည်ရွယ်ချက်မှာ အာဇာနည်တို့၏စိတ်ဓာတ်နှင့် တိုင်းကျိုးပြည်ပြု ဆောင်ရွက်မှုများကို ဂုဏ်ယူလေးစား အတုယူနိုင်ကြစေရန်နှင့် အဖျက်သမားများနှင့် အဖျက်လုပ်ရပ်တို့ကို ဆန့်ကျင်ရှုတ်ချ အတုယူမမှားကြစေရန်တို့ ဖြစ်ပေသည်။

### ဘယ်သူတွေက မျက်ရည်ဖြိုင်

လုပ်ကြံသူများ၏လက်ချက်ဖြင့် ဗိုလ်ချုပ်နှင့် အပေါင်းအပါတို့ ကျဆုံးခဲ့ရသည်။ ထိုသို့ကျဆုံးခြင်းကြောင့် ဘယ်သူတွေ မျက်ရည်ဖြိုင်ခဲ့ကြရပါသနည်း။ လုပ်ကြံခံရသည့်အချိန်ကိုမူတည်၍ပြောရမည်ဆိုလျှင် ကျဆုံးခဲ့ကြသူတို့၏ မိဘဆွေမျိုးရင်းချာများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ယုံကြည်လေးစား ချစ်ခင်ကြသည့် တိုင်းသူပြည်သားအပေါင်းတို့ မျက်ရည်ဖြိုင်ခဲ့ကြရသည်ဟု အကြမ်းဖျင်းပြောနိုင်ပါသည်။ အမှန်အားဖြင့် ထိုမျှမက မျက်ရည်ဖြိုင်ခဲ့ကြရပေသည်။ သို့ရာတွင် မျက်ရည်ချင်းတော့ မတူနိုင်ပါပေ။

### ထူးဆန်းသည့် ၉ ဂဏန်း

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်ဦးဆောင်၍ ကက်ဘိနက်အစည်းအဝေး ကျင်းပနေသည်။ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန အတွင်းဝန် ဦးအုန်းမောင်တင်ပြနေစဉ် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အစည်းအဝေးခန်းအတွင်းသို့ သေနတ်သမားလေးဦး ဝင်ရောက်လာပြီး အတွဲလိုက် မွှေ့ယမ်းပစ်ခတ်ကြလေသည်။

ပစ်ခတ်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်း ၃၂ နှစ်၊ သခင်မြ ၄၉ နှစ်၊ ဦးရာဇတ် ၄၉ နှစ်၊ ဦးဘဝင်း ၄၆ နှစ်၊ မန်းဘခိုင် ၄၃ နှစ်နှင့် ဦးအုန်းမောင် ၃၄ နှစ်တို့ ခြောက်ဦးမှာ နေရာတွင်ပင် ကျဆုံးခဲ့ကြပါသည်။ ဒီးဒုတ် ဦးဘချို ၅၄ နှစ်နှင့် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း ၄၀ နှစ်တို့ နှစ်ဦးမှာ သေနတ်ဒဏ်ရာများဖြင့် ရန်ကုန်ဆေးရုံကြီး၌ ကုသမှုခံယူစဉ် ကျဆုံးခဲ့ကြရပါသည်။ ဦးရာဇတ်၏သက်တော်စောင့် ရဲဘော်ကိုထွေး ၁၈ နှစ်မှာ သေနတ်သမားတို့၏ အစည်းအဝေးခန်းမှ ပြန်အထွက်တွင် ပစ်ခတ်ခံရသဖြင့် အတွင်းဝန်များရုံး အပေါ်ထပ်စင်္ကြံတွင် ကျဆုံးခဲ့လေသည်။ သေနတ်သမားတို့၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဗိုလ်ချုပ်အပါအဝင် အာဇာနည်ကိုးဦး ကျဆုံးခဲ့ရရှာလေသည်။

ထိုနေ့က လုပ်ကြံမှုအတွက် ဦးစောအိမ်မှ အတွင်းဝန်များရုံးသို့ ထွက်ခွာခဲ့ကြသူများမှာ ထရပ်ကားဖြင့် ခင်မောင်ရင်၊ ဘညွန့်၊ မောင်နီ၊ မှုန်ကြီးတို့ လေးဦးနှင့် ဂျစ်ကားဖြင့် မောင်စိုး၊ သက်နှင်း၊ စိန်ကြီး၊ ရန်ကြီးအောင်၊ သုခတို့ ငါးဦးဖြစ်၍ စုစုပေါင်း ကိုးဦးဖြစ်ကြောင်း တွေ့ရပါသည်။

ထို့အပြင် လုပ်ကြံမှုကြီးအတွက် တရားဆိုင်ကြရာတွင် လုပ်ကြံမှုခေါင်းဆောင် ဦးစော၊ လူသတ်မှုကျူးလွန်သူ မောင်စိုး၊ သက်နှင်း၊ စိန်ကြီး၊ ရန်ကြီးအောင်၊ ကြံရာပါများဖြစ်ကြသည့် ခင်မောင်ရင်၊ မောင်နီ၊ မှုန်ကြီးနှင့် သုခတို့ ကိုးဦးမှာ တရားခံများဖြစ်ကြပေသည်။ ထိုတရားခံ ကိုးဦးစလုံးကို အထူးတရားခုံရုံးက ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့လေသည်။

ထိုအမှုကြီးကို ကျူးလွန်ခဲ့ကြချိန်နှင့် ပြစ်ဒဏ်ချမှတ်ချိန်တို့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီဖြစ်၍ ဗြိတိသျှအစိုးရလက်ထက် တရားစီရင်ရေးကာလတွင်ဖြစ်ခဲ့ပေသည်။ သေဒဏ်နှင့်ပတ်သက်၍ လွတ်လပ်ရေးရပြီးချိန်တွင် မြန်မာနိုင်ငံ၏ပထမဆုံးသမ္မတ စဝ်ရွှေသိုက်ထံ အသနားခံစာတင်ကြရာ သုခ (လူသတ်သမားတို့ကိုတင်ဆောင်သည့် ဂျစ်ကားကို မောင်းရသူ)၊ ခင်မောင်ရင် (ကြိုတင်သတင်းထောက်လှမ်းရသူ)နှင့် မောင်နီ (လူသတ်သမားတို့ အလွယ်တကူပြန်ထွက်နိုင်အောင် လမ်းရှင်းပေးရသူ)တို့ သုံးဦးကို ထောင်ဒဏ် တစ်သက်တစ်ကျွန်းပြစ်ဒဏ်သို့ လျှော့ပေးခဲ့ပါသည်။ ကျန်ခြောက်ဦးမှာ ၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့တွင် ကြိုးပေးကွပ်မျက်ခြင်းခံကြရပါသည်။

ဤအချက်များကို ကြည့်ခြင်းအားဖြင့် ကျဆုံးသူ ကိုးဦး၊ လုပ်ကြံမှုတွင် ကိုယ်တိုင် ပါဝင်ခဲ့သူ ကိုးဦး၊ တရားခံ ကိုးဦး၊ သေဒဏ်အပြစ်ပေးခံရသူ ကိုးဦးဖြစ်ကြောင်း ထူးဆန်းစွာ တွေ့ရပေသည်။ လုပ်ကြံမှုတွင် ကိုယ်တိုင်ပါဝင်ခဲ့သူ ဘညွန့်မှာ အစိုးရသက်သေဖော်ကောင်အဖြစ်ခံယူခဲ့သဖြင့် တရားခံစာရင်းတွင် မပါဝင်ခဲ့သော်လည်း အလုပ်ကြမ်းနှင့် ထောင်ဒဏ် ဆယ်နှစ်ခြောက်လ ကျခံခဲ့ရပါသည်။ အသနားခံစာကြောင့် သေဒဏ် ကိုးဦးမှ သုံးဦးသက်သာခွင့်ရခဲ့လေသည်။

### အဓိကတရားခံ

လုပ်ကြံမှုကြောင့် အာဇာနည်ကိုးဦး ကျဆုံးခဲ့ကြသည်။ ကျဆုံးခဲ့ကြ၍ မျက်ရည်ဖြိုင်ခဲ့ကြရသည်။ တစ်ဖက်တွင်လည်း လုပ်ကြံမှုကြောင့် ပြစ်ဒဏ်ခံကြရသည်။ ပြစ်ဒဏ်အရ သေဆုံးကြရသည်။ ထိုသေဆုံးမှုတို့ကြောင့် သက်ဆိုင်သူတို့ မျက်ရည်ဖြိုင်ခဲ့ကြရမည်မှာလည်း မလွဲပေ။

လုပ်ကြံမှုကြီးကို ကြံစည်ခဲ့သူ ဦးစော၏ ကြိုးစင်သို့မတက်မီ နောက်ဆုံးလက်ကျန်အချိန်လေးတွင် သမီးဖြစ်သူ ၁၃ နှစ်အရွယ် တစ်ဦးတည်းသောသမီးလေး မေသန်းစော(ဘေဘီစော)ထံပေးခဲ့သည့်စာတွင် "ဒေါသနှင့် အာဃာတတရားသည် ကောင်းကျိုးကိုမပေးဘဲ ဆိုးကျိုးကိုသာပေးသည်။ သူသည် ဒေါသမီးကိုရင်ဝယ်ပိုက်ပြီး အာဃာတတရားကြီးမားလွန်းခဲ့သဖြင့် သူ၏ဘဝကို တိုတိုနှင့်ပိုင်းကာ ဇာတ်သိမ်းဆိုးခဲ့ရသည်။ အကယ်၍ ဒေါသမီးကို ရင်ဝယ်မပိုက်ဘဲ ငြိမ်းသတ်နိုင်ခဲ့ပြီး အာဃာတတရားကိုလည်း ဖျောက်ဖျက်ပစ်နိုင်မည်ဆိုပါလျှင် ယခုလိုအသက်ငယ်ငယ်နှင့် ဘဝကို တိုတိုပိုင်းရမည်မဟုတ်ပေ။ သူမြတ်နိုးသောဇနီး၊ သူချစ်သောသမီးတို့နှင့်လည်း အိုအောင်မင်းအောင်နေထိုင်ရပြီး တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်မည်ဖြစ်သည်။ ယခုမူကား လွန်ခဲ့လေပြီ၊ ပြီးခဲ့လေပြီ။ သို့တစေလည်း ဖခင်ဖြစ်သူ မိမိ၏အမှားမျိုးကို သမီးဖြစ်သူ မကြုံမတွေ့ရလေအောင် ဖခင်၏ဘဝသင်ခန်းစာကို ယူ၍ ဒေါသမီးရင်ဝယ်မပိုက်ထွေးဘဲ ငြိမ်းသတ်ပစ်ပါ။ မည်သူ့အပေါ်မှရန်ငြိုးဖွဲ့ ရန်ငြိုးမထားဘဲ အာဃာတတရားဖျောက်ဖျက်ပစ်ပါလေ. . . . ချစ်သမီး"ဟု ရေးသားထားခဲ့ကြောင်း သိရပေသည်။

### သံဝေဂရစရာ

ဤစာပါဖော်ပြချက်တို့သည် ကျူးလွန်ခဲ့သည့်ပြစ်မှုအတွက် ဝန်ခံချက်အဖြစ်တွေ့ရပေသည်။ ထို့အပြင် ထိုပြစ်မှု၏ တရားခံအစစ်အမှန်မှာ လောဘ၊ ဒေါသ၊ မောဟတရားများကြောင့် ဖြစ်ပေါ်လာသည့် အာဃာတတရားပင်ဖြစ်ကြောင်း ဖော်ထုတ်ထားခဲ့သည်။ ကျူးလွန်ခဲ့သည့်အပြစ်အတွက် နောင်တကြီးစွာရမိကြောင်းလည်း ပေါ်လွင်နေသည်။ ချစ်စွာသောသမီးအတွက် ဘဝနှင့်ရင်း၍ သင်ခန်းစာပေးသွားသည်မှာ သံဝေဂရစရာပင်။

အချုပ်အားဖြင့်ဆိုရလျှင် ကဗျာတွင်ပါရှိသည့် "မျက်ရည်ဖြိုင်လို့ ဘဝင်ညှိုး ဇူလိုင်တစ်ဆယ့်ကိုး"ဟူသည့်စာသားကို လုပ်ကြံခံရချိန်ကို မူတည်၍ ပြောမည်ဆိုလျှင် လုပ်ကြံခံရသူများနှင့် သက်ဆိုင်သူများ မျက်ရည်ဖြိုင်ခဲ့ကြရသည်ဟု ဆိုနိုင်ပါသည်။ လုပ်ကြံမှုတွင် ပါဝင်သူတို့၏ ပြစ်ဒဏ်ခံကြရချိန်ကို မူတည်ပြန်လျှင် ထိုသူတို့နှင့်သက်ဆိုင်သူတို့ မျက်ရည်ဖြိုင်ခဲ့ကြသည်ဟု ဆိုရပေမည်။ လုပ်ကြံမှုဖြစ်စဉ်ကြီးတစ်ခုလုံးကိုမူတည်၍ ပြောရမည်ဆိုလျှင် ကျဆုံးသူ၊ လုပ်ကြံသူ နှစ်ဖက်စလုံးနှင့် သက်ဆိုင်ကြသူအားလုံးတို့၏ မျက်ရည်တို့ ဖြိုင်ခဲ့ကြခြင်းပင် ဖြစ်ပါသည်။

တစ်နည်းအားဖြင့် နိုင်ငံသူနိုင်ငံသားအားလုံးတို့၏ မျက်ရည်ဖြိုင်၍ ဘဝင်ညှိုးခဲ့ကြရခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပေသည်။ သို့ဖြစ်၍ ထိုစဉ်က ဖြစ်ပျက်ခဲ့သည့် ဖြစ်စဉ်ဆိုးကြီးကို သင်ခန်းစာယူ၍ မည်သည့်ကိစ္စတွင်မဆို ဒေါသနှင့် အာဃာတတရားတို့ကိုထိန်းချုပ်နိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပေသည်။ ။

✪ စာမျက်နှာ ၁၀ မှ

နေရာက အရင်အတိုင်း နံရံမဟုတ်တော့ဘဲ အပေါ်ကနေ နံရံအသစ်ထပ်ပြီး ကပ်ထားလိုက်တယ်၊ အဲဒီလိုလုပ်လိုက်တဲ့အတွက်ကြောင့် ဗိုလ်ချုပ်အခန်းနဲ့ ဗိုလ်ထွန်းလှ အခန်းကူးတဲ့ တံခါးပေါက်ကြီး ပျောက်သွားတယ်၊ အဲဒါလေးတွေကိုတော့ မူလလက်ရာ မပျက်စေဘဲ အရင်အတိုင်း ထားပေးစေချင်ပါတယ်၊ ပြခန်းလုပ်မယ့် ကိစ္စကိုလည်း အမြန်ဆုံးပြီးမြောက်စေချင်ပါတယ်"ဟု ဆိုသည်။

ရဲဘော်ကိုထွေးနှင့်ပတ်သက်၍ လူငယ်များအတုယူနိုင်စေရန် ဦးအောင်ကိုကိုက "ကိုထွေးကို ၁၉၂၉ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှာ မွေးတာပါ၊ ဒါပေမယ့် အခုကြည့်လိုက်ရင် အာဇာနည်ဗိမာန်မှာ မတ်လ ၃ ရက်နေ့ဆိုပြီး တွေ့ရပါလိမ့်မယ်၊ ဒါဟာ သူ့အတွက်အသက် ၁၈ နှစ်ပြည့်အောင် အရင်က ပေးထားခဲ့တာပါ၊ သူကျဆုံးချိန်မှာ အသက် ၁၇ နှစ်နဲ့ ရှစ်လပဲရှိပါသေးတယ်၊ သူ့အသက်က တော်တော်ငယ်ပါသေးတယ်၊ အသက်အားဖြင့် ငယ်ရွယ်တဲ့အတွက် သာမန်အားဖြင့်တော့ အာဇာနည်ဆိုတဲ့ ဖြစ်စဉ်ကြီးမှာ ပါစရာမလိုပါဘူး၊ တာဝန်သိတတ်မှုနဲ့ စိတ်ထဲရှိတဲ့အတိုင်း ဆုံးဖြတ်ချက်ချပြီး ဆောင်ရွက်ခဲ့တာကြောင့် အခုလို အာဇာနည်တစ်ဦးဖြစ်လာရတာပါ၊ ဒါကြောင့် အတွေ့အကြုံ၊ လုပ်ရည်ကိုင်ရည်၊ ပညာ အရည်အချင်းမြင့်မားတဲ့ ခေါင်းဆောင်ကြီးတွေနဲ့ အတူ တန်းတူဂုဏ်ပြုခံနေရတာပါ၊ လူငယ်တွေအနေနဲ့ အသက်အရွယ်နဲ့ ပညာငယ်နေလို့ အားငယ်စရာ မလိုပါဘူး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် လုပ်သင့်လုပ်ထိုက်တာကို လုပ်ရင် တိုင်းပြည်ကနေ ချီးမွမ်းဂုဏ်ပြုမှာပါ"ဟု ပြောသည်။

ရဲဘော်ကိုထွေးသည် အသက် ၁၈ နှစ်အရွယ်တွင် ကျဆုံးခဲ့ပြီး ကျဆုံးချိန်တွင် မိဘနှစ်ပါးနှင့်အတူ ၎င်း၏ အစ်ကိုသုံးဦးနှင့် အစ်မနှစ်ဦး ကျန်ရှိခဲ့သော်လည်း ယခုအချိန်တွင် အားလုံးဆုံးပါးသွားခဲ့၍ တူ၊ တူမ တော်စပ်သူများသာ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နေထိုင်လျက်ရှိကြောင်း သိရသည်။ ။

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၁၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ ပါ သတင်းဆောင်းပါးတွင် အာဇာနည် ဦးအုန်းမောင်၏ သားအငယ်ဆုံးအမည်အား ဦးမင်းမြတ် အစား ဦးမင်းမြင့်ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆောင်းပါးရှင်**

## သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည်နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**ကြေးမုံ**

## ဥတုရာသီ တောကိုမှီ၍

## မျိုးဆက်ဝန်တာ

တစ်နှစ်အတွင်း၊ လွတ်လပ်ခြင်းကို
ပြင်းပြစိတ်တွင်၊ ရယူချင်မို့
စီစဉ်ချမှတ်၊ ဆုံးဖြတ်ဆွေးနွေး
ရေးခွင့်တောင်းဆို
လိုလိုသမျှ၊ ချင့်မြော်ဆလျက်
နေ့ညမရှိ၊ ပန်းပါဘိလည်း
မသိလေဟန်၊ ဇောစိတ်သန်သည်
တွေးကြံသမျှ၊ ပြည့်တွက်တာ။
လုပ်ဆောင်သမျှ၊ ပြည့်တွက်တာ။
ပုဂ္ဂိုလ်ဝါဒ၊ ဂိုဏ်းဂဏတို့
တွေးဆမတူ၊ ရှိကြမှုလည်း
ပြည်သူတိုင်းပြည်၊ ကျိုးမြော်ရည်၍
ညီစေခါ၊ အတူပါဖို့
မာယာမမှုန်း၊ ဟန်မသုံးဘဲ
စည်းရုံးနိုင်စွမ်း၊ အံ့မခန်းသည်
ကြိုးပမ်းသမျှ၊ ပြည့်တွက်တာ။
လှုပ်ရှားသမျှ၊ ပြည့်တွက်တာ။
လွတ်လပ်ချိန်ဝယ်၊ ဆောင်ရွက်ဖွယ်နှင့်
ကြီးငယ်ကိစ္စ၊ ပစ္စက္ခတို့
များစွာကြောင်းရာ ရှိသည့်တာလျှင်
သည်မှာစနေ၊ မိုးတို့စွေလည်း
သွေဖည်ဆိုင်းဖင့်၊ ခါမလင့်အောင်
ထပ်ဆင့်လုံ့လ၊ ဝီရိယဖြင့်
သင့်မျှအဖြေ၊ တူရှာဖွေဖို့
ချေတင်ဆွေးနွေး၊ ပေါင်းစည်းဝေးသည်
အရေးဟူသမျှ၊ ပြည့်တွက်တာ။
အချိန်တိုင်းမှာ၊ ပြည့်တွက်တာ။
သို့နှယ်သူ့မှာ၊ ပြည့်တွက်တာဟု
မေတ္တာပြည့်သိပ်၊ စဉ်ယုံဖိတ်လည်း
လူစိတ်ကင်းကြ၊ လူ့ဗာလတို့
ယုတ်မာလွန်းစွ၊ ရက်စက်ကြသည်
ဆွေးကြ ကြိမ်မီးအုံးနှယ်တည်း
ပြည်ခွင်အလုံး ရှိုက်သံဟည်း။
အို. . .
ဗိုလ်ချုပ်အစ၊ ကျဆုံးရသည့်
မြန်မာ့နေခြည်၊ အာဇာနည်တို့
ဤနှယ်သက်သွေး
စတေးခဲ့ပါ၊ မြင့်မြတ်စွာတည့်
ခုခါခုနေ၊ ခုအခြေမှ
ဤမြေချုပ်ခြာ၊ ခွန့်ရှည်ကြာအောင်
နောင်လာနောက်သား မျိုးဆက်များတို့
နားမျက်စိဖွင့်၊ လုံ့လဆင့်လျက်
မြင့်တင်မပြတ်၊ ကျေးဇူးဆပ်ဖို့
ဖွဲ့စပ်သီရေး၊ ကဗျာတေးဖြင့်
အလေးပြုလိုက်ရပါသတည်း. . .။ ။

**မောင်စိမ်းနောင်(လယ်ဝေး)**

# နာဝပ်ရှာရစ်ဖ်၏ အကျိုးဆောင်ရှေ့နေအဖွဲ့ တရားရုံးချုပ်၌ အယူခံလွှာတင်သွင်း



**အစ္စလာမ္မာဘတ် ဇူလိုင် ၁၆**
ပါကစ္စတန်နိုင်ငံ၌ အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ် ၁၀ နှစ်ကျခံရန် ယခုလအတွင်း ပြစ်ဒဏ်စီရင်ချက်ချမှတ်ခံခဲ့ရသော ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှာရစ်ဖ်၏ ဥပဒေအကျိုးဆောင် ရှေ့နေအဖွဲ့သည် မြို့တော်အစ္စလာမ္မာဘတ်ရှိ တရားရုံးချုပ်၌ ဇူလိုင် ၁၆ ရက်တွင် အယူခံလွှာတင်သွင်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

### စီရင်ချက်ချမှတ်

အဂတိလိုက်စားမှု တိုက်ဖျက်ရေး တရားရုံးသည် ရှာရစ်ဖ်၏ သမီး မာယမ်နာဝပ်အား ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ အဆင့်မြင့် တိုက်ခန်း လေးခန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်နေသော စွပ်စွဲချက်အရ ထောင်ဒဏ် ခုနစ်နှစ် ကျခံစေရန်လည်း ပြစ်ဒဏ်စီရင်ချက် ချမှတ်ခဲ့သည်။

ရှာရစ်ဖ်နှင့်သမီးဖြစ်သူတို့သည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့မှ ပါကစ္စတန်နိုင်ငံသို့ ဇူလိုင် ၁၃ ရက်တွင် ပြန်လာခဲ့ကြသည်။ ၎င်းတို့နှစ်ဦးသည် ယခုအခါ မြို့တော် အစ္စလာမ္မာဘတ်အနီး ရာဝါပင်ဒီမြို့ရှိ အဒီယာလာ အကျဉ်းထောင်၌ ထိန်းသိမ်းခံထားရပြီး အဂတိမှုဆိုင်ရာ နောက်ထပ်အမှုနှစ်မှုဖြင့် ရုံးတင်စစ်ဆေးမှုခံယူရန် ရှိနေသည်။

ရှာရစ်ဖ်သည် သူ၏ ဝင်ငွေကို ကျော်လွန်နေသော ခနဉစ္စာများ ပိုင်ဆိုင်မှုအတွက် အဂတိလိုက်စားမှု စွပ်စွဲချက်များနှင့် ရင်ဆိုင်နေရသည်။ သို့ရာတွင် သုံးကြိမ်သုံးခါဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ရှာရစ်ဖ်က ယင်း စွပ်စွဲချက်များကို ငြင်းဆိုထားသည်။ မိမိကို နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်မှုအရ စွပ်စွဲခံရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရှာရစ်ဖ်သည် အမျိုးသား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဗျူရိုနှင့် ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် ထောင်ဒဏ်တစ်နှစ် ကျခံရန်လည်း ပြစ်ဒဏ်စီရင်ချက် ချမှတ်ခံထားရသည်။

**ဆင်ဟွာ**

# မအောင်မြင်သော အာဏာသိမ်းပွဲ နှစ်နှစ်ပြည့်မြောက်မှု အစီအစဉ်များ တူရကီ၌ ကျင်းပ

**အန်ကာရာ ဇူလိုင် ၁၆**
တူရကီနိုင်ငံတွင် သွေးထွက်သံယိုမှု ရှိခဲ့သည့် စစ်ဘက်အာဏာသိမ်းပွဲ ဒုတိယမြောက် နှစ်ပတ်လည်နေ့မှာ ဇူလိုင် ၁၅ ရက်တွင် ကျရောက်ခဲ့ကြောင်း၊ ယင်းမအောင်မြင်သည့် အာဏာသိမ်းပွဲ နောက်ပိုင်းတွင် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်း အသီးသီး၌ ရာထူးမှ နုတ်ပယ်သန့်စင်မှုများ အကြီးအကျယ်ဖြစ်ပေါ်ခဲ့ပြီး သမ္မတအာဒိုဂန်၏ဩဇာအာဏာ တိုးမြင့်လာစေကြောင်း အေအက်ဖ်ပီသတင်းဌာနက ဇူလိုင် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၁၆ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် တူရကီ သမ္မတအာဒိုဂန်ကို ရာထူးမှ ဖယ်ရှားရန်အတွက် စစ်ဘက်မှ အာဏာသိမ်းရန် ကြိုးပမ်းခဲ့ရာတွင် လူ ၂၄၈ ဦးသေဆုံးခဲ့ပြီး လူ ၂၀၀၀ ကျော်ဒဏ်ရာရခဲ့သည်။

စစ်ဘက်မှ အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့် ပတ်သက်၍ တူရကီအစိုးရက အမေရိကန်အခြေစိုက် မွတ်စလင်တရားဟောဆရာ ဖာတူလာဂူလန်အား ပြစ်တင်ပြောကြားခဲ့သည်။ ဖာတူလာဂူလန်သည် တစ်ချိန်က အာဒိုဂန်၏ မဟာမိတ်အဖြစ်မှ ရန်သူဖြစ်လာခဲ့သူဖြစ်ပြီး တူရကီအစိုးရ၏စွပ်စွဲချက်ကို ငြင်းပယ်ခဲ့သည်။

ဇူလိုင် ၁၅ ရက်တွင် ကျင်းပသည့်အခမ်းအနားအစီအစဉ်များ၌ သမ္မတ အာဒိုဂန်က အန်ကာရာမြို့ရှိ ဗလီဝတ်ကျောင်းတစ်ခု၌ ဝတ်ပြုပွဲ အခမ်းအနားတစ်ခုသို့ တက်ရောက်ခဲ့သည်။ ယင်းနောက် အာဇာနည်များ မိသားစုဝင်များနှင့် သမ္မတနန်းတော်တွင် ဒဏ်ရာရရှိသူများကို အာဒိုဂန်က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၅ ရက်ကို အမျိုးသား အားလပ်ရက်အဖြစ် သတ်မှတ်ထားသည်။ ယင်းအဖြစ်အပျက်ကို မိမိတို့ မေ့ပစ်ရန်မရနိုင်သလို မေ့ဖျောက်ပစ်လိမ့်မည်မဟုတ်ဟု အာဒိုဂန်က နေ့လယ်စာစားပွဲတွင် ကတိပြုပြောကြားခဲ့သည်။

ယင်းနေ့ ဂင်းနစ်စံတော်ချိန် ၁၈ နာရီတွင် အစ္စတန်ဘူလ်မြို့၏ ဗော့စ်ဖောရပ်ရေလက်ကြား ဖြတ်ကျော်တံတားတွင် မြို့သူမြို့သားများကို အာဒိုဂန်က မိန့်ခွန်း ပြောကြားခဲ့သည်။ အဆိုပါ တံတားကို ယခုအခါတွင် ဇူလိုင် ၁၅ အာဇာနည်များ တံတားဟု အမည်သစ် ပေးထားပြီးဖြစ်သည်။ အဆိုပါ တံတားတွင် သမ္မတအာဒိုဂန်ကို ထောက်ခံသူများနှင့် အစိုးရတပ်ဖွဲ့မှ သင်းကွဲစစ်သည်များအကြား သွေးထွက်သံယိုမှုရှိသည့် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

**အေအက်ဖ်ပီ**



## အာရှအားကစားပြိုင်ပွဲသို့ တက်ရောက်ရန် ကိုရီးယားနှစ်နိုင်ငံကို အင်ဒိုနီးရှား ဖိတ်ကြား

**ဂျကာတာ ဇူလိုင် ၁၆**
အင်ဒိုနီးရှားနိုင်ငံ၌ လာမည့်လတွင် ကျင်းပမည့် အာရှအားကစားပြိုင်ပွဲသို့ တက်ရောက်ရန် ကိုရီးယားနှစ်နိုင်ငံ ခေါင်းဆောင်များကို သမ္မတ ဂျိုကို ဝီဒိုဒိုကဖိတ်ကြားထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အာရှအားကစားပြိုင်ပွဲ၌ နှစ်နိုင်ငံ ပူးတွဲအားကစားအဖွဲ့များ ဖွဲ့စည်း၍ ပါဝင်ယှဉ်ပြိုင်ရန် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနိုင်ငံတို့က သဘောတူညီခဲ့ကြပြီးနောက် ယင်းသို့ ဖိတ်ကြားခြင်းဖြစ်သည်။

### မှတ်ချက်ပြု ပြောကြား

တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့် မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်တို့ကို အာရှအားကစားပြိုင်ပွဲသို့ တက်ရောက်ရန် သမ္မတ ဝီဒိုဒိုက ဖိတ်ကြားလိုက်ကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ သို့ရာတွင် ယင်းနိုင်ငံတို့က ဖိတ်ကြားချက်နှင့် ပတ်သက်၍ ချက်ချင်း မှတ်ချက်ပြု ပြောကြားခြင်း မရှိကြပေ။

### သဘောတူညီ

အာရှအားကစားပြိုင်ပွဲ၌ ကိုရီးယားနှစ်နိုင်ငံမှ ပူးတွဲအားကစားအဖွဲ့များက ကနူးလှေပြိုင်ပွဲ၊ လှေလှော်ပြိုင်ပွဲနှင့် အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ရန် အဆိုပါ နှစ်နိုင်ငံတို့က လွန်ခဲ့သည့်လတွင် သဘောတူညီခဲ့ကြသည်။

မြောက်ကိုရီးယားနှင့် အမေရိကန် ခေါင်းဆောင်တို့၏ ထိပ်သီးဆွေးနွေးပွဲကို လွန်ခဲ့သည့်လက စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့ပြီးနောက် ဒေသဆိုင်ရာ တင်းမာမှုများ လျော့ပါးလာသည့် လက္ခဏာဖြစ်သည်။

**အေအက်ဖ်ပီ**

# ဂျော်ဂျီယာနိုင်ငံအနောက်ပိုင်းရှိ ကျောက်မီးသွေးတွင်း၌ ပေါက်ကွဲမှုဖြစ်ပွား တွင်းလုပ်သား လေးဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ



**တီဘလီစီ ဇူလိုင် ၁၆**
ဂျော်ဂျီယာနိုင်ငံ အနောက်ပိုင်းရှိ ကျောက်မီးသွေးတွင်းတစ်တွင်း၌ ဇူလိုင် ၁၆ ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ကျောက်မီးသွေးတွင်းလုပ်သားလေးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံအနောက်ပိုင်း မြို့တော် ကွီဘူလီရှိ မင်ဒီလီ ကျောက်မီးသွေးတွင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသရဲတပ်ဖွဲ့ အကြီးအကဲ ဘီဆစ် အမီရာနာရှာဗီလီက ပြောကြားသည်။

### မှတ်ချက်ပြု

ယင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ ကွီဘူလီ မြို့တော်ကောင်စီ ဒုတိယအကြီးအကဲ ဒေးဗစ်ကာတာ မက်ဒ်ဇောက ပြစ်တင်ပြောကြားခဲ့သည်။ မီသိန်းဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ရုပ်မြင်သံကြားထုတ်လွှင့်သူက မှတ်ချက်ပြု ပြောကြားခဲ့သည်။

ယင်းမတော်တဆဖြစ်ရပ်ကြောင့် သေဆုံးထိခိုက်ဒဏ်ရာရသူများ၏ မိသားစုဝင်များထံ ဂျော်ဂျီယာနိုင်ငံ ဝန်ကြီးချုပ်က ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ပြီး ဇူလိုင်လ ၁၆ ရက်နေ့ကို ဂျော်ဂျီယာနိုင်ငံ၏ ဝမ်းနည်းကြေကွဲဖွယ်နေ့အဖြစ် ကြေညာခဲ့သည်။

### ဖော်ပြ

အဆိုပါ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုအား စုံစမ်းစစ်ဆေးမှုများ ထွက်ပေါ်လာသည့် အချိန်အထိ ပိတ်ထားရန်ဆုံးဖြတ်ချက် ချမှတ်မည်ဖြစ်ကြောင်း ဂျော်ဂျီယာဝန်ကြီးချုပ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဂျော်ဂျီယာနိုင်ငံတွင်းရှိ ကျောက်မီးသွေးမိုင်းများ၏ လုပ်ငန်းခွင်လုံခြုံမှု အဆင့်အတန်းနိမ့်ကျနေခြင်းကို မိုင်းလုပ်သားများသမဂ္ဂနှင့် အလုပ်သမား အခွင့်အရေး လှုပ်ရှားမှုအုပ်စုများက ကာလရှည်ကြာစွာ တိုင်တန်းမှုများ ပြုလုပ်ခဲ့ကြသည်။

### ခြောက်ဦးသေဆုံး

ယင်းနိုင်ငံတွင်းရှိ ကျောက်မီးသွေးမိုင်းအများစုတွင် ခေတ်မမီတော့သည့် ဆိုဗီယက်ခေတ်မှ လုပ်ငန်းသုံးကိရိယာ တန်ဆာပလာများကို သုံးစွဲနေခြင်းကြောင့် လူအသေအပျောက်ရှိသော မတော်တဆမှုများ ဖြစ်ပွားလေ့ရှိသည်။ မင်ဒဲလီ ကျောက်မီးသွေးမိုင်းတွင် ဧပြီလအတွင်းက ဥမင်လမ်းအမိုး ပြိုကျမှုကြောင့် မိုင်းလုပ်သား ခြောက်ဦး သေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရမှု ဖြစ်ပွားခဲ့သည်။

**အေအက်ဖ်ပီ**

# ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပ

**နေပြည်တော်  ဇူလိုင်  ၁၆**

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ကျင်းပလျက်ရှိပြီး ယနေ့နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသောပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကျင်းပသောပွဲစဉ်တွင် ပညာရေးဝန်ကြီးဌာနအသင်းက နေပြည်တော်စည်ပင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသောပွဲစဉ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကျင်းပသောပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ညနေပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူရ(ကြေးမုံ)**



# ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ် ဝင်ဘယ်ဒန်တင်းနစ်ဖလား လေးကြိမ်မြောက်ဆွတ်ခူး

ဆားဘီးယားတင်းနစ်အကျော်အမော်ဂျိုကိုဗစ်ဟာ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ တောင်အာဖရိကတင်းနစ်ကစားသမား ကီဗင်အန်ဒါဆန်ကို အနိုင်ရရှိခဲ့ပြီး ချန်ပီယံဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်အနေနဲ့ ဗိုလ်လုပွဲစဉ်မှာ ကီဗင်အန်ဒါဆန်ကို ၆-၂၊ ၆-၂၊ ၇-၆(၇-၃)နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဂျိုကိုဗစ်အတွက်တော့ အခုတစ်ကြိမ်ရရှိခဲ့တဲ့ ဝင်ဘယ်ဒန်တင်းနစ်ဆုဖလားဟာ လေးကြိမ်မြောက်ရရှိခဲ့တာလည်းဖြစ်ပါတယ်။

ဂျိုကိုဗစ်ဟာ ၂၀၁၆ ခုနှစ်က ပြင်သစ်အိုးပင်းတင်းနစ်ဆုဖလားကို ရယူခဲ့ပြီးတဲ့နောက်မှာ အခုဝင်ဘယ်ဒန်တင်းနစ်ဖလားဟာ သူ့အတွက်တော့ (၁၃)ကြိမ်မြောက် ဂရန်းဆလမ်းဆုဖလားဖြစ်လာခဲ့ပါတယ်။

ဆားဘီးယားပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဂျိုကိုဗစ်ဟာ တင်းနစ်လောကရဲ့ အဓိကပြိုင်ပွဲကြီးလေးခုဖြစ်တဲ့ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၊ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၊ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲနဲ့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွေမှာ ချန်ပီယံဖြစ်ခဲ့တာဖြစ်ပြီး ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ခြောက်ကြိမ်၊ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ တစ်ကြိမ်၊ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ လေးကြိမ်နဲ့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ နှစ်ကြိမ်ဗိုလ်စွဲထားခဲ့တာဖြစ်ပါတယ်။

ဂျိုကိုဗစ်ဟာ တင်းနစ်လောကမှာ ကမ္ဘာ့အဆင့်နံပါတ်တစ်နေရာမှာ ရပ်တည်ခဲ့ဖူးတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး အခုတစ်ကြိမ်တွင် ဝင်ဘယ်ဒန်တင်းနစ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာမို့ ထိပ်ဆုံးနေရာကို ပြန်လည်ရောက်ရှိလာဖို့လည်း ရှိနေပါတယ်။ လက်ရှိမှာတော့ ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဂျိုကိုဗစ်ဟာ တင်းနစ်လောကရဲ့ ကမ္ဘာ့အဆင့် ၁၀ နေရာမှာ ရပ်တည်နေတာလည်းဖြစ်ပါတယ်။

# ဘောလုံးလောကသတင်းတိုများ

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ နယ်သာလန်ဂိုးသမား ဆီလက်ဆန်အား ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ဖူဟမ်အသင်းသည် ဘော်ဒိုးအသင်းမှ ဘရာဇီးတောင်ပံကစားသမား မယ်ကွန်အား ခေါ်ယူရန်စီစဉ်လျက်ရှိသည်။**

ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် အဲဗာတန်၊ စပါးနှင့် ချယ်လ်ဆီးအသင်းတို့သည် ဘိုကာဂျူနီယာအသင်းမှ ကိုလံဘီယာကစားသမား ဘာရီရို့စ်အားခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။

**လိုင်ယွန်အသင်းဥက္ကဌ အောလက်စ်သည် ပြင်သစ်ကွင်းလယ်ကစားသမား ဖီကာအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။**

အဲဗာတန်အသင်းသည် အက်စ်ပန်ညိုအသင်းကွင်းလယ်ကစားသမား ဒေးဗစ်လိုပက်ဇ်အား စိတ်ဝင်စားလျက်ရှိပြီး အသက် ၂၈ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား လိုပက်ဇ်အား ဗလင်စီယာအသင်းနှင့် ရီးယဲလ်ဘတ်တစ်အသင်းတို့ကလည်း ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

**လက်စတာစီးတီးအသင်းသည် အင်္ဂလန်အသင်းတိုက်စစ်မှူးဟောင်း ရိုင်ယန်လော့ဖ်အား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်းသိရသည်။**

အာဆင်နယ်အသင်းသည် ပေါ်တူဂီအသင်းကွင်းလယ်ကစားသမား အန်ဒရီဂိုမက်စ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**စတားရစ်ချ်သည် အန်ဖီးလ်တွင် ဆက်ရှိနေမည်ဖြစ်ကြောင်း လီဗာပူးအသင်းနည်းပြ ကလော့က ပြောကြားခဲ့သည်။**



# မန်ယူအသင်းမှ ထွက်ခွာရန် လုခ်ရှော ပြင်ဆင်

မန်ယူနောက်တန်းကစားသမား လုခ်ရှောသည် ယခုဘောလုံးရာသီတွင် နည်းပြမော်ရင်ဟိုအနေဖြင့် ပထမဦးစားပေးကစားသမားအဖြစ် မရွေးချယ်ခဲ့ပါက အိုးထရက်ဖို့ဒ်မှ ထွက်ခွာရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

လုခ်ရှောအား အဲဗာတန်အသင်းက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိပြီး ကစားသမားကိုယ်တိုင်ကမူ ၎င်း၏ အနာဂတ်ကို အိုးထရက်ဖို့ဒ်တွင် ဆက်ရှိရန် မျှော်လင့်လျက်ရှိသည်။

လက်ရှိတွင် နောက်တန်းကစားသမား လုခ်ရှောသည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးပြီး နည်းပြမော်ရင်ဟိုအနေဖြင့်လည်း လုခ်ရှောအား စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် လက်ရှိတွင် လာဇီယိုကွင်းလယ်ကစားသမား ဆာဗစ်အား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိပြီး အဆိုပါကစားသမားအား ချယ်လ်ဆီးအသင်းကလည်း ခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။



# ပီအက်စ်ဂျီအသင်းတွင် ဆက်ရှိနေမည်ဟု မက်ပီ ပြောကြား

ပြင်သစ်လူငယ်ကစားသမား မက်ပီသည် လက်ရှိတွင် ပီအက်စ်ဂျီအသင်းတွင် ကစားလျက်ရှိပြီး ပြင်သစ်အသင်း ကမ္ဘာ့ဖလားရရှိခဲ့ပြီးနောက် မက်ပီအား ခေါ်ယူမည့်အသင်း အတော်များများရှိနေသော်လည်း ပီအက်စ်ဂျီအသင်းတွင်သာ ဆက်ရှိနေမည်ဖြစ်ကြောင်း မက်ပီက ပြောကြားခဲ့သည်။

တိုက်စစ်မှူး မက်ပီသည် ပြင်သစ်အသင်းက ခရိုအေးရှားအသင်းအား လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အကောင်းဆုံးလူငယ်ကစားသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ လက်ရှိတွင် တိုက်စစ်မှူး မက်ပီအား ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့က စိတ်ဝင်စားလျက်ရှိသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် တိုက်စစ်မှူး စီရိုနယ်လ်ဒိုအသင်းမှထွက်ခွာသွားခဲ့ပြီးနောက် တိုက်စစ်မှူးတစ်ဦးကို ခေါ်ယူရန် ပြင်ဆင်လျက်ရှိပြီး အေဒင်ဟာဇက်နှင့် မက်ပီတို့ကိုလည်း ပစ်မှတ်ထားလျက်ရှိသည်။

ငွေကြယ် - ရေးသားသည်

# အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၂ ဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၆**

Delivery Van မော်တော်ယာဉ်များအား ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် တင်သွင်းရာတွင် ဆိပ်ကမ်းပြင်ပသို့ ထုတ်ယူခွင့်ရရှိရန်အတွက် အကောက်ခွန်ရှင်းလင်းရေး ကိုယ်စားလှယ်မှတစ်ဆင့် ငွေပေးဆောင်ရခြင်း၊ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ မူဝါဒသတ်မှတ်ချက်နှင့် မကိုက်ညီဘဲ တင်သွင်းလာသောယာဉ်များ ဆိပ်ကမ်းမှ ထုတ်ယူနိုင်ရန်အတွက် ငွေပေးဆောင်ရခြင်း၊ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ဆိပ်ကမ်းမှ ပစ္စည်းများထုတ်ယူရာတွင် အကောက်ခွန်ရှင်းလင်းရေး ကိုယ်စားလှယ်မှတစ်ဆင့် ငွေကြေးပေး၍ ထုတ်ယူနေရသည့် အစဉ်အလာဖြစ်နေခြင်းတို့အား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ တိုင်ကြားစာအရ ပထမအကြိမ်တင်သွင်းသော Delivery Van သုံးစီးကို ဆိပ်ကမ်းမှထုတ်ယူရာတွင် စစ်ဆေးရေးအရာရှိက ငွေကျပ် ၂၄ သိန်း၊ Model Year စိစစ်အတည်ပြုသူ ဦးစီးအရာရှိက ငွေကျပ် ၁၅ သိန်း၊ ဒုတိယအကြိမ်တင်သွင်းသော Delivery Van နှစ်စီးကို ဆိပ်ကမ်းမှ ထုတ်ယူရာတွင် အဆင်ပြေစေရေးအတွက် စစ်ဆေးရေးအရာရှိက ငွေကျပ် ၂၄ သိန်း၊ ယာဉ်စစ်ဆေးချက် အမှတ်တွဲများကို စိစစ်လက်မှတ်ရေးထိုးသူ ဦးစီးအရာရှိက ငွေကျပ် ရှစ်သိန်း၊ စစ်ဆေးရေးအရာရှိ၏ စစ်ဆေးတွေ့ရှိချက်များကို စိစစ်အတည်ပြုသူ အကောက်ခွန်မှူးက ငွေကျပ် လေးသိန်း၊ ဒုတိယအကြိမ်တင်သွင်းသော Delivery Van နှစ်စီးကို လေလံပယ်ဖျက်ဘုတ်အဖွဲ့ဖြင့် စစ်ဆေးခံပြီး ဆိပ်ကမ်းမှ ထုတ်ယူနိုင်ရေးအတွက် ကာကွယ်ရေးဌာနခွဲမှ လက်ထောက်အကောက်ခွန်မှူးနှင့် ဒု-လက်ထောက်အကောက်ခွန်မှူးတို့က ငွေကျပ် ၁၂ သိန်း လက်ခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများဖြစ်သည့် ဦးစီးအရာရှိ ဒေါ်နန်းသဥ္ဇာ၊ ဦးစီးအရာရှိ ဦးဗိုလ်ဗိုလ်၊ အကောက်ခွန်မှူး ဦးဟန်ဝင်းအောင်၊ ဒုတိယအကောက်ခွန်မှူး ဦးဇော်ဝင်းဟိန်း၊ ဒုတိယအကောက်ခွန်မှူး ဦးနေမင်းထက်၊ လက်ထောက်အကောက်ခွန်မှူး ဦးသန်းအေး၊ ဒုတိယလက်ထောက်အကောက်ခွန်မှူး ဦးသိန်းဝင်းတို့အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရလည်းကောင်း၊ Delivery Van များ၏ ကွဲလွဲချက်များအပေါ် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခဲ့မှုမရှိဘဲ ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်းနှင့် Delivery Van များ ဆိပ်ကမ်းမှထုတ်ယူရာတွင် ဆိပ်ကမ်းတာဝန်ကျ အကောက်ခွန်ဝန်ထမ်းများက ငွေကြေးများ လက်ခံရယူခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းမရှိဘဲ ယင်းမော်တော်ယာဉ်များ ထုတ်ယူနိုင်ရန် ခွင့်ပြုခဲ့ခြင်းတို့မှာ လက်အောက်ဝန်ထမ်းများက အဂတိလိုက်စားမှုဖြစ်စဉ်များအပေါ် ပူးပေါင်းကြံစည် အားပေးကူညီခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေ၊ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်၊ ညွှန်ကြားရေးမှူး ဦးကျော်ညွှန့်အောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြတ်ကျော်၊ ဦးစီးအရာရှိ ဦးမလန်ရှရွယ်တို့အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆/၆၃ အရလည်းကောင်း အရေးယူဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါနယ်မြေရဲစခန်း၌ ယနေ့တွင် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ကုတ်မြို့နယ်အတွင်း ဒီရေမြင့်တက်မှုကြောင့် ကမ်းပါးပြိုမှုဖြစ်ပွား

**တောင်ကုတ် ဇူလိုင် ၁၆**

ပင်လယ်ပြင်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပင်လယ်ဒီရေလှိုင်းများ မြင့်တက်ကာ ဇူလိုင် ၁၅ ရက်တွင် တောင်ကုတ်မြို့နယ်အတွင်းရှိ ကုလားရောင်ကျေးရွာအုပ်စု အောင်မင်းချောင်ကျေးရွာတွင် ကမ်းပါးပြိုမှုဖြစ်ပွားကာ အိမ်ခြေ ၁၂၀ ရှိသည့်အနက် အန္တရာယ်ရှိ နေအိမ်ခြောက်လုံးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားသည်။ ထို့အတူ ဖောင်းခါးကျေးရွာတွင်လည်း ဒီရေလှိုင်းများ မြင့်တက်ကာ ဆည်တာပေါင်သို့ ကျော်လွန်၍ ရွာအတွင်း အနိမ့်ပိုင်းနေရာများသို့ ရေနှစ်ပေခန့်နစ်မြုပ်ခဲ့ပြီး ဆည်ကာရီအချို့ ကျိုးပေါက်မှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အောင်မင်းချောင်ကျေးရွာ၏ အခြားတစ်ဖက်တွင် ချောင်းနှင့် ခနိတောများသာရှိပြီး မြေလွတ်များမရှိသဖြင့် ကျောက်စီရေထိန်းနံရံများ ပြုလုပ်ပေးစေလိုကြောင်း ကျေးရွာနေပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

ထိုသို့ ပင်လယ်ဒီရေမြင့်တက်မှုကြောင့် တောင်ကုတ်မြို့နယ်အတွင်းရှိ ကံဆိပ်မြောင်ဆည်ကာရီ ပေ ၃၀၊ ခားမကျဆည်ကာရီ ၇၈ ပေ၊ အရှေ့သားဆည်ကာရီ ၄၅ ပေ၊ ရွှေမြင့်မိုရ်ဆည်ကာရီ ၃၆ ပေ၊ ဒေါပုံကျွန်းဆည်ကာရီ ပေ ၃၀ ခန့် အသီးသီးကျိုးပေါက်မှုဖြစ်ပွားကာ စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၂၅၀၀၀၀ ခန့်နှင့် ပြောင်းရွှေ့နေအိမ် ခြောက်လုံး၏ ပျက်စီးမှုတန်ဖိုး ငွေကျပ် ၃၈၀၉၅၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း တောင်ကုတ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ရိုက်တာသတင်းထောက်နှစ်ဦးအနက် ကိုသက်ဦးမောင်(ခ)ဝလုံးအား စစ်ဆေးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက် ကိုသက်ဦးမောင် (ခ) ဝလုံးနှင့် ကိုကျော်စိုးဦး (ခ) မိုးအောင်တို့ကို ယနေ့နံနက် ၁၀ နာရီတွင် မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်ကာ တရားခွင် (၆) ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် သတင်းနှင့်ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ကျွန်မတို့ မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှု အမှတ်(၄) တရားလို ဒုတိယရဲမှူးကြီး ယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ) ဝလုံးပါ -၂ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ)အရ စွဲဆိုမှုကနေ ဒီကနေ့ သက်ဦးမောင် (ခ) ဝလုံးကို စစ်ဆေးခဲ့ပါတယ်။ ဒီနေ့စစ်ဆေးရာမှာ ရုံးချိန်ကုန်ဆုံးတဲ့အထိ အဓိကစစ်ဆေးမှုမပြီးဆုံးသေးတဲ့အတွက် မနက်ဖြန် သူ့ကိုပဲ ဆက်လက်စစ်ဆေးသွားဖို့ ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

ဆက်လက်၍ မီဒီယာများကမေးမြန်းရာ ၎င်းက "ဒီနေ့ထိ ရုံးချိန်းပေါင်း ၃၀ မှာ သက်သေခံပစ္စည်း တင်သွင်းတာရှိပါတယ်၊ ဒါကတော့ တရားခံများဘက်က အမှုနဲ့ပတ်သက်တဲ့ တယ်လီနောကုမ္ပဏီကထုတ်ယူပေးတဲ့ ဖုန်းခေါ်ဆိုမှုမှတ်တမ်းကို သက်သေခံအဖြစ်တင်သွင်းတော့ တယ်လီနောကုမ္ပဏီက တစ်ဦးမှာ တရားခံပြ သက်သေစာရင်းတင်သွင်းထားတဲ့အထဲပါရှိလို့ အဲဒီသက်သေကို ကျယ်ကျယ်ပြန့်ပြန့်စစ်ဆေးမှုပြုလုပ်ပြီး သက်သေခံဖုန်းမှတ်တမ်းကို သက်သေအဖြစ် တင်သွင်းလို့ရမှာပါလို့ မှာကြားလိုက်ပါတယ်၊ နောက်သက်သေခံပစ္စည်းကတော့ ဝက်ဘ်ဆိုက်ကကူးယူထားတဲ့ စာရွက်စာတမ်းသုံးရွက်ကို သက်သေခံအဖြစ် တင်သွင်းရာမှာ ဥပဒေနှင့်ညီညွတ်မှုမရှိတဲ့အတွက် လက်မခံခဲ့တာဖြစ်ပါတယ်"ဟု ဆက်လက်ပြောကြားသည်။ **မျိုးမင်းသိန်း (မရမ်းကုန်း)**

# မိုးမောက်မြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၆**

မြို့သစ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီက မိုးမောက်မြို့နယ် မိုင်းခတ်ကျေးရွာနေ မာရော်၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ နော်ဆိုင်း၊ ညီညီသိန်း(ခ)ဖိုးညီသိန်းနှင့် ဝင်းသိန်းတို့ကို တွေ့ရှိရပြီး ဘိန်းဖြူ ၁၂၉ ဒသမ ၇၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၇၈ ပြားတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၁ နာရီက ဘုရင့်နောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် မင်းဓမ္မလမ်းပေါ်တွင် တွေ့ရှိသူ ခွန်ထွန်းကျော်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၁၅ ပြားနှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊



ထို့အတူ ဇူလိုင် ၄ ရက် နံနက် ၆ နာရီခွဲက တပ်မတော်မှ နမ့်စန်မြို့နယ် ခိုလမ်မြို့ရှိ အမှတ် ၉၂၀ စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း အမှတ် ၂ ဂိတ်ရှေ့တွင် အိုက်ဆန်း မောင်းနှင်လာသည့် ပါဂျဲရိုးမော်တော်ယာဉ်ကို စစ်ဆေးရာ ဘိန်း ၁ ဒသမ ၆၃၃ ဂရမ်၊ HK -33 အမျိုးအစားသေနတ် တစ်လက်၊ ၎င်းကျည် အတောင့် ၂၀၊ ၎င်းကျည်အိမ် တစ်ခုနှင့် ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မရမ်းချောင်စစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၆**

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ ရှောင်ကွင်းလမ်းများ၌ ဇူလိုင် ၁၅ ရက်က ပိုင်ရှင်မဲ့စုပုံထားသော တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ပြောင်းဖူးစေ့အိတ် (1× 20 Kg) 15 Bags၊ Beer Can "8.6" (500ml ×24) 20Pkgs နှင့် လျှပ်စစ်ပစ္စည်း ရှစ်မျိုး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၉၄၂ သန်း) ခန့်ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၈၆ စီး၊ သွင်းကုန် ၉၄၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး၊ သွင်းကုန် ၁၄၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်းတင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇၀၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၉၄၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၆၄၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လောင်းကစားနှင့်ဆိုင်သော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော်ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ရေဆင်းကျေးရွာ ရာအိမ်မှူးအဖွဲ့နှင့်အတူ ယနေ့ နံနက် ၁၁ နာရီတွင် ရေဆင်းကျေးရွာနယ်မြေ (၂)တွင် နေထိုင်သူ မြင့်မြင့်စီ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ တရားမဝင် လောင်းကစားနှစ်လုံး၊ သုံးလုံးနှင့် လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း ၁၁ မျိုးနှင့် ငွေကျပ် ၃၄၀၂၀၀ တို့ကို တွေ့ရှိရသဖြင့် သိမ်းဆည်းပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခွန်းဆက်နေ**

# လယ်ဝေးမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော် လယ်ဝေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက လယ်ဝေးမြို့နယ် ကြို့ကုန်းကျေးရွာမြောက်ဘက် ဗွီဖိုးလမ်းအနောက်ဘက် ဆည်ပေါင်လမ်းဘေးရှိ ကုလား(ခ)ကျော်မြိုင်၏ နေအိမ်ဈေးဆိုင်တွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် MAX + တံဆိပ်ပါ သံပိုက်တပ်လျက် ဘူးတစ်ဘူး၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀ တို့ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသူ ကုလား(ခ)ကျော်မြိုင်အား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုရှူပ (နေပြည်တော်)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# လုပ်ငန်းတွင်း အောင်မြင်စေရန် တီထွင်ဖန်တီးခြင်း

မနောဖြူလေး

ယနေ့ခေတ် ပြောင်းလဲနေသော ကမ္ဘာကြီးတွင် နောက်ကောက်မကျန်ခဲ့ရန် ကျွန်မတို့လည်း အပြောင်းအလဲပြုလုပ်ကြရပါမယ်။ အပြိုင်အဆိုင်ပေါ်များသော လောကတွင် စီးပွားရေးကဏ္ဍသည် ခြေလှမ်းသွက်ရန်နှင့် လိုက်လျောညီထွေဖြစ်ရန် လိုက်လံညှိတတ်ဖို့ အများဆုံးလိုအပ်သည့်ကဏ္ဍ ဖြစ်သည်။ မပြတ်ပြောင်းလဲနေသော ကမ္ဘာကြီး၌ စိတ်ကူးစိတ်သန်းအသစ်များဖြင့် ထွင်ဉာဏ်ရှိနေနိုင်မှသာ သင့်ရဲ့လုပ်ငန်းမြဲမြဲမှာ ဖြစ်ပေသည်။

ခြေတစ်လှမ်းသာနေသောသူများသာ အောင်နိုင်ရာ၏။ အရင်ဆုံးစဉ်းစားဖို့ လိုလာတာကတော့ သင်သည် အဘယ်အတွက်ကြောင့် တီထွင်ကြံဆတတ်ရမည်နည်း ဆိုတာကိုပါပဲ။ ပထမအဆင့်အနေဖြင့် သာမန်ကာလျှံကာ စိတ်ထား ထားရှိခြင်းကို ရှောင်ကြဉ်ရန်၊ ဒုတိယအဆင့်အနေဖြင့် နှာတစ်ဖျားသာ နေဖို့လား၊ ဒါမှမဟုတ် လောကကြီးက မပြတ်ပြောင်းလဲတိုးတက်နေသောကြောင့်လားဆိုတာ စဉ်းစားဖို့လိုလာပါပြီ။

ကျွန်မတို့သည် ပြည်တွင်းဈေးကွက်တွင်ရော ပြည်ပမှာပါ ဈေးကွက်ကို ဦးဆောင်သူများ ဖြစ်နေရမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မတို့သာ ဈေးကွက်ဦးဆောင်သူ မဟုတ်ခဲ့ရင် ဈေးကွက်ဦးဆောင်သူများရဲ့ ချယ်လှယ်စိုးမိုးခြင်းကို အမှန်တကယ် ခံကြရမည်ဖြစ်ပါသည်။ တီထွင်ကြံဆခြင်းသည် အလုပ်တစ်ခုဖြစ်သည်။ အခက်အခဲ ပြဿနာဖုထုံးရှိလာလျှင် ပြန်ဖြည်ဖို့ နည်းလမ်းရှာရစမြဲဖြစ်သည်။ တီထွင်ကြံဆခြင်းသည် ဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်။

တီထွင်ဖန်တီးတတ်သောသူများတွင် ထူးခြားသော ပါရမီနှင့် ကိုယ်ရည်ကိုယ်သွေးရှိသည်ဟု ကျွန်မတို့ တွေးထင်တတ်ကြပါသည်။ အချို့အတွက်သည် မှန်သော်ငြားလည်း များသောအားဖြင့် ကျွန်မတို့ ကြိုးစားအားထုတ်၍ ရနိုင်ပါသည်။ သင့်လုပ်ငန်းတွင်း အဆင်မပြေမှု အရေးပေါ်ဖြစ်ပွားလာခဲ့ရင် နည်းလမ်းဟောင်းများထက် နည်းလမ်းသစ်များအားဖြင့်သာ ထိုပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်အောင် ကြိုးစားကြရမည်။ တီထွင်ကြံဆခြင်းသည် အသိဉာဏ် ဗဟုသုတထက်သာ၍ အရေးကြီးပါသည်။ ပါရမီရှင်တစ်ဦးဖြစ်လာဖို့ ပြင်ပမှ တွန်းပို့အားသည် ၁၀ ရာခိုင်နှုန်းနှင့် ကျန် ၉၀ ရာခိုင်နှုန်းမှာ ကိုယ်တိုင်ခံယူချက်များ သုံးခြင်းတို့ရှိဖို့ လိုအပ်လှပါသည်လို့ အဲလ်ဘတ်အိုင်စတိုင်းက ပြောပါသည်။

တကယ်လို့သာ သင့်ထံမှာ စိတ်ကူးအသစ်များ တောက်လျှောက်ရှိနေခြင်းအပေါ် စိတ်မပျက်ပါနှင့်။ လွယ်ကူသော ကိစ္စမဟုတ်သဖြင့် လူအတော်များများသည် အချိန်ယူကာ ပြုလုပ်ကြရပါမည်။ ဆန်းသစ်သော စိတ်ကူးရှိရန်နှင့် တီထွင်ကြံဆတတ်ရန်သည် လွယ်ကူသော အလုပ်မဟုတ်ပေ။ ရည်ရွယ်ချက်ရှိရှိနှင့် အချိန်ယူကာ ပြုလုပ်ရပါမည်။ ဒါဆိုရင်တော့ ကျွန်မတို့ ဘာတွေကို သင်ယူရရှိရမည်နည်း။ တီထွင်ကြံဆခြင်းသည် ဖြစ်စဉ်တစ်ရပ်ဖြစ်ကာ ဦးနှောက်ကို အသုံးပြုကြရ၏။ ၎င်းကို ကြွက်သားများကဲ့သို့ပင် ကြီးထွားရှင်သန်လာအောင် လေ့ကျင့်ပျိုးထောင်ယူရမည်ပင် ဖြစ်ပါသည်။

**ညှစ်ထုတ်**

စိတ်ကူးစိတ်သန်းများကို ရနိုင်သလောက် ညှစ်ထုတ်ပါ။ အလားအလာကောင်းသော၊ အဖြေနှင့် နီးစပ်သော စိတ်ကူးစိတ်သန်းများ ထွက်ပေါ်လာလိမ့်မည်။

**ဆန့်ထုတ်**

အခြားသောသူများထံမှ အကြံဉာဏ်များလည်း တတ်နိုင်သလောက် တောင်းယူနိုင်ပါသေးတယ်။ စိတ်ကူးသစ်များ ပေါ်လာပါလိမ့်မည်။ အကြီးအကျယ် စဉ်းစားတွေးတောပြီးနောက် အကြောင်းအရာများကား တစ်ခုနှင့် တစ်ခု ဆက်စပ်လာပြီး အဖြေထုတ်ပေးနိုင်သည့် စိတ်ကူးစိတ်သန်းများ ရလာပါလိမ့်မည်။ ဤကဲ့သို့သော ပြဿနာများ၏ အဖြေများသည် သင်မျှော်လင့်မထားမနေသည့်အချိန်မျိုး၌ ပေါ်လာတတ်သည်။

> တီထွင်ဖန်တီးမှုကို တွန်းအားပေးသော အရာများကတော့ အမှီအခိုကင်းလိုမှုနှင့် စိတ်အားထက်သန်မှု၊ လေ့လာစူးစမ်းမှုနှင့် အခက်အခဲပြဿနာတို့ပဲ . . .

နောက်တစ်နည်းကတော့ များသောအားဖြင့် စိတ်ကူးအသစ်များသည် သင်အနားယူနေသည့်အချိန်၊ စိတ်အပန်းဖြေနေသည့်အချိန်၊ ပြဿနာရပ်အကြောင်းကို မတွေးတောဘဲ နေသည့်အချိန်၊ ရေချိုးနေချိန်၊ အနားယူပြီးချိန် စသည်တို့၌ ပေါ်လာတတ်သည်။

**ပြုလုပ်ပါ**

ဤနည်းလမ်းသည်လည်း သင်တို့ရဲ့ စွမ်းရည်အသီးသီးနှင့် သင်ယူတတ်မြောက်ထားသော အတတ်ပညာတို့ကို တွဲသုံးကာ သက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပူးပေါင်းခြင်းအားဖြင့် စိတ်ကူးအကြံအစည် အကြမ်းများကို သင့်တော်သော အဖြေရရှိအောင် ပြုလုပ်ပုံဖော်ဆောင်ရွက်သင့်ပေသည်။

ကျွန်မတို့သည် ပြဿနာကို ဖြေရှင်းရာ၌ မိမိကိုယ်ကိုယ်ကန့်သတ်ကာ အခြားတစ်နည်းကိုသုံးဖို့ အားမထုတ်လိုကြချေ။ တစ်နည်းပြောရရင် လမ်းဟောင်းအတိုင်း နည်းဟောင်းအတိုင်းသွားခြင်းကို ဆိုလိုတာ ဖြစ်ပါသည်။ ရလဒ်အသစ်များရလာရန် အမျိုးမျိုးသောနည်းလမ်းများနှင့် နည်းလမ်းအသစ်များကို သုံးဝံ့ရမည်။ အမှန်တကယ်တော့ နည်းလမ်းဟောင်းကြီးများက အဖြေအသစ်ပေးခဲ့သည်။ ပေါ့ပေါ့ပါးပါးနှင့် မဆိုင်းမတွပင် ထလုပ်တတ်သူများအတွက် အဖြေအသစ်ရရှိရန် မခဲယဉ်းပေ။ တစ်ခါတလေ စည်းဝိုင်းအတွင်းမှာမနေဘဲ စည်းဝိုင်းပြင်ပအထိပါ ထည့်စဉ်းစားတတ်ရမည်။ များများသင်ယူကာ စိတ်ကူးသစ်များ၊ နည်းလမ်းသစ်များ၊ လူအများနှင့် များများထိတွေ့လေလေ၊ သင့်အတွက် စိတ်ကူးအသစ်များများရရှိဖို့ရန် လွယ်ကူလေလေ ဖြစ်ပါသည်။ နံရံကို ဝင်မဆောင့်ပါနှင့်။ ကွေ့ပတ်သွားပါ။ သင်ပြုလုပ်နေသည့်အရာများကို အပြောင်းအလဲလုပ်ကာ သဟဇာတဖြစ်အောင် ညှိပြီး ပြုလုပ်သွားပါ။ ဆိုရိုးတစ်ခုရှိပါသည်။ 'တီထွင်ဖန်ဆင်းခြင်း၏ အခက်အခဲ ပြဿနာများက' လမ်းဟောင်းကြီးများက ကောင်းစွာ အသုံးမဝင်တော့လျှင် လမ်းသစ်ရှာရပါမည်။ တီထွင်ဖန်တီးမှုများ၊ စမ်းသပ်မှုများမှလွဲ၍ အခြားနည်းလမ်းမရှိပါ။

တီထွင်ဖန်တီးမှုကို တွန်းအားပေးသော အရာများကတော့ အမှီအခိုကင်းလိုမှုနှင့် စိတ်အားထက်သန်မှု၊ လေ့လာစူးစမ်းမှုနှင့် အခက်အခဲပြဿနာတို့ပဲ ဖြစ်ပါသည်။ အသစ်တီထွင် ဖန်တီးလိုမှုကို ပိတ်ပင်တားဆီးသော အရာများကလည်း ရှိပြန်သေးသည်။ အသစ်အဆန်းမှန်သမျှကို ငြင်းဆန်မှုနှင့် မိမိ၏ဖြစ်အင်ကို ကျေနပ်တင်းတိမ်နေမှုတို့ ဖြစ်ပါသည်။ အပြောင်းအလဲလုပ်ရင် နာကျင်သည်။ ပေးဆပ်ရသည်၊ သက်သောင့်သက်သာ မရှိ၊ အန္တရာယ်များကာ ဂုဏ်သိက္ခာထိပါးနိုင်သည့်အပြင် လူ့သဘောသဘာဝအရ အပြောင်းအလဲ မလုပ်လိုကြပေ။ သို့ရာတွင် လမ်းသစ်များကသာ စိတ်ကူးအသစ်များကို ပေးစွမ်းပါလိမ့်မည်။ လမ်းဟောင်းကြီးများက ရလဒ်အဟောင်းများကိုသာ ပေးသည်။ သင့်ရဲ့လက်ရှိအခြေအနေကိုသာ ကျေနပ်တင်းတိမ်နေခြင်းသည် လမ်းသစ်ထွင်ရန် လုံလောက်သော တွန်းအားကို မပေါ်ပေါက်စေပါ။ ဒါကြောင့် တိုးချဲ့ဖို့၊ တိုးတက်ဖို့ ဆန္ဒမရှိရင်လည်း ပြည့်မည် မဟုတ်ချေ။ ထို့ကြောင့် သင်သည် လမ်းစရှာတတ်ရပါမည်။

တီထွင်ဖန်တီးခြင်းဟုဆိုရာ၌ အကောင်းဆုံး စိတ်ကူးစိတ်သန်းများကို ရှာဖွေစုဆောင်းခြင်း တစ်ခုတည်း မဟုတ်ဘဲ သင်ကိုယ်တိုင်၌လည်း စိတ်ကူးစိတ်သန်း မြောက်မြားစွာ ရရှိစေပါသည်။ များပြားလှစွာသော စိတ်ကူးယဉ်မှုများ ပြုလုပ်ထားပါ။ စိတ်ကူးသစ်တစ်ခု ပေါ်ပေါက်လာသည့် နောက်တွင် ကောင်းသော စိတ်ကူးပေါင်းများစွာ ထပ်မံလိုက်ပါလာမည်။ ၎င်းတို့ထဲမှ သင်လည်း သင့်ရာကို ရွေးချယ်သွားနိုင်မည် ဖြစ်ပေသည်။ သင့်စိတ်ကူးများကို အများကပင် လက်မခံနိုင်သည့် အခြေအနေ ရှိနေရင်လည်း စိတ်မပူပါနှင့်၊ သင့်လုပ်ငန်းကို တိုးတက်စေမည့် စိတ်ကူးများ ဖြစ်လာမည်ကို မကြာမီ တွေ့ရှိလာပေတော့မည်ဖြစ်ပါသည်။ ။

## တိုတိုထွာထွာဖတ်စရာ

### အာဇာနည်နေ့အကြို ကဗျာရွတ်ဆိုပြိုင်

**ပေါင်**

(၇၁) နှစ်မြောက် အာဇာနည်နေ့အကြို ကဗျာရွတ်ဆိုပြိုင်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုစာကြည့်တိုက်ဌာနခန်းမ၌ ကျင်းပသည်။

အလားတူ မြို့နယ်တွင်းရှိ ထက်၊ လယ်၊ မူကျောင်းများနှင့် ကျေးရွာများတွင် အသိပညာပေး ဟောပြောဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ပြန်/ဆက်)

### ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲ မြစ်သားမြို့၌ ကျင်းပ

**မြစ်သား**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ဗိုလ်ချုပ်မိန့်ခွန်းပြောပြိုင်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုစာကြည့်တိုက်ဌာနခန်းမ၌ ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခြေခံပညာ ကျောင်းပေါင်းစုံမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ၁၀ ဦးတို့ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

(ပြန်/ဆက်)

### သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေးဟောပြော

**ရန်ကုန်**

ပုဇွန်တောင်မြို့နယ် အမှတ် (၈) ရပ်ကွက် ဇီဇဝါလမ်းနှင့် ဒေါနလမ်းထောင့်ရှိ သာသနရက္ခိတ ဓမ္မာရုံ၌ မြို့မရဲစခန်းမှူး မျိုးအောင်က သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၅ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်း ၁၄၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုရဲ

## ဆည်ရေစီမံခန့်ခွဲမှုသင်တန်း ပဲခူး ITC တွင် ဖွင့်လှစ်

**ပဲခူး ဇူလိုင် ၁၆**

ဆည်ရေပေးဝေမှုဆိုင်ရာ ကွင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ဒုတိယအကောက်ခွန်မှူးနှင့် လက်ထောက်အကောက်ခွန်မှူးများအတွက် ဖွင့်လှစ်ပို့ချသည့် ဆည်ရေစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာန(ခွဲ) ITC ပဲခူးမြို့တွင် ဇူလိုင် ၁၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ (ITC) ညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်က သင်တန်းဖွင့်အမှာစကား တက်ရောက်ပြောကြားခဲ့သည်။ ယင်းသင်တန်းတွင် သင်တန်းသား ၄၀ တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဆည်ရေပေးဝေမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆည်ရေကို အလေအလွင့်နည်းပါးစွာပေးဝေနိုင်ရန်နှင့် ဆည်ရေစီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာများ ပြန့်ပွားလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သူရအောင် (ပြည်)

## ပိန်းဇလုပ်မြို့၌ ရွေ့လျားစာကြည့်တိုက်နှင့် စာငှားဝန်ဆောင်မှုပြုလုပ်ပေး

**ညောင်လေးပင် ဇူလိုင် ၁၆**

စာကြည့်တိုက်သို့ မလာရောက်နိုင်သောကလေးသူငယ်များ စာပေဖတ်ရှုလေ့လာနိုင်ရန် စာဖတ်စွမ်းရည်မြှင့်တင်မှုအတွက် ဝန်ဆောင်မှုပေးသည့်အနေဖြင့် ရွေ့လျားစာကြည့်တိုက်နှင့် စာငှားဝန်ဆောင်မှုကို ယနေ့ နံနက် ၁၀ နာရီက ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေ့လျားစာကြည့်တိုက်နှင့် စာငှားဝန်ဆောင်မှုပေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီနီဝင်းနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ကိုယ်လက်လှုပ်ရှား ဂိမ်းကစားခြင်း၊ ကလေးများအား ပုံပြင်ပြောခြင်း၊ စက္ကူပြဇာတ်တင်ဆက်ခြင်း၊ ဘုတ်ပြား ပြဇာတ်တင်ဆက်ခြင်း၊ ကလေးများကို စာဖတ်စေခြင်းနှင့် ကလေးများ စာဖတ်နိုင်ရန် စာအုပ်များငှားပေးခြင်းတို့ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဝန်ဆောင်မှုပေးရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association- SVA) တို့ ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့မှ စာအုပ်စင်ပါသုံးဘီးဆိုင်ကယ်တစ်စီး၊ ကလေးများဖတ်ရှုနိုင်ရန် ဂျပန်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ ဘာသာပြန်ပုံပြင်၊ ရုပ်ပြ၊ သုတစာအုပ်များပါဝင်သည့် ၁၀၃ အုပ်ပါ စာအုပ်သေတ္တာငါးလုံးနှင့် လိုအပ်သည်များပံ့ပိုးပေးပြီး တစ်လလျှင် စာသင်ကျောင်းငါးကျောင်း၊ ရွေ့လျားစာကြည့်တိုက်နှင့် စာငှားဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တိုတိုထွာထွာဖတ်စရာ

## (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်

**ချောက်**
ချောက်မြို့နယ် စလေမြို့ ပြည်တော်သာစာကြည့်တိုက်၌ ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီတွင် (၇၁) နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ် "၁၉ ဇူလိုင်မမေ့နိုင်"ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကျင်းပခဲ့သည်။

ယင်းပြိုင်ပွဲတွင် စလေမြို့ရှိ ကျောင်းများမှ ၇ တန်း၊ ၈ တန်း၊ ၉ တန်းမှ ကျောင်းသား ကျောင်းသူ ၇၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**(ပြန်/ဆက်)**

## ယာဉ်မောင်းလိုင်စင်များ ကွင်းဆင်းဆောင်ရွက်

**စလင်း**
မကွေးတိုင်းဒေသကြီး စလင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီမှစတင်၍ မင်းဘူး ကညန မှ စလင်းမြို့နယ်အတွင်းရှိ သက်တမ်းတိုးလိုသော မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

မော်တော်ယာဉ် ၄၇ စီး၊ ဆိုင်ကယ် ၆၀၂ စီး၊ ဆိုင်ကယ်စီးလိုင်စင်အသစ် ၅၆၉ ဦးကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## အသိပညာပေးဟောပြောပွဲနှင့်ကျန်းမာရေးဆေးခန်းဖွင့်

**တပ်ကုန်း**
နေပြည်တော် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအုပ်စု ရှောက်ကုန်းကျေးရွာ ဒေသခံပြည်သူများ ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဆောင်ရွက်သည့် အသိပညာပေးဟောပြောပွဲနှင့် ရွေ့လျားကျန်းမာရေးဆေးခန်းကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပြုလုပ်သည်။

ရွေ့လျားကျန်းမာရေးဆေးခန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းနှင့် ကျန်းမာရေးဆရာ၊ ဆရာမများက လိုအပ်သည်များ ကူညီဆောင်ရွက်မှုနှင့်အတူ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ စန်းစန်းမြင့်အောင်နှင့် ဆရာဝန်များက မျက်စိ၊ သွားနှင့်ခံတွင်း၊ သားဖွားမီးယပ်နှင့် အထွေထွေရောဂါများရှာဖွေစမ်းသပ်(အခမဲ့) ကျန်းမာရေးစောင့်ရှောက်ပေးခဲ့သည်။

**(ပြန်/ဆက်)**

## သီးနှံမျိုးစေ့များအတွက် ထောက်ပံ့ငွေပေးအပ်

**ဝက်လက်**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မကျီးဖြူကျေးရွာတွင် မီးဘေးသင့်တောင်သူများအား သီးနှံမျိုးစေ့များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက် ညနေ ၃ နာရီက ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

မကျီးဖြူကျေးရွာတွင် မေ ၁၀ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးဘေးသင့်တောင်သူ ၁၇ ဦးတို့အတွက် မျိုးစပါး ၁၂၇ တင်း၊ မျိုးမြေပဲ ၃၁၅ တင်း၊ တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၆၃၀၀၀၀ အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက တောင်သူတစ်ဦးချင်းလက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ပြန်/ဆက်)**

# မြို့ပြအင်ဂျင်နီယာဘာသာရပ် စာအုပ်လှူဒါန်းပွဲ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်

**မန္တလေး ဇူလိုင် ၁၆**
မန္တလေးနည်းပညာတက္ကသိုလ်နှင့် မန္တလေးတိုင်းဒေသကြီး Third Party (QC) အဖွဲ့က စီစဉ်ကျင်းပသည့် ဒေသဖွံ့ဖြိုးရေးသုတေသနရန်ပုံငွေစိုက်ထူပွဲနှင့် မြို့ပြအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက မန္တလေးနည်းပညာတက္ကသိုလ်ပင်မဆောင် စုဝေးခန်းမတွင် ကျင်းပသည်။




အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးသုတေသနရန်ပုံငွေစိုက်ထူခြင်းနှင့် သုတေသနဖောင်ဒေးရှင်းနှင့် ပတ်သက်၍ မန္တလေးနည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဆင့်စိုးက ရှင်းလင်းတင်ပြပြီး Third Party(QC) တိုင်းဒေသကြီးအဖွဲ့ခေါင်းဆောင်ဦးပွက မြို့ပြအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ စာအုပ်များ ပေးအပ် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး သုတေသနဖောင်ဒေးရှင်းရန်ပုံငွေအတွက် အလှူငွေပေးအပ်ခြင်း၊ မြို့ပြအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ စာအုပ်များအား အဆင့်မြင့်ပညာဦးစီးဌာန အထက်မြန်မာပြည်ရှိ နည်းပညာတက္ကသိုလ် ၁၈ ကျောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ နည်းပညာကောလိပ်သုံးကျောင်း၊ စက်မှုလက်မှုသိပ္ပံ ၁၃ ကျောင်း၊ နည်းပညာအထက်တန်းကျောင်း ၁၇ ကျောင်းတို့သို့ စာအုပ်များပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ဌာနမှူးများက လက်ခံရယူကြသည်။

အခမ်းအနားတွင် သုတေသနရန်ပုံငွေအတွက် မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များက ကျပ်သိန်း ၁၅၀၀ ခန့် စိုက်ထူလှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၆**
သတင်းရေးသား ထုတ်ပြန်ခြင်း သင်တန်းအမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီခွဲက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ဒက္ခိဏသင်တန်းကျောင်း၌ ကျင်းပသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးနေရခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဦးစီးအရာရှိ ၃၆ ဦးတို့အား သတင်းစီးဆင်းမှု၊ သတင်းအရင်းအမြစ်များရှာဖွေခြင်း၊ သတင်းအခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းရေးသားခြင်း၊ ဆောင်းပါးရေးသားခြင်း၊ သတင်းဖတ်သူ၏ရှုမြင်ပုံ၊ သတင်းစာရှင်းလင်းပွဲကဏ္ဍ၊ Online အသုံးပြု၍ သတင်းများထုတ်ပြန်ခြင်း၊ သတင်းမီဒီယာဥပဒေ၊ စာနယ်ဇင်းကျင့်ဝတ်၊ သတင်းဓာတ်ပုံပညာ စသည့်ဘာသာရပ်များကို ရက်သတ္တနှစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ ဆွေးနွေးသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် သတင်းထုတ်ပြန်ရေးလုပ်ငန်းများကို ပိုမိုသွက်လက်မြန်ဆန်ပြီး ပြည်သူများအချိန်နှင့်တစ်ပြေးညီ သတင်းအမှန်များသိရှိနိုင်စေရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အရာထမ်းများအား သတင်းရေးသား ထုတ်ပြန်ခြင်းသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(ပြန်/ဆက်)**

# မန္တလေးမြို့တွင် ရာသီပေါ်သီးနှံများ လက်ကားရောင်းချရန် ကုန်စိမ်းဈေးသီးသန့်မရှိသဖြင့် သစ်သီးပွဲရုံများအခက်ကြုံ

**မန္တလေး ဇူလိုင် ၁၆**
မန္တလေးမြို့တွင် ရာသီပေါ်သစ်သီးဝလံများအား လက်ကားဖြန့်ချိရောင်းချရန် ကုန်စိမ်းဈေးသီးသန့်မရှိသောကြောင့် သစ်သီးပွဲရုံများ အခက်အခဲကြုံတွေ့နေရကြောင်း မန္တလေးမြို့မှ ငွေကံ့ကော်သစ်သီးပွဲရုံပိုင်ရှင် ဦးကိုကိုထွေးက ပြောသည်။

အထက်မြန်မာနိုင်ငံအတွင်းမှ စိုက်ပျိုးထွက်ရှိသည့် သစ်သီးဝလံများ၏ အဓိကအားထားရာ ဈေးကွက်တစ်ခုဖြစ်သော မန္တလေးမြို့တွင် သီးသန့်ဈေးမရှိသဖြင့် မြို့တွင်း၌ ပွဲရုံများငှားရမ်းလုပ်ကိုင်နေရခြင်းကြောင့် နေရာအခက်အခဲနှင့် သယ်ယူပို့ဆောင်ရေးစရိတ်များ ပိုမိုကုန်ကျလျက်ရှိကြောင်း သိရသည်။

"ကုန်စိမ်းဈေးမရှိတဲ့အတွက် နယ်ပေါင်းစုံကဝင်လာတဲ့ သစ်သီးတွေကို မြို့ထဲမှာ ပွဲရုံဖွင့်ပြီး တစ်ဆင့်ပြန်လည်ရောင်းချပေးမယ့် သစ်သီးတွေတင်လာတဲ့ ကားကြီးတွေ မြို့ထဲဝင်လာလို့မရတော့ ဆင့်ကဲဆင့်ကဲသယ်ပို့ရတယ်။ သယ်ယူပို့ဆောင်စရိတ်နဲ့ အလုပ်သမားစရိတ်တွေ အပိုကုန်ကျတဲ့အတွက် စားသုံးသူတွေအနေနဲ့လည်း ဈေးပိုကြီးသွားတာပါ" ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တွင်ဖွင့်လှစ်ထားသည့် သစ်သီးပွဲရုံများမှာ ၂၄ နာရီဖွင့်လှစ်ရောင်းချလျက်ရှိသောကြောင့် သီးနှံတင်ပို့သောကားများ ဝင်ထွက်သွားလာရန်၊ မှာယူသည့်နယ်များသို့ တစ်ဆင့်ပြန်လည်တင်ပို့ပေးရန်နှင့် နေ့ဆိုင်း၊ ညဆိုင်းလုပ်ကိုင်နေရသည့် အလုပ်သမားများ အနားယူရန်တို့အတွက် နေရာအကျယ်အဝန်းလိုအပ်မှုများ ကြုံတွေ့နေရကြောင်း သိရသည်။

"ပွဲရုံတွေကလည်း ငှားပြီးဖွင့်ရတာဆိုတော့ နေရာပြောင်းရွှေ့မှုတွေများတယ်။ ဒီလိုပြောင်းရွှေ့မှုတွေအတွက် အခွန်ကောက်တဲ့နေရာမှာလည်း နစ်နာမှုတွေရှိနိုင်သလို ပွဲရုံတွေအနေနဲ့ကလည်း ခဏခဏပြောင်းရွှေ့မှုတွေ လုပ်ရတော့အဆင်မပြေကြဘူး" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ယခုအခါတွင် မန္တလေးမြို့နှင့် ၂၉ မိုင်အကွာရှိ ပုလိပ်မြို့တွင် ပြည်တွင်းလုပ်ငန်းရှင်များစုပေါင်း၍ အထက်မြန်မာပြည် ကုန်ဈေးလက်ကားဈေးတည်ဆောက်ရန် စီစဉ်လျက်ရှိပြီး အဆိုပါဈေးတွင် လက်ကားပွဲရုံများဖွင့်လှစ်ရန် ပေ (၂၀ × ၄၀) အကျယ်အဝန်းရှိအဆောက်အအုံများနှင့် လက်လီရောင်းချလိုသူများအတွက် ရှစ်ပေပတ်လည်ဆိုင်ခန်းပေါင်း ၉၀၀ ကျော် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆိုင်ခန်းနေရာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ရန် ဘဏ်များဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ငွေကံ့ကော် သစ်သီးပွဲရုံပိုင်ရှင် ဦးကိုကိုထွေးက ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပန်းချီဆရာငါးဦး၏ စုပေါင်းပန်းချီပြပွဲနှင့် ရွှေနန်းတော်ပန်းချီပြခန်းဖွင့်

**ချမ်းအေးသာစံ ဇူလိုင် ၁၆**
Mandalay Art Club က ဦးစီးကျင်းပသည့် Mandalay Art Club အဖွဲ့ဝင် ပန်းချီဆရာငါးဦး၏ 5mbArt Exhibition ပန်းချီပြပွဲနှင့် ရွှေနန်းတော်ပန်းချီပြခန်းဖွင့်ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၁ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိ အဆိုပါပန်းချီပြခန်း၌ ကျင်းပသည်။

ပန်းချီပြပွဲတွင် ပန်းချီဆရာ အင်ဂါဉူး၊ ဆရာအောင်အောင်၊ ဆရာစိုးမြင့်ဦး၊ ဆရာမြင့်ထွန်း၊ ဆရာစိုးဝင်း (ရွှေလက်ရာ) တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်နှင့် ကျောက်မျက်ပန်းချီကားစုစုပေါင်း ၈၀ ကို ဇူလိုင် ၁၅ ရက်မှ ၃၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# အွန်လိုင်းစုံစမ်းထောက်လှမ်းမှု ဆွေးနွေးပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၁၆**

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)တို့ ပူးပေါင်းပြီး အွန်လိုင်းစုံစမ်းထောက်လှမ်းမှု ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ Hotel Mandalay ၌ ကျင်းပသည်။



အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်အောင်နှင့် ဖိတ်ကြားထားသည့် အရာရှိကြီးများ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ Programme Coordinator Mr. Zhiqiang Tao နှင့် နည်းပြ ငါးဦး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ လက်တွေ့လုပ်ငန်းခွင် ဆောင်ရွက်နေသော အရာရှိ ၂၄ ဦး စုစုပေါင်း ၃၈ ဦး တက်ရောက်သည်။

အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားတွင် ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်အောင်နှင့် UNODC မှ Programme Coordinator Mr. Zhiqiang Tao တို့က အဖွင့်အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မှောင်ခိုဈေးကွက်အတွင်း တရားမဝင်မူးယစ်ဆေးဝါးနှင့် ပရိကာဆာ သယ်ဆောင်ရောင်းဝယ်မှုနေရာများကို စုံစမ်းဖော်ထုတ်တရားစွဲဆိုနိုင်ရေး လုပ်ငန်းနှင့် စွမ်းရည်များ တိုးတက်မြင့်မားလာစေရန် အွန်လိုင်းမူးယစ်ဆေးဝါး မှုခင်းများအတွက် မှုခင်းလေ့လာချက်များကို မျှဝေပြီး ဒစ်ဂျစ်တယ်မှုခင်း ဆေးပညာနှင့် ပတ်သက်သော နည်းပညာများကို ဆွေးနွေးကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဖာပွန်မြို့တွင် ပန်းချီ၊ ကျပန်းစကားပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**ဖာပွန် ဇူလိုင် ၁၆**

ဖာပွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍(၇၁) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို ပန်းချီ၊ ကျပန်းစကားပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပရာ ဖာပွန်မြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ ကျပန်းစကားပြောပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူ ၁၉ ဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲကို မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**မျိုးဆက်သစ်(ဘားအံ)**



**ဇူလိုင် ၁၃ ရက်က မွန်ပြည်နယ် သထုံခရိုင်ရဲတပ်ဖွဲ့၏ စစ်ရေးပြနှင့်လက်နက်ငယ်ကျွမ်းကျင်မှု(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၈)ဆင်းပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်း ထူးချွန်ဆုများချီးမြှင့်စဉ်။**

လှိုင်ထွန်းအောင်

# သဘာဝဘေးအန္တရာယ်လျှော့ချရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

**ဘိုကလေး ဇူလိုင် ၁၆**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့၏ ကြီးကြပ်မှုတို့ဖြင့် သဘာဝဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးဆိုင်ရာ သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက ဘိုကလေးမြို့နယ် ချောင်းပြကြီးကျေးရွာအုပ်စု ငွေးချောင်းကြီးကျေးရွာ School Shelter ၌ ပြုလုပ်ခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်မှုတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ စိုပြည်မြန်မာ လူမှုဖွံ့ဖြိုးမှု အဖွဲ့ဝင်များ၊ အနာဂတ်ရှေ့ဆောင် သဘာဝဘေးလျော့ပါးရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက်အဖွဲ့ဝင်များ၊ စေတနာမြန်မာ သဘာဝဘေးလျော့ပါးရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက်အဖွဲ့ဝင်များ၊ မြင့်မြတ်သူတို့နှလုံးသား ကျေးရွာအခြေပြု လူမှုရေးအဖွဲ့ဝင်များ၊ အနာဂတ်ကြယ်ပွင့် သဘာဝဘေးလျော့ပါးရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက်အဖွဲ့ဝင်များ၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ အနီးပတ်ဝန်းကျင်ကျေးရွာ ကိုးရွာမှ ကျေးရွာတာဝန်ခံများ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း ၄၅၀ ခန့်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်ဖြစ်သည့် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေကြောင်း သတင်းရရှိချိန်မှစ၍ မုန်တိုင်းသတိပေးချက် အဆင့်ဆင့်အပေါ် ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဆောင်ရွက်ထားရှိခြင်း၊ အရေးပေါ် ရွှေ့ပြောင်းရေးနှင့် သယ်ယူပို့ဆောင်ခြင်း၊ မုန်တိုင်းရှောင် ပြည်သူများအား စနစ်တကျ နေရာချထားခြင်း၊ စားနပ်ရိက္ခာများ ကြိုတင်စုဆောင်းထားရှိခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ခြင်းများ ပြုစုဆောင်ရွက်ပေးခြင်းတို့ကို စနစ်တကျ ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

**(ပြန်/ဆက်)**



## (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

**ကျောင်းကုန်း ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ (၇၁) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ကျောင်းကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ၃၆ ဦး၊ အလယ်တန်းအဆင့် ၃၈ ဦး၊ မူလတန်းအဆင့် ၄၁ ဦး၊ ကဗျာပြိုင်ပွဲတွင် အထက်တန်းအဆင့် ၂၉ ဦး၊ အလယ်တန်းအဆင့် ၂၀ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ဖြေဆိုချိန်မှာ အထက်တန်းအဆင့် နှစ်နာရီ၊ အလယ်တန်းအဆင့် တစ်နာရီခွဲနှင့် မူလတန်းအဆင့် တစ်နာရီ ၁၅ မိနစ်ပေးထားကြောင်း ပညာရေးမှူးရုံးမှ သိရသည်။

**(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### အာဇာနည်နေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**မြောင်းမြ**

(၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၁၁ နာရီက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် 'ကိုးဦးဇာနည်ဘာမထီ' ခေါင်းစဉ်ဖြင့် မြောင်းမြမြို့ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ကာတွန်းဖိုးရှုပ်က ဒိုင်အဖြစ်အကဲဖြတ်ပေးခဲ့ရာ မသက်စုစုစံ အ-ထ-က (၄)က ပထမဆု၊ မမေရွှန်းလက်မော် အ-ထ-က(၁) က ဒုတိယဆု၊ မောင်ကျော်ပုညဟိန်း အ-ထ-က(၆) က တတိယဆု အသီးသီး ရရှိခဲ့ကြသည်။

**(ပြန်/ဆက်)**

### အာဇာနည်ကျောက်တိုင်နှင့် ပတ်ဝန်းကျင်တို့အား သန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန်**

(၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် သန်လျင်မြို့နယ် အာဇာနည်ကျောက်တိုင်နှင့် ပတ်ဝန်းကျင်တို့အား ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ဌာနဆိုင်ရာများနှင့် ပရဟိတအဖွဲ့များ သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အာဇာနည်ကျောက်တိုင်နှင့် ပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ အောင်မင်္ဂလာစာဖတ်ခန်းနှင့် ပရဟိတအဖွဲ့တို့က စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ပြန်/ဆက်)**

### သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများကို ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

မင်္ဂလာဒုံမြို့နယ် တိလောကရုံရပ်ကွက်နှင့် ရွာသစ်ကျေးရွာတို့ရှိ နေအိမ်၊ ရုံး၊ ရေတွင်း၊ ရေကန်၊ ရေစည်၊ ရေအိုး၊ ကားတာယာအဟောင်း၊ ဘုရားပန်းအိုးနှင့် ပုံးခွံအလွတ်တို့တွင် ပိုးလောက်လမ်းများ ရှိ-မရှိ စစ်ဆေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်းအကြောင်း ပြည်သူများအား အသိပညာပေးခြင်း လုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ပြန်/ဆက်)**

### မိုးရာသီအမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် ဌာနနှင့် ကလပ်ပေါင်းစုံ မိုးရာသီ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို တွံတေးမြို့မဘောလုံးကွင်း၌ ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

တွံတေးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက အမှာစကားပြောကြားသည်။ ပြိုင်ပွဲသို့ အသင်း (၁၆) သင်းပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားသို့ အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာဆိုင်ရာတာဝန်ရှိသူများ၊ အားကစားသမားများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

ကြေးမုံ
ဇူလိုင် ၁၇၊ ၂၀၁၈

# ကျန်းမာသက်ရှည်ခြင်း၏ လျှို့ဝှက်ချက်များ(၃)

ဒေါက်တာဇော်ထွန်းလင်း (ဆေးပညာမဟာသိပ္ပံ)

## အဆုတ်ကျန်းမာရေး



လူသည် အမြဲအသက်ရှူနေခြင်းဖြင့် အသက်ရှင်နေခြင်းဖြစ်သည်။ အသက်ရှူခြင်းကို အဆုတ်နှင့် လေပြွန်များပါဝင်သည့် အသက်ရှူအင်္ဂါအဖွဲ့က ဆောင်ရွက်ခြင်းဖြင့် လေထဲမှအောက်ဆီဂျင်ကို သွေးထဲသို့ ရောက်စေသည်။သွေးကိုသန့်စေသည်။ အောက်ဆီဂျင်ပြည့်ဝသောသွေးဖြင့် ခန္ဓာကိုယ်တစ်ခုလုံးရှိ အင်္ဂါအစိတ်အပိုင်းအသီးသီး၏လုပ်ငန်းဆောင်တာများကို မှန်မှန်ကန်ကန်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ဤနေရာတွင် ကျန်းမာရေးအတွက် အောက်ဆီဂျင်ပြည့်ဝပြီး အဆိပ်အတောက်ကင်းသော လေကောင်းလေသန့် ရရှိခြင်း၊လေပြွန်များ ကောင်းမွန်ခြင်း၊ အဆုတ်တွင်းရှိ လေအိတ်ငယ်များ ကောင်းမွန်ခြင်းတို့မှာ အရေးကြီးသည်။လေကောင်းလေသန့်ရရှိရန် လေထုညစ်ညမ်းမှုမရှိရန် လိုအပ်သည်။

လူ့ကျန်းမာရေးအတွက် အန္တရာယ်ပေးနိုင်သော၊ လိုအပ်သည်ထက်ပိုလျှံနေသော အငွေ့များ၊ အမှုန်များ၊ ဇီဝမော်လီကျူးများ ကမ္ဘာ့လေထုထဲရောက်ရှိနေခြင်းကို လေထုညစ်ညမ်းမှုဟုခေါ်သည်။ လေထုညစ်ညမ်းမှုသည် မြို့ပြတွင်ပိုမိုများပြား၍ ကျေးလက်ဒေသတွင်နည်းပါးသည်။ ထို့ကြောင့် ကျေးလက်နေသူများသည် မြို့ပြနေသူများထက်ပို၍ ကျန်းမာသက်ရှည်ကြရခြင်းဖြစ်သည်။၂၀၀၈ ခုနှစ် Black Smith Institute ၏ အစီရင်ခံစာတွင် အခန်းတွင်းလေထုညစ်ညမ်းမှု (Indoor Air Pollution)နှင့် မြို့ပြလေထုမသန့်မှု (Poor Urban Air Quality) ပြဿနာနှစ်ခုသည် ကမ္ဘာ့အဆိုးရွားဆုံးလေထုညစ်ညမ်းမှုဟု ဖော်ပြခဲ့သည်။၂၀၁၂ ခုနှစ်တွင် လေထုညစ်ညမ်းမှုကြောင့် လူခုနစ်သန်းခန့် သေဆုံးခဲ့ရကြောင်း၊ ၂၀၁၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစီရင်ခံစာအရ သိရသည်။

လေထုညစ်ညမ်းမှုကြောင့် အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း၊ နှလုံးရောဂါ၊ နာတာရှည် အဆုတ်လေပြွန်ပိတ်ဆို့သောရောဂါ၊ လေဖြတ်ခြင်းနှင့် အဆုတ်ကင်ဆာတို့ကိုဖြစ်စေသည်။ အသက်ရှူကျပ်ခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်းနှင့် နဂိုရှိပြီးသားနှလုံးရောဂါများကို ပို၍ဆိုးစေသည်။

အသက်ရှူလမ်းကြောင်းအောက်ပိုင်း ပိုးဝင်ခြင်း (Lower Respiratory tract infection,LRTI) ကြောင့် သေဆုံးမှုသည် ကမ္ဘာ့သေဆုံးမှုအများဆုံးရောဂါများတွင် တတိယလိုက်သည်။ ၅ ဒသမ ၇ ရာခိုင်နှုန်းရှိ၍ ၂၀၁၅ ခုနှစ်တွင် လူ ၁ ဒသမ ၅ သန်းခန့်သေဆုံးခဲ့ရသည်။

နာတာရှည် အဆုတ်လေပြွန်ပိတ်ဆို့သော ရောဂါ (Chronic Obstructive Pulmonary Disease, COPD) ကြောင့် သေဆုံးမှုသည် ၅ ဒသမ ၆ ရာခိုင်နှုန်းရှိ၍ ကမ္ဘာ့သေဆုံးမှုအများဆုံးရောဂါများတွင် စတုတ္ထလိုက်သည်။ ၂၀၁၅ ခုနှစ်တွင် လူ ၃ ဒသမ ၁ သန်းခန့် ထိုရောဂါကြောင့် သေဆုံးခဲ့ရသည်။

အသက်ရှူလမ်းကြောင်း၊ လေပြွန်နှင့် အဆုတ်ကင်ဆာရောဂါကြောင့် သေဆုံးမှုသည် သုံးရာခိုင်နှုန်းရှိ၍ ကမ္ဘာ့သေဆုံးမှုအများဆုံးရောဂါများတွင် ပဉ္စမလိုက်သည်။၂၀၁၅ ခုနှစ်တွင် ဤရောဂါများကြောင့် လူ ၁ ဒသမ ၇ သန်းခန့် သေဆုံးခဲ့ရသည်။

သို့ပါ၍ အဆုတ်ကျန်းမာရေးချို့တဲ့၍ ကျန်းမာရေးထိခိုက်ခြင်း၊ အသက်သေဆုံးရခြင်းများမှ ကင်းဝေးကြစေရန်၊ လေကောင်းလေသန့်ရအောင် နေထိုင်ခြင်း၊ လေထုညစ်ညမ်းမှု ကင်းဝေးအောင် အစီအမံများ ဆောင်ရွက်ခြင်း၊ အခန်းတွင်း လေဝင်လေထွက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ခြင်း၊တီဘီနှင့် ကူးစက်ရောဂါများ ပပျောက်အောင်ဆောင်ရွက်ခြင်း၊ အသက်ရှူလေ့ကျင့်ခန်းအပါအဝင်ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခြင်း၊ လုပ်ငန်းခွင်များတွင်လည်း အမှုန်အမွှင်များ၊ ဓာတ်ငွေ့များစသည့် အဆုတ်ကိုထိခိုက်စေသော အခြေအနေများရှိပါက အကာအကွယ်များဖြင့်ကာကွယ်ခြင်း စသည်တို့ဖြင့်ကျန်းမာသက်ရှည်အောင် ဆောင်ရွက်နိုင်ကြပါသည်။

## အသည်းကျန်းမာရေး



အသည်းသည် ကိုယ်ခန္ဓာကျန်းမာရေးအတွက် အရေးကြီးသော အင်္ဂါတစ်ခုဖြစ်သည်။ အသည်းသည် ခန္ဓာကိုယ်ကို အဆိပ်အတောက်ဖြစ်စေသော ဓာတ်ပစ္စည်းများကို သွေးထဲမှဖယ်ရှားပေးခြင်း (ဥပမာ - Xeno-estrogens, ပိုးသတ်ဆေးများ၊ သီးနှံဖျက်ဆေးများ၊ ဆေးဝါးများ၏ ဘေးထွက်ပစ္စည်းများ)၊ အစားအစာမှ အဆီဓာတ်ကို အစာချေခြင်း၊ ဗိုက်တာမင် အေ၊ ဒီ၊ အီးနှင့်ကေ ကိုစုပ်ယူရာတွင်ကူညီခြင်း၊ ခန္ဓာကိုယ်အတွက် လိုအပ်သော ဟော်မုန်းများ ထုတ်လုပ်ခြင်းနှင့် တစ်သျှူးများ ပြန်လည်ကျက်နိုင်ရန်အတွက် လိုအပ်သော ကိုလက်စထရောကို ထုတ်လုပ်ပေးခြင်း၊ ခန္ဓာကိုယ်အတွက် လိုအပ်သော အသားဓာတ်များကို ထုတ်လုပ်ပေးခြင်း၊ဗီတာမင် သတ္တုဓာတ်နှင့် သကြားဓာတ်များကို သိုလှောင်ပေးခြင်း၊ သွေးထဲမှ ဘက်တီးရီးယားပိုးများကို ဖယ်ရှားပေးခြင်း၊ သိုင်းရွိုက်ဟော်မုန်း (T4)ကို ခန္ဓာကိုယ်မှ သုံးနိုင်သော သိုင်းရွိုက်ဟော်မုန်း(T3)အဖြစ် တိုးမြှင့်ပေးခြင်း၊ အစာမှ စွမ်းအင်အဖြစ် လိုအပ်သောအခါ ပြောင်းလဲပေးခြင်း၊ ကလာပ်စည်းများအတွက် လိုအပ်သော စွမ်းအင်အတွက် ကီတုန်းဘော်ဒီများကို ထုတ်လုပ်ခြင်း၊ သွေးခဲစေရန်အတွက် လိုအပ်သော ပစ္စည်းအများဆုံးကို ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းတာဝန်များဖြင့် ခန္ဓာကိုယ်ကို အကျိုးပြုပါသည်။

ထို့ကြောင့် ခန္ဓာကိုယ် ကျန်းမာအသက်ရှည်ရေးအတွက် အသည်းကျန်းမာဖို့ အရေးကြီးသည်။ အသည်းကျန်းမာဖို့အတွက် အရေးကြီးဆုံးမှာ ကျန်းမာရေးနှင့် ညီညွတ်သော နေထိုင်မှုပုံစံဖြင့်နေရန် အရေးကြီးပါသည်။

(၁) အရက်အလွန်အကျွံသောက်ခြင်းသည် အသည်းကလာပ်စည်းများကို ပျက်စီးစေသည်။ အသည်းရောင်ရမ်းခြင်းမှသည် နောင်တွင် အသည်း အမာရွတ်ဖြစ်၍ အသည်းမာကျုံ့ခြင်း (Liver Cirrhosis) ဖြစ်စေသည်။
(၂) ကိုယ်လက်လှုပ်ရှားမှု နည်းခြင်းသည် အဝလွန်ခြင်းကို ဖြစ်စေသည်။ ထိုမှတစ်ဆင့် အသည်းအဆီဖုံးခြင်းဖြစ်ကာ နောက်ဆုံး အရက်ကြောင့် မဟုတ်သော အသည်းမာရောဂါကို ဖြစ်စေသည်။
(၃) ဆေးဝါးတချို့သည် အသည်းကို ပျက်စီးစေသည်။ ဥပမာ အကိုက်အခဲ ပျောက်ဆေး (Acetaminophen) ကို လိုအပ်သည်ထက် ပိုသောက်လျှင် အသည်းကိုထိခိုက်သည်။
(၄) အသည်းရောင် အသားဝါရောဂါကာကွယ်ပါ။ အသည်းရောင်ရောဂါအေသည် ရောဂါပိုးပါသောရေနှင့် အစားအစာများစားသုံးခြင်းမှကူးစက်၍ ဘီနှင့် စီသည် သွေးနှင့်ခန္ဓာကိုယ်အရည်များမှတစ်ဆင့် ကူးစက်သည်။ အသည်းရောင်ရောဂါပိုးများသည် အသည်းကို ပျက်စီးစေသည်။ အသည်းရောင် ရောဂါပိုး အေနှင့်ဘီအတွက် ကာကွယ်ဆေးရှိသော်လည်း စီအတွက် ကာကွယ်ဆေးမပေါ်သေးပါ။ ထိုရောဂါများသည် လက္ခဏာ တစ်စုံတစ်ရာမပြဘဲ ရှိတတ်သဖြင့် လူတိုင်း အသည်းရောင်အသားဝါရောဂါပိုး ရှိ-မရှိ စစ်ဆေးသင့်သည်။
(၅) အဆိပ်အတောက်များကို ရှောင်ပါ။ သန့်ရှင်းရေးသုံးပစ္စည်းများ၊ ဖျန်းဆေးများ၊ မှုတ်ဆေးများ၊ ပိုးသတ်ဆေးများတွင် အသည်းကိုထိခိုက်သော ဓာတုအဆိပ်များပါဝင်သဖြင့် ထိုအရာများနှင့် တိုက်ရိုက်ထိတွေ့ခြင်း၊ ရှူရှိုက်မိခြင်းများမှ ရှောင်ပါ။ ဆေးလိပ်တွင်ပါဝင်သော ဓာတ်ပေါင်းပစ္စည်းများသည်လည်း အသည်းကိုထိခိုက်စေနိုင်သဖြင့် ဆေးလိပ်သောက်ခြင်းကို ရှောင်ပါ။
(၆) အချို့သော ဆေးဖက်ဝင် အသီးအရွက်များနှင့် ဖြည့်စွက်စာများသည်၊ အသည်းကို ထိခိုက်စေတတ်သဖြင့် သေသေချာချာနားမလည်ဘဲ မသုံးစွဲသင့်ပါ။
(၇) ကော်ဖီသောက်ပါ။ အသည်းရောဂါဖြစ်ပွားနှုန်းကို လျော့စေသည်။ အကြောင်းရင်းကိုမူ ရှာမတွေ့သေးပါ။ ဆက်လက်သုတေသနပြုရန် လိုပါသေးသည်။
(၈) အာဖလာအဆိပ်(Aflatoxin)ပါသောမှိုတက်စာ (ဥပမာ ငရုတ်သီး၊ မြေပဲ၊ လက်ဖက်စသည်တို့)တွင် မမြင်နိုင်သော မှိုများရှိသဖြင့်၊ သတိပြုပါ။အသည်းကင်ဆာဖြစ်နိုင်သည်။

## အသည်းအားကောင်းစေသော အစားအစာများ

(၁) မြင်းစားဂျုံမှုန့် (Oatmeal)နှင့် ကွေကာအုပ်၊ တွင် ဓာတ်သတ္တုများ၊ ဗီတာမင် ဘီ(၁)၊ ဘီ(၅)၊ ဘီ(၆)၊ ဘီ(၃) တို့ပါဝင်သဖြင့် အသည်းအာဟာရအတွက် ကောင်းသည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်း အာဗင်နမ်သရာမိုက် (Avenanthramide) ပါဝင်သဖြင့် သွေးပေါင်ချိန်ကိုကျစေသည်။ သွေးကြောကို ကျယ်စေ၍ ရောင်ရမ်းခြင်းကို လျော့စေသည်။
(၂) ကော်ဖီသောက်သုံးခြင်းသည် အသည်းရောဂါ၊ အသည်းမာရောဂါ၊ အသည်းရောင်ခြင်းတို့ကို ကာကွယ်သည်။ အသည်းရောဂါ နာတာရှည်ဖြစ်နေသူများကိုလည်း အသည်းမပျက်စီးအောင် ကာကွယ်သည်။ တားဆီးပေးသည်။
(၃) **လက်ဖက်။** ။ ဂျပန်နိုင်ငံတွင် လေ့လာချက်အရ ရေနွေးကြမ်း တစ်နေ့ ငါးခွက် မှ ၁၀ ခွက်အတွင်း သောက်လျှင် အသည်းကျန်းမာရေးကို အထောက်အကူပြုသည်။ နောက်လေ့လာချက်တစ်ခုအရ အရက်ကြောင့် မဟုတ်သော အသည်းရောဂါတွင် လက်ဖက်ရည်ကြမ်းကို ၁၂ ပတ် သောက်ကြည့်သောအခါ အသည်းကျန်းမာရေးကို သိသိသာသာ တိုးတက်စေကြောင်း တွေ့ရှိရပါသည်။
(၄) ဂရိတ်ဖရုတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်နေသဖြင့် အသည်းကိုကာကွယ်သည်။ ပါဝင်သော ဓာတ်တိုးဆန့်ကျင် ပစ္စည်းနှစ်မျိုးမှာ Naringenin နှင့် Naringin တို့ဖြစ်သည်။ Naringenin သည် အသည်းတွင် အဆီစုပုံခြင်းကို တားဆီးပြီး အဆီများကို လောင်ကျွမ်းစေသော အင်ဇိုင်းများကို တိုးစေသည်။ Naringin က အရက်ကို အသည်းက ချေဖျက်နိုင်စွမ်းကိုတိုးစေပြီး ဆိုးကျိုးများကို တန်ပြန်တွန်းလှန်သည်။
(၅) ဘယ်ရီသီးအပြာရောင်နှင့် ဘယ်ရီသီးအချဉ် (Blueberries ,Cranberries) တွင် Anthocyanins ခေါ်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်ပြီး ကျန်းမာရေးကိုအားပေးသည်။ အသည်းအမာရွတ်ဖြစ်ခြင်းကို နှေးကွေးစေသည်။
(၆) စပျစ်သီး - အထူးသဖြင့် အနီရောင်နှင့် ခရမ်းရောင်စပျစ်သီးတွင်ပါဝင်သောပစ္စည်းများသည် ကျန်းမာရေးအတွက်အကျိုးထူးသည်။ အကျော်ကြားဆုံးပါဝင်ပစ္စည်းမှာ Resveratrol ဖြစ်ပြီး များစွာသော ကျန်းမာရေး အကျိုးကျေးဇူးများကို ဖြစ်စေသည်။ စပျစ်သီးအစေ့မှ ရရှိသောသတ္တုရည်ကို သုံးလခန့် မှီဝဲလျှင် အရက်ကြောင့် မဟုတ်သော အသည်းရောဂါတွင် အသည်းလုပ်ငန်းကို တိုးတက်စေသည်ကို တွေ့ရသည်။
(၇) ကကျားလျာခေါ် ရှားစောင်းလက်ပပ်ပင်တစ်မျိုး၏ အသီး (Prickly Pear)သည် နှစ်ပေါင်းများစွာ အနာများ၊ ဒဏ်ရာများ၊ ပင်ပန်းနွမ်းနယ်မှုနှင့် အသည်းရောဂါများအတွက် သုံးစွဲခဲ့သော တိုင်းရင်းဆေးတစ်မျိုးဖြစ်သည်။ ၂၀၀၄ ခုနှစ် လေ့လာချက်အရ လူ ၅၅ ယောက်တွင် အရက်ကြောင့် အရက်နာကျခြင်းကို လျော့ကျစေကြောင်း တွေ့ခဲ့ရသည်။
(၈) သကြားမုန်လာဥဖျော်ရည် (Beetroot Juice) တွင် နိုက်တြိတ်နှင့် Betalain ခေါ်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်း ပါဝင်သည်။ ထိုပစ္စည်းများသည် ဓာတ်တိုးပျက်စီးမှုကို လျှော့ချခြင်းနှင့် အရောင်လျော့ခြင်းအတွက် အကျိုးရှိသည်။
(၉) ပန်းမုန်လာစိမ်းနှင့် မုန်ညင်းစိမ်းတို့တွင် ကျန်းမာရေးအတွက် အကျိုးထူးသော ပစ္စည်းများပါဝင်သည်။ ထိုပစ္စည်းများသည် အဆိပ်အတောက်ပြေစေသော အသည်း၏ ပါဝါကို မြင့်တက်စေ၍ အသည်းပျက်စီးခြင်းမှ ကာကွယ်ပေးသည်။
(၁၀) အခွံမာသီးများတွင် အဆီများ၊ အာဟာရများ၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်း၊ ဗီတာမင်အီးနှင့် ကျန်းမာရေးအတွက် ကောင်းမွန်သော သစ်ပင်ပစ္စည်းများပါဝင်သည်။ နှလုံးကျန်းမာရေးနှင့် အထူးသဖြင့် အသည်းကျန်းမာရေးအတွက် လွန်စွာ အထောက်အကူပြုစေသည်။
(၁၁) အဆီများသောငါးများတွင် အိုမီဂါ(၃)အဆီဓာတ်ပါဝင်ပြီး ယင်းသည် ရောင်ရမ်းမှု လျော့စေခြင်းနှင့် နှလုံးနှင့် အသည်းရောဂါဖြစ်ပွားမှုကို နည်းစေသည်။ အိုမီဂါ (၆) အဆီအက်စစ်နှင့် အိုမီဂါ (၃) အဆီအက်စစ်အချိုးမြင့်တက်ပါက အသည်းရောဂါဖြစ်ပွားနှုန်းကို အားပေးသည်။ ထို့ကြောင့် အိုမီဂါ(၆) အဆီအက်စစ်ထက် အိုမီဂါ (၃) အဆီအက်စစ်ပါဝင်သော အဆီများသောငါးများကို ပိုမိုစားသုံးသင့်သည်။
(၁၂) သံလွင်ဆီသည် ကျန်းမာရေးအတွက် အကျိုးများသော အဆီတစ်ခုဖြစ်သည်။ အရက်ကြောင့် မဟုတ်သော အသည်းရောဂါရှိသူ ၁၁ ဦးကို တစ်နေ့လျှင် သံလွင်ဆီ လက်ဖက်ရည်ဇွန်း တစ်ဇွန်း ၆ ဒသမ ၅ စီစီ သောက်သုံးစေခြင်းဖြင့် အသည်းအင်ဇိုင်းနှင့် ကျန်းမာရေးအတွက် အထောက်အကူပြုသော အဆီများကို မြင့်မားစေသည်ကို တွေ့ရှိရသည်။ ထို့ပြင် သံလွင်ဆီသည် ခန္ဓာကိုယ်တွင်းရှိ ကျန်းမာရေးအတွက် အကျိုးပြုသော အသားဓာတ်များကို မြင့်တက်စေခြင်းဖြင့် ကျန်းမာရေးကောင်းစေသည်။ အသည်းတွင် အဆီစုပုံခြင်းကိုတားဆီး၍ အသည်းသွေးလည်ပတ်မှုကို အားကောင်းစေသည်။ ။

# “ဝိုင်းကြီးချုပ် စပွန်ဆာ” ရုပ်ရှင်ဇာတ်ကား ဇူလိုင် ၂၀ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသမည်

**ရန်ကုန် ဇူလိုင် ၁၆**

လူစွမ်းကောင်းရုပ်ရှင် ထုတ်လုပ်ရေးက စီစဉ်သည့် “ဝိုင်းကြီးချုပ် စပွန်ဆာ” ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ပြသခဲ့ပြီး ဇူလိုင် ၂၀ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများ၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဩရသက ရိုက်ကူးထားခြင်းဖြစ်ပြီး မိသားစုချင်း ချစ်ခင်စည်းလုံးရန်၊ အချစ်ကိစ္စကို ဦးတည်ချက်လွဲမှားစွာထားမိပါက မိသားစုများအကြား ဒုက္ခဆင်းရဲဖြစ်တတ်ပုံ၊ အချစ်စစ် အချစ်မှန်ဟူသည် မည်သို့ပင်ခွဲပါစေ ပေါင်းစည်းရတတ်ကြောင်း စသည့် ရည်ရွယ်ချက်များဖြင့် ရယ်ရွှင်ဖွယ် ရိုက်ကူးထားခြင်း ဖြစ်သည်။

ယင်းရုပ်ရှင် ဇာတ်ကားတွင် ခန့်စည်သူ၊ ဇေရဲထက်၊ ခင်လှိုင်၊ ကျော်ကျော်၊ စိုးမြတ်သူဇာ၊ ရွှေမှုံရတီ၊ တက္ကသိုလ်ငွမ်းပုံတို့နှင့် အခြားသော အနုပညာရှင်များစွာဖြင့် ပုံဖော်ထားပြီး ယနေ့ခေတ်ကာလတွင် ဖြစ်လေ့ဖြစ်ထရှိသော လူမှုကွန်ရက်စာမျက်နှာ(ဖေ့စ်ဘွတ်)ပေါ်မှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်ကာ တွေ့ဆုံမှုများ၊ ထိုသို့ တွေ့ဆုံရာ အထင်နှင့် အမြင် ကွဲလွဲနေမှုများနှင့် နောက်ဆက်တွဲ ပြဿနာများ၊ မိမိကိုယ်တိုင် ကြိုးစားမှုမရှိဘဲ သူတစ်ပါး၏ အကူအညီကို အလွယ်တကူ ရယူမှုတို့ကြောင့် လူမှုဘဝတွင် ဖြစ်လေ့ဖြစ်ထရှိသော အခြေအနေများကို အဓိကအခြေခံကာ ရိုက်ကူးထားသော အချစ်ဟာသဇာတ်ကား ဖြစ်သည်။



ဒါရိုက်တာ ဩရသ



အကယ်ဒမီ ခန့်စည်သူ



သရုပ်ဆောင် ခင်လှိုင်



အကယ်ဒမီ တက္ကသိုလ်ငွမ်းပုံ



သရုပ်ဆောင် ကျော်ကျော်

ဒါရိုက်တာဩရသက “ယနေ့ခေတ် လူတွေကြားထဲမှာ စပွန်ဆာဆိုပြီး အပြောများနေတဲ့အတွက် အခုလိုရိုက်ဖြစ်ခဲ့တာပါ၊ အဓိကကတော့ ကိုယ့်ဟာကိုယ် ကြိုးစားရပ်တည်မှုထက် နောက်လူရဲ့ အထောက်အပံ့တစ်ခုရှိရင် ကိုယ်အောင်မြင်မယ်ဆိုတဲ့ ခံယူချက်ရှိတဲ့သူတွေကို နည်းနည်းလေး သရော်ချင်တာပါ၊ တကယ်တော့ လူတွေအားလုံးဟာ ဒီလို စပွန်ဆာတွေယူပြီး ပြေလည်သွားကြလားဆိုတော့ မပြေလည်ကြပါဘူး၊ ဒီစပွန်ဆာ ဆိုတဲ့အထဲမှာ အပေးတွေ၊ အယူတွေလုပ်ကြပြီး စပွန်ဆာ သံသရာထဲမှာပဲလည်ပြီးတော့ ဘဝတွေက နစ်မွန်းကြရတာတွေကို ကျွန်တော်က တင်ပြထားတာပါ၊ တကယ်တမ်းကျတော့ ဘဝမှာ မိမိကိုယ်သာ အားကိုးရာဖြစ်ပါတယ်၊ ဒီဇာတ်ကားလေးဟာ ပရိသတ်တွေကို ပျော်ရွှင်မှုတွေ ပေးပါလိမ့်မယ်၊ ဇူလိုင် ၂၀ ရက်နေ့ ရုံတင်တဲ့အချိန်ကျရင် လာရောက်အားပေးကြပါ” ဟု ပြောသည်။

သရုပ်ဆောင် ခန့်စည်သူက “ဒီဇာတ်ကားက ဟာသကားဆိုပေမယ့် ဇာတ်လမ်းနဲ့သွားတဲ့ ဇာတ်ကား တစ်ကားပါ၊ ဒီကားလေးကနေ ကျွန်တော်တို့ပေးချင်တဲ့ အကြောင်းအရာကတော့ လူတစ်ယောက်အနေနဲ့ ကိုယ်နဲ့ထိုက်တန်တဲ့နေရာ၊ ကိုယ်နဲ့ထိုက်တန်တဲ့ အခွင့်အရေး၊ ကိုယ်နဲ့ထိုက်တန်တဲ့ အရာလောက်ကိုပဲ မှန်းသင့်ပါတယ်၊ တကယ်လို့များ ကိုယ်နဲ့မထိုက်တန်တဲ့ အခွင့်အရေးတွေ လိုချင်မိပြီဆိုရင်တော့ မတော်လောဘ ဖြစ်တတ်တယ်ဆိုတဲ့ အကြောင်းလေးတွေကို ပေးထားတာပါ”ဟု ပြောသည်။

သရုပ်ဆောင် ခင်လှိုင်က “ဒီဇာတ်ကားထဲမှာတော့ လူမိုက်တစ်ယောက်ပါ၊ မငွမ်းခိုင်းတာ အားလုံးလိုက်လုပ်ရတယ်၊ တစ်ယောက်နဲ့ တစ်ယောက် စပွန်ဆာတွေ ဘယ်လိုပေးကြတယ်၊ မသိဘဲနဲ့ တစ်ယောက်နဲ့တစ်ယောက် ဖေ့စ်ဘွတ်မှာ တွေ့ကြတယ်၊ နောက်ပိုင်းမှာ ဇာတ်တွေ ရှုပ်ကုန်တဲ့ အချစ်ဟာသဇာတ်ကားလေးပါ၊ ဖေ့စ်ဘွတ်က တချို့ အဖြစ်အပျက်လေးတွေကို အခြေခံထားတာပါ”ဟု ပြောသည်။

သရုပ်ဆောင် တက္ကသိုလ် ငွမ်းပုံက “အခုခေတ်စားနေတဲ့ ဖေ့စ်ဘွတ်ကနေ မလိုလားအပ်တဲ့ အကြောင်းအရာတွေ ဖြစ်ပေါ်နေတာတွေရှိတယ်၊ အဲဒီအကြောင်းတွေကို ရိုက်ပြထားတာပါ၊ နောက်တစ်ခုကတော့ အပျော်အပျော်နဲ့ ဟိုဘက် လိမ်လိုက်၊ ဒီဘက် လိမ်လိုက်နဲ့ အချစ်ဇာတ်လမ်းတွေမှာဆိုရင်လည်း နှစ်ပင်တွေလိမ်ပြီး မလိုလားအပ်တဲ့ အချစ်ဇာတ်လမ်းတွေဖြစ်တတ်တယ်ဆိုတာ ပရိသတ်ကို မက်ဆေ့ပေးထားတာပါ၊ အတုယူတတ်မယ်ဆိုရင် တကယ်ကောင်းပါတယ်”ဟု ပြောသည်။

သရုပ်ဆောင် ကျော်ကျော်က “ကျွန်တော်ကတော့ ကြံ့ဒိုးဆိုတဲ့ ဇာတ်ကောင်နေရာကနေ ပါဝင်သရုပ်ဆောင်ရတာပါ၊ ရိုးသားတဲ့ သူတွေလို သာမန်နည်းလမ်းနဲ့ ပိုက်ဆံမရှာဘဲနဲ့ ဖြတ်လမ်းသဘောမျိုးနဲ့ ပိုင်းလုံးပုံစံလုပ်ပြီး ငွေညှစ်တဲ့ ဇာတ်ကောင်နေရာကနေ သရုပ်ဆောင်ရတာပါ၊ အဲဒါကို ဟာသလေးတွေနဲ့ ရိုက်ထားတာပါ၊ လူမှုပတ်ဝန်းကျင်မှာ ဖြစ်ပျက်တတ်တဲ့ သဘောလေးတွေကို ရိုက်ကူးထားတာ ဖြစ်တဲ့အတွက် ပရိသတ်တွေ ကြည့်သင့်တဲ့ ဇာတ်ကားကောင်းလေး တစ်ကားဖြစ်ပါတယ်၊ ဒီဇာတ်ကားကနေ သင်ခန်းစာတွေ ရလိမ့်မယ်လို့ မြင်ပါတယ်”ဟု ပြောသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# အနုပညာသက်တမ်း ရက် ၁၀၀၀ ပြည့်အထိမ်းအမှတ်ပြုလုပ်ခဲ့တဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ “TWICE”ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့ အနုပညာလှုပ်ရှားမှုတွေ ပရိသတ်ရှေ့ရောက်ရှိလာတာ ရက် ၁၀၀၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလို အနုပညာသက်တမ်း တစ်လျှောက် မှတ်တိုင်တစ်ခုကို ကျော်ဖြတ်ခဲ့ရာမှာတော့ အဖွဲ့ဝင်တွေက အမှတ်တရအထိမ်းအမှတ်အဖြစ် တွစ်တာစာမျက်နှာပေါ်ကနေ တစ်ဆင့် ပရိသတ်တွေအတွက် စကားလက်ဆောင်တွေ ပါးခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ပရိသတ်တွေအတွက် ကျေးဇူးတင်ကြောင်း ဖော်ပြတဲ့အနေနဲ့ အဖွဲ့ဝင်တွေက တရားဝင်လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ တွစ်တာပေါ်မှာ အဖွဲ့ဝင်တွေရဲ့ ဓာတ်ပုံတွေနဲ့အတူ စာသားအချို့ကို ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီလိုဖော်ပြခဲ့ရာမှာတော့ အဖွဲ့ရဲ့ ပရိသတ်တွေဖြစ်ကြတဲ့ “ONCE”အဖွဲ့အတွက် ရည်ညွှန်းကာ အနုပညာသက်တမ်းတစ်လျှောက် အားပေးခဲ့မှုတွေအတွက် ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့ပါတယ်။ ဒ့ါအပြင် ရှေ့ဆက်ပြီး နောက်ရက် ၁၀၀၀ ကိုလည်း ယခုဖြတ်ကျော်ခဲ့သလို ပရိသတ်တွေနဲ့ အတူတကွ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းသွားလိုကြောင်းလည်း ဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။



# ပျော်ဖြေရေးစင်မြင့်ပေါ်က ခြေချော်ကျခဲ့တဲ့ ဘလိတ်ခ်ရှယ်တန်

နာမည်ကျော် တေးသံရှင်တစ်ဦးဖြစ်တဲ့ ဘလိတ်ခ်ရှယ်တန်ဟာ သူ့ရဲ့ ဖျော်ဖြေပွဲတစ်ခုမှာ ပွဲကျင်းပနေစဉ်မှာပင် ဖျော်ဖြေရေးစင်မြင့်ထက်ကနေ ခြေချော်ကျခဲ့ပါတယ်။ ဒီလိုဖြစ်ခဲ့တာနဲ့ပတ်သက်ပြီး တေးသံရှင်က သူဟာ အရက်အတော်လေးသောက်ထားတာကြောင့်ဖြစ်တယ်လို့ ပြောကြားခဲ့ကြောင်းလည်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဘလိတ်ခ်ရှယ်တန်ဟာ ပန်ဒယ်တန်မှာပြုလုပ်ခဲ့တဲ့ သူ့ရဲ့ဖျော်ဖြေပွဲတွင် စင်မြင့်မှာပါရှိတဲ့ လှေကားပေါ်တက်စဉ် ခြေချော်ကျခဲ့တာ ဖြစ်ပါတယ်။ ဒီလို မတော်တဆအဖြစ်အပျက်ကို မှတ်တမ်းတင်ထားတဲ့ ဗီဒီယိုဟာလည်း အွန်လိုင်းမီဒီယာပေါ်မှာ ပျံ့နှံ့နေတာဖြစ်ပါတယ်။ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ဘလိတ်ခ်ရှယ်တန်က ဘာမျှမဖြစ်ခဲ့သလိုမနေခဲ့ဘဲ သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ သူက ယင်းဗီဒီယိုကိုပဲ ရှာဖွေမကြည့်ရှုကြဖို့ ပရိသတ်တွေကို ပြောဆိုရင်းက အရက်သောက်တာများသွားတာကြောင့် ခြေချော်ကျခဲ့တာဖြစ်တယ်လို့လည်း ဖော်ပြခဲ့ပါတယ်။

# မိုင်ယာမီကို ပြန်လည်ရောက်ရှိလာတဲ့ ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်

ပြီးခဲ့တဲ့လအတွင်း မိုင်ယာမီမှာ အတူရှိနေစဉ် ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ပြီဖြစ်ကြောင်း သတင်းတွေ ပြန်လည်ပေါ်ထွက်လာခဲ့တဲ့ ပေ့ါပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့ မော်ဒယ်လ်တစ်ဦးဖြစ်သူ ဟေးလေးဘော်ဝင်တို့ဟာ လတ်တလောမှာတော့ အချစ်တွေကို ပြန်လည်မွေးဖွားပေးခဲ့ရာ မိုင်ယာမီကို နောက်တစ်ကြိမ် ပြန်လည်ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။

ဟေးလေးဘော်ဝင်ရဲ့တိုက်ခန်းကို ဂျက်စတင်ဘီဘာက သွားရောက်ကာ ချစ်သူရဲ့ အထုပ်အပိုးတွေ ကိုယ်တိုင်သယ်ပေးရင်း တိုက်ခန်းကနေ ခေါ်ဆောင်လာခဲ့ပြီးနောက် ဇူလိုင် ၁၃ ရက်မှာတော့ သူတို့နှစ်ဦးကို မိုင်ယာမီကမ်းခြေမှာ အတူတကွတွေ့ခဲ့ရတာ ဖြစ်ပါတယ်။ ကမ်းခြေမှာ လွတ်လွတ်လပ်လပ်ပြေးလွှားနေတဲ့ ဟေးလေးဘော်ဝင်နဲ့ ဂျက်စတင်ဘီဘာတို့ဟာ ညပိုင်းမှာတော့ စားသောက်ဆိုင်မှာ အတူတကွ ညစာစားခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

မိုင်ယာမီမှာ အတူရှိနေတဲ့ သူတို့နှစ်ဦးရဲ့ ပုံရိပ်တွေကို ပရိသတ်တွေက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ စနေနေ့မှာတော့ ကမ်းခြေမှာ ပါတီပွဲတစ်ပွဲကျင်းပခဲ့ရာ ကြယ်ပွင့်စုံတွဲကတော့ ပါတီပွဲကလူတွေနဲ့ ဝေးရာတစ်နေရာမှာ အတူလမ်းလျှောက်နေတာကို တွေ့ခဲ့ရကြောင်း မျက်မြင်တစ်ဦးရဲ့ ပြောကြားချက်ကိုကိုးကားကာ မေးအွန်လိုင်းဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

ဒီလို ပြန်လည်လက်တွဲခဲ့ရာမှာတော့ ဂျက်စတင်ဘီဘာက သူနဲ့ ဟေးလေးဘော်ဝင်တို့ ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ခဲ့ပြီး မကြာမီ ချစ်သူသက်တမ်း တစ်လခန့်မှာပင် စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေ ထွက်လာပါတယ်။ ဂျက်စတင်ဘီဘာကိုယ်တိုင်ကလည်း သတင်းတွေမှန်ကန်ကြောင်း သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်ကနေ တစ်ဆင့် တရားဝင်ပြောကြားခဲ့ပါတယ်။ လက်ရှိမှာတော့ ဂျက်စတင်ဘီဘာဟာ ဟေးလေးဘော်ဝင်ရဲ့ မိသားစုဝင်တွေနဲ့လည်း တွေ့ဆုံခဲ့ပြီး နှစ်ဦးသား မင်္ဂလာပွဲကျင်းပဖို့ပင် စီစဉ်နေပြီဖြစ်ကြောင်း သတင်းတွေ ထွက်လာခဲ့ပါတယ်။

**အေးပြည့် - ရေးသားသည်**

တိုတိုထွာထွာဖတ်စရာ

## အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

**မိုင်းယု**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့တွင် (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အ. ထ. က(မိုင်းယု) ကျောင်းအုပ်ဆရာကြီး ဦးစိုင်းတင့်ဆန်းက ဟောပြောပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး အထက်တန်းပြဆရာမ ဒေါ်အေးနွယ်စိုးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒေါ်အေးအေးစိုးတို့က အာဇာနည်ခေါင်းဆောင်ကြီးများ အကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများအား နံရံကပ်စာစောင်နှင့် ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်စာစောင်များ ခင်းကျင်းပြသပေးခဲ့ကြောင်း သိရသည်။

**(ပြန်/ဆက်)**

## ကလေးများပြုစုလေ့ကျင့်မှု အသိပညာပေးသင်တန်းဖွင့်

**နေပြည်တော်**

ကလေးငယ်များ ပြုစုလေ့ကျင့်မှု အသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စိတ်ပါဝင်စားသူ သင်တန်းသား သင်တန်းသူ ၃၀ တို့အား မသန်စွမ်းမှုနှင့် မသန်စွမ်းမှုအမျိုးအစားများ၊ UNCRPD၊ အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်သော ကလေးများအကြောင်း၊ ဘာသာစကားဖွံ့ဖြိုးမှု၊ အခြေခံလက်မှု၊ တစ်ကိုယ်ရေလုပ်ဆောင်မှု၊ တေးဂီတနှင့် လှုပ်ရှားမှု၊ စာရေး၊ စာဖတ်၊ သင်္ချာ၊ ငွေကြေးသုံးစွဲခြင်း၊ သင်ကြားမှုနည်းစနစ်များနှင့် လက်တွေ့လေ့ကျင့်သင်ကြားခြင်းဘာသာရပ်များကို ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်ထိ ဆွေးနွေးအသိပညာပေး သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြန်/ဆက်)**

## အရိပ်ရသစ်ပင်မျိုးစုံစိုက်ပျိုး

**ဆီဆိုင်**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စု လွယ်တဖြီးတောင်ခြေသို့ သွားရာလမ်းတစ်လျှောက် တောင်တက်လမ်းဘေးဝဲယာ၌ ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက ဖြူစင်နှလုံးသားသွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးစံဝင်းမောင်နှင့် အသင်းဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်း(ခွဲ) ဥက္ကဋ္ဌ ဦးချိုတူးမောင်နှင့် အသင်းဝင်များ၊ အောင်ချမ်းသာရပ်ကွက် နယ်မြေ ၇ မှ ရပ်ကွက်သူ ရပ်ကွက်သားများက ကမ္ဘာမြေစိမ်းလန်းစိုပြည်စေရန် အရိပ်ရအပင်မျိုးစုံ ၆၀၀ ကို တပျော်တပါး စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## Myanmar Model Talent Show ရွေးချယ်

**မဟာအောင်မြေ**

Myanmar Moment Entertainment က ကြီးမှူး၍ Mr&Miss Myanmar Model Talent Show ရွေးချယ်ပွဲကို ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၈ လမ်း၊ ရန်ကုန်-မန္တလေးလမ်း ခင်စောမူကွေ့ရှိ Wilson Hotel ခန်းမတွင်ကျင်းပရာ အကဲဖြတ်ဒိုင်များ၊ မြန်မာနိုင်ငံမှ ဒီဇိုင်နာများ၊ ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးသောကုမ္ပဏီများ၊ ပြိုင်ပွဲဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

အကဲဖြတ်ဒိုင်အဖွဲ့ခေါင်းဆောင်က ပြိုင်ပွဲစည်းမျဉ်းများ ရှင်းလင်းပြောကြားပြီး မန္တလေးမြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ Mr & Miss Model များက မြန်မာဝတ်စုံများ၊ တိုင်းရင်းသားဝတ်စုံများ၊ အနောက်တိုင်းဝတ်စုံများဖြင့် ကိုယ်ဟန်အလှယှဉ်ပြိုင်ကြပြီး ဒိုင်အဖွဲ့က အကဲဖြတ်အမှတ်ပေးကာ ကာယအလှမောင်နှင့် အလှမယ်များရွေးချယ်ကာ ဂုဏ်ပြုလက်ဆောင်များ၊ ပန်းစည်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## ကျား၊ မ ရေးရာနှင့် လုပ်ငန်းခွင် အသိပညာပေး အစီအစဉ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၁၆**

လုပ်သားထုအကြား ကျား၊ မ ရေးရာဆိုင်ရာကဏ္ဍကို နားလည်သဘောပေါက်စေရန်၊ လုပ်ငန်းခွင်တွင် ကျား၊ မရေးရာ ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်းကို သိရှိနားလည်စေရန်နှင့် လုပ်ငန်းခွင်ရှိ မတူညီသော လုပ်သားထုများအကြား တွေ့ကြုံခံစားနေရသော ခွဲခြားဆက်ဆံမှုများနှင့် ကျား၊ မရေးရာအခြေပြု အကြမ်းဖက်မှုများ လျှော့နည်းပပျောက်စေရန် ရည်ရွယ်၍ ကျား၊ မရေးရာနှင့် လုပ်ငန်းခွင်ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို လာမည့် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel ၌ ပြုလုပ်သော သတင်းမီဒီယာများအား အသိပေးထုတ်ပြန်ပွဲမှ သိရသည်။



အဆိုပါ အသိပညာပေးအစီအစဉ်ကို ကျား၊ မရေးရာ တန်းတူညီမျှရေးဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် အလုပ်သမားအရေးဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများ အပါအဝင် အဖွဲ့အစည်း၊ ကွန်ရက်များ စုစုပေါင်း ၁၉ ဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး လုံခြုံစိတ်ချရသော လုပ်ငန်းခွင်တစ်ခုဖြစ်စေရန်အတွက် ဆောင်ရွက်မည့်လုပ်ငန်းများအနက် ကနဦးအသိပညာပေးအစီအစဉ်တစ်ခုဖြစ်ကြောင်း အဆိုပါထုတ်ပြန်ပွဲမှ သိရသည်။

"အခုပြုလုပ်မယ့်ပွဲမှာ လုပ်ငန်းခွင်အတွင်းမှာ ကြုံတွေ့နေရတဲ့ အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှမှုမရှိတဲ့ ကိစ္စတွေကို အဓိကထားပြီး ဆွေးနွေးကြမှာဖြစ်ပါတယ်၊ ဒါ့အပြင် အသိပညာပေးပြခန်း ၁၀ ခန်းလည်း ထည့်သွင်း ပြသသွားဖို့ရည်ရွယ်ထားပါတယ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်နေတဲ့ နေရာမှာ တစ်ထောင့်တစ်နေရာက ပါဝင်လိုတဲ့အတွက် လုပ်ဆောင်ခြင်းလည်းဖြစ်ပါတယ်၊ ဥပဒေတွေအပြင် အသိပညာပေးမှုတွေကိုလည်း လုပ်ဆောင်သွားမှာဖြစ်သလို ဖျော်ဖြေပွဲတွေ၊ အသိပညာပေး ပြဇာတ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်" ဟု ကျား၊မရေးရာ တန်းတူညီမျှရေး ကွန်ရက် (Gender Equality Network)မှ ကိုဝင်းပိုက်မျိုးက ပြောသည်။

ယင်းအစီအစဉ်ကို "ခွဲခြားကင်းစင် လုပ်ငန်းခွင်၊ လုံခြုံစိတ်ချ လုပ်သားဘဝ" ဆောင်ပုဒ်ဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းခန်းမ၌ ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် "ကျား၊ မရေးရာနှင့် လုပ်ငန်းခွင်" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲများ၊ သရုပ်ဖော်ဇာတ်လမ်းတိုများ၊ နိုင်ငံကျော်အဆိုတော်များ၏ ပါဝင်သီဆိုဖျော်ဖြေမှု စသည့် စိတ်ဝင်စားဖွယ် အစီအစဉ်များလည်း ထည့်သွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဟိန်းထက်လင်း(ကြေးမုံ)**
**ဓာတ်ပုံ-အေးမင်းသူ**

## တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးဒိုပြိုင်ပွဲဖွင့်



**နေပြည်တော် ဇူလိုင် ၁၆**

တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးဒိုအားကစားပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ပွဲရုံ(ယ) ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီးနောက် ကရာတေးဒိုကစားနည်း သရုပ်ပြသမှုများနှင့် ကရာတေးဒို အားကစားပြိုင်ပွဲ၏ အမျိုးသား အမျိုးသမီး ခတပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပုံများကို ကြည့်ရှုအားပေးသည်။

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးဒိုပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း၊ အသင်းလိုက် ခတပွဲစဉ်များ၊ အမျိုးသား အမျိုးသမီး အသင်းလိုက် ကုမိတဲ့ပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ အသင်း ၁၂ သင်းမှ အားကစားသမား စုစုပေါင်း ၁၂၃ ဦးဖြင့် ဇူလိုင် ၁၆ ရက်မှ ၁၇ ရက်ထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**ကြေးမုံ**

## တိုင်းရင်းသားကဏ္ဍအချပ်ပိုများအား ဒေသခံတိုင်းရင်းသားများသို့အခမဲ့ဝေငှ

**မြစ်ကြီးနား ဇူလိုင် ၁၆**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ကိုယ်ပွားသတင်းစာတိုက်မှတာဝန်ယူကာ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားအချပ်ပို သတင်းစာစောင်များအား ဇူလိုင် ၁၅ ရက် နံနက် ၇ နာရီက မြစ်ကြီးနားမြို့ပေါ်ရှိ ခရစ်ယာန်ဘုရားကျောင်းအသီးသီးသို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားများအား အခမဲ့ဝေငှပေးခဲ့သည်။

အဆိုပါ တိုင်းရင်းသားအချပ်ပို သတင်းစာစောင်များအား ကချင်ပြည်နယ်အစိုးရ၏ လမ်းညွှန်မှုဖြင့် ကိုယ်ပွားသတင်းစာတိုက်မှ တာဝန်ယူဖြန့်ချိလျက်ရှိသည့် နေ့စဉ်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ဒေသခံပြည်သူများ ဖတ်ရှုနိုင်ရန် ကချင်ဘာသာစာပေနှင့် တိုင်းရင်းသားအချပ်ပို သတင်းစာစောင်များအား ရက်သတ္တနှစ်ပတ်လျှင်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည်။

အဆိုပါ တိုင်းရင်းသားအချပ်ပို စာစောင်တွင် ပြည်နယ်အစိုးရအဖွဲ့၏ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ဒေသတွင်း တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများ၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဌာနဆိုင်ရာများ၏ ဆောင်ရွက်မှုများ၊ မှုခင်းဖြစ်ရပ်ဖြစ်စဉ်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အကြောင်းအရာများ ဝေဝေဆာဆာဖော်ပြပါရှိကြောင်း သိရသည်။ **ဦးလေးကြီး**

## စားသုံးရန်မသင့်သော စားသောက်ကုန်များစစ်ဆေး

**ထီးချိုင့် ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ပေါ်ဈေးနှင့် ကျောင်းဈေးတန်းမုန့်ဆိုင်များ၌ စားသုံးရန်မသင့်သော စားသောက်ကုန်များ ဈေးကွက်အတွင်း ရောင်းချခြင်းမရှိစေရန် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီက ကွင်းဆင်းစစ်ဆေးတားမြစ်ခြင်းကို ဆောင်ရွက်ခဲ့သည်။

မြို့နယ် တာဝန်ရှိသူများသည် ထီးချိုင့်မြို့ပေါ်ဈေးများနှင့် ကျောင်းဈေးတန်းများတွင် စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

**ကျော်ခဲ (ထီးချိုင့်)**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် မြိတ်မြို့ဖွံ့ဖြိုးတိုးတက်ရေး ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

**မြိတ် ဇူလိုင် ၁၆**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် မြိတ်မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ဇူလိုင် ၁၅ ရက် ညနေ ၄နာရီက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာအစည်းအဝေးခန်းမတွင် မြိတ်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က ပြည်သူများအား ဝန်ဆောင်မှုပေးနေသည့်ဌာနဆိုင်ရာများနှင့် အမြဲမပြတ်တွေ့ဆုံဆွေးနွေးအဖြေရှာနေမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြိတ်ကျွန်းစုတွင် ငါးမွေးမြူရန်ကောင်းမွန်သည့်အတွက် ကုမ္ပဏီများမှ စိတ်ဝင်စားလျက်ရှိကြကြောင်း၊ မြိတ်ဒေသအနေဖြင့် ရေလုပ်ငန်းဖြင့်တိုးတက်လျက်ရှိပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာများပေးသွင်းလျက်ရှိသည့် ဒေသဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာများက ဌာနအလိုက် မြို့သန့်ရှင်းသာယာလှပရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လျှပ်စစ်မီးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ စီမံကိန်းလုပ်ငန်းများ၊ စည်ပင်သာယာနယ်နိမိတ်သတ်မှတ်ရေး၊ မှုခင်းများကျဆင်းရေးနှင့် မူးယစ်ဆေးဝါးတားဆီးရေးစီမံချက်ဖြင့် ဆောင်ရွက်နေမှုများကို ဌာနဆိုင်ရာတာဝန်ရှိသူများက တင်ပြခဲ့ကြပြီး မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြိတ်ကန်တော်မင်္ဂလာ သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဝန်ကြီးချုပ်က အလှူငွေကျပ် သိန်း ၅၀၀ ပေးအပ်လှူဒါန်းခဲ့ရာ စည်ပင်သာယာရေးကော်မတီက လက်ခံရယူခဲ့သည်။

ဆက်လက်၍ ဌာနဆိုင်ရာများအား ပြည်သူ့အကျိုးအတွက် လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် အတ္တတွေကိုရှေ့တန်းမတင်ဘဲ ဌာနဆိုင်ရာများပူးပေါင်းပြီး အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်ပေးကြရန် ဝန်ကြီးချုပ်က ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# တရားစီရင်ရေးနှင့်ဆက်စပ်သည့် တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**ပဲခူး ဇူလိုင် ၁၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရေးဆွဲသည့် တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၀) အရ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (Case Management Porgram-CMP) အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် တရားစီရင်ရေးနှင့်ဆက်စပ်သည့် တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းနှင့်အညီ တရားရုံးများ၌ အမှုများကို စစ်ဆေးစီရင်ရာတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (Case Management Porgram-CMP) စနစ်နှင့် စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ အမှုသည်များ တရားရုံးသို့လာရောက်သည့်အကြိမ်ရေ၊ အမှုပြီးပြတ်ရန် ကြန့်ကြာမှုများကို လျော့နည်းစေပြီး မှန်ကန်မြန်ဆန်ထိရောက်သော ဆောင်ရွက်မှုဖြစ်သည်ကိုသိရကြောင်း၊ ယခုမှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရဆောင်ရွက်မည့် ပဲခူးခရိုင်တရားရုံးနှင့် ပဲခူးမြို့နယ်တရားရုံးသာမက တိုင်းဒေသကြီးတစ်ခုလုံးရှိ တရားရုံးများကို တက်ရောက်လာကြသည့် အဖွဲ့အစည်းများက အစဉ်အမြဲပူးပေါင်းကူညီပံ့ပိုးပေးကြရန် တိုက်တွန်းပါကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး ခိုင်ခိုင်မာမာရပ်တည်နိုင်ရန် စုပေါင်းအင်အားသည် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်းအကြောင်းနှင့် ပြောင်းလဲကျင့်သုံးမည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (CMP) လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးမြင့်ဆန်းက မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အဆင့်ဆင့်နှင့် အသုံးပြုမည့်ပုံစံများကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်း အကြံပြုတင်ပြခြင်းများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

တိုင်းဒေသကြီးနှင့် မြို့နယ် ဥပဒေအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**တင်စိုး(ပဲခူး)**

## တိုတိုထွာထွာဖတ်စရာ

### စစ်မှုထမ်းဟောင်းအဖွဲ့များတွေ့ဆုံပွဲနှင့် အဖွဲ့ဝင်များအား ထောက်ပံ့ကြေးပေးအပ်

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့များ တွေ့ဆုံပွဲနှင့် အသက် ၇၅ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက ကျိုက်ခေါက်ဘုရားလမ်းရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပသည်။

မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အသက် ၇၅ နှစ်ပြည့် စစ်မှုထမ်းဟောင်း ၁၇ ဦးတို့အား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကျော်မိုးကြည်(ငြိမ်း) နှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**(ပြန်/ဆက်)**

### အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား မှုခင်းဆိုင်ရာများ အသိပညာပေးဟောပြော

**ဝေါ**

အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား မှုခင်းဆိုင်ရာအသိပညာဗဟုသုတများရရှိ၍ ဆင်ခြင်ရှောင်ရှားတတ်စေရန်အတွက် မှုခင်းဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အောက်ပန်းညိုကျေးရွာ မူလွန်ကျောင်း၌ကျင်းပသည်။

ဝေါမြို့နယ် ညောင်ခါးရှည်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်တင်ထွန်းအောင်က လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှုဆိုင်ရာများ၊ မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောပြီး ကျောင်းသား ကျောင်းသူလေးများ၏ မေးမြန်းမှုများကို စခန်းမှူး ရဲအုပ်တင်ထွန်းအောင်က ပြန်လည်ရှင်းလင်းခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

**နေလင်း(ညောင်လေးပင်)**

# ရန်ကုန်မြစ်ရေ(ဒီရေ) မြင့်တက်မှုကြောင့် ဒလမြို့နယ်အတွင်း မြေနိမ့်ပိုင်း ရေဝင်သော်လည်း စိုးရိမ်စရာမရှိ

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း ရန်ကုန်မြစ်ရေ (ဒီရေ) မြင့်တက်မှုကြောင့် သင်္ဘောဆိပ်ကမ်းနှင့် စက်တပ်သမ္ဗန်ကူးတို့ဆိပ်ကမ်းများ၌ ရေပြည့်လျှံခြင်းတို့ကြောင့် မြစ်၊ ချောင်းကမ်းပါးအနီးနေထိုင်သူများနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသော ရပ်ကွက်များအတွင်းတို့တွင် ရေဝင်ရောက်သော်လည်း ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခြင်းမရှိဘဲ ဒီရေအတက်အကျနှင့် ရေစီးရေလာကောင်းမွန်မှုတို့ကြောင့် ရေနစ်မြုပ်မှုအန္တရာယ် မစိုးရိမ်ရကြောင်း၊ မြစ်ရေတက်သော်လည်း ပြန်လည်ပြီး ရေကျသွားကြောင်း မြစ်ချောင်းအနီးနေထိုင်ကြသော ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများထံမှ သိရသည်။ ယမန်နေ့ညနေ ၅ နာရီ ၁၅ မိနစ်က ဒလ-ပန်းဆိုးတန်း ကူးတို့ဆိပ် ဒလဘက်ကမ်း မြစ်ရေမြင့်တက်မှုလာအား မြင်တွေ့ရသည်။

နှစ်စဉ် မိုးရာသီကာလ ဝါဆို-ဝါခေါင်လများအတွင်း လပြည့်ကျော်လွန်ပြီးရက်များနှင့် လကွယ်၊ လဆန်းရက်များတွင် တစ်လလျှင် အနည်းဆုံး ခြောက်ကြိမ်ခန့် ရန်ကုန်မြစ်ရေမှာ မြင့်တက်လာလျက်ရှိပြီး မြို့နယ်အတွင်းရှိ ချောင်း၊ မြောင်းများအတွင်း ရေပြည့်ရေလျှံခြင်းတို့ဖြစ်ပေါ်လျက်ရှိရာ မြို့နယ်အတွင်းရှိ ရေထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ခြင်း၊ ရေဆွဲအားကောင်းမွန်ခြင်းနှင့် ပင်လယ် ဒီရေအတက်အကျမှန်ကန်ခြင်းတို့ကြောင့် ရေမှာ အမြစ်းဆင်းနေလျက်ရှိပြီး ဝါထပ်သောနှစ်များ၌ ရေဝင်ရောက်မှုကို အများဆုံးတွေ့ကြုံလျက်ရှိကြောင်း သိရသည်။



မိုးရာသီ ဝါတွင်းကာလအတွင်း မြစ်ချောင်းများ၌ ရေပြည့်ရေလျှံခြင်းဖြစ်ပေါ်လျက်ရှိရာ မြို့မ(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က "ကျွန်တော်တို့မြို့မ(၁)ရပ်ကွက်အနေနဲ့က မြစ်ချောင်းနဲ့ နီးကပ်လို့ မြေနိမ့်ပိုင်းမှာရှိတဲ့ ရပ်ကွက်အတွင်းက နေအိမ်အချို့နဲ့ လမ်းမနဲ့ လမ်းသွယ်တွေကတော့ မြစ်ရေဝင်ရောက်မှုဖြစ်ပါတယ်၊ မြစ်ရေကတော့နှစ်စဉ် ပုံမှန်ဝင်ရောက်မှု ရှိပါတယ်၊ ဒီနေ့က ခေါင်ရေကြီးတဲ့ နေ့မို့လို့ မနေ့ကနဲ့ ဒီနေ့ ညနေ ၅ နာရီ ၁၅ မိနစ်က စပြီးတော့ မြစ်ရေဝင်ရောက်မှုဖြစ်နေပါတယ်။ အဲ့ဒါကလည်း အထူးစိုးရိမ်စရာ မရှိပါဘူး။ ည ၇ နာရီနောက်ပိုင်းဆို မြစ်ရေပြန်ကျသွားပါတယ်" ဟု ၎င်းကပြောကြားသည်။

မြစ်ချောင်းအနီး၌ရှိသော အုံကြီးအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်က "ကျွန်တော်တို့ရပ်ကွက်အနေနဲ့ မနေ့က မြစ်ရေဝင်ရောက်မှုဖြစ်ပါတယ်၊ လမ်းပေါ်ရေကျော်တယ်၊ ဒီနေ့က ရေဝင်ရောက်မှုနည်းသွားပါတယ်၊ နှစ်စဉ် ပုံမှန်ဖြစ်လေ့ဖြစ်ထရှိလို့ စိုးရိမ်စရာမရှိပါဘူး" ဟု ပြောသည်။

"ဒီရေတက်တဲ့အချိန်မှာ မြစ်ချောင်းများမှာ ရေပြည့်ရေလျှံခြင်းများဖြစ်ပေါ်တတ်လို့မြစ်ချောင်းအတွင်း အန္တရာယ်ရှိနိုင်တာကြောင့် ကလေးတွေနဲ့ လူငယ်တွေကို ရေဆင်းမကစားဖို့ ပြောချင်ပါတယ်" ဟု ဆက်လက်ပြောကြားခဲ့သည်။ ဒလမြို့နယ်အတွင်း မြစ်ရေဝင်ရောက်မှုကြောင့် မြစ်ကမ်းပါးအနီးနေထိုင်သူများနှင့် မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ရပ်ကွက်အချို့၌ ရေထရက်ဖြစ်သည့် ဇူလိုင် ၁၄ ရက်နှင့် ဇူလိုင် ၁၅ ရက် ညနေ ၅ နာရီမှ စတင်ပြီး ည ၇ နာရီအထိ လမ်းမပေါ်၌ မြစ်ရေဝင်ရောက်မှု ဖြစ်ပွားခဲ့ပြီး အဆိုပါမြစ်ရေမှာ ဒီရေအတက်အကျ ပုံမှန်စီးဆင်းသွားကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၇-၆-၂၀၁၈ ရက်မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ထုတ်ပေးလျက်ရှိရာ ၂၆-၇-၂၀၁၈ ရက်တွင် လျှောက်လွှာများ ပိတ်သိမ်းမည် ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ်-၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

### မိဘအမည်မှန်

လှိုင်သာယာမြို့နယ်၊ အထက(၂)၊ နဝမတန်း(J)မှ မောင်နေသူရ၏ မိဘအမည်မှန်မှာ ဦးကျော်လွင်ဦး [၁၂/တတန(နိုင်)၀၇၁၂၇၄]နှင့် ဒေါ်ဇင်မာ [၁၂/တတန(နိုင်)၁၁၇၂၇၃]တို့ ဖြစ်ပါကြောင်း။ **ဦးကျော်လွင်ဦး-ဒေါ်ဇင်မာ**


အင်္ဂလိပ်စာ
ဆရာဦးမိုးမြင့်မောင်
Saya William (Top English)
ဆရာအောင်အောင်
- General English 4-Skills
- Grammar+Writing
- Phonetics
EVER TOP သင်တန်းကျောင်း
Ph:09254903604,09799656514

မိုးရှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
10', 15', 16'
09 5024774
09 73179228
09 49155515
09 49225338

မင်္ဂလာသုခ Travel & Tours Co., Ltd.
July27 -August 2,9,16,23,30
ရန်ကုန်-ဟန်နွိုင်း-ဟလောင်း-နင်းဘင်(3N/4D)USD 375
ရန်ကုန်-ဟန်နွိုင်း-ဟလောင်း(overnight in cruise)(3N/4D)USD 420
Hot line:01-293407,09-250301066/99

JES Driver Academy
အထူးယာဉ်မောင်းသင်တန်း
ထူးခြားသောနည်းစနစ်များဖြင့်သင်ကြားပေးမည့်ယာဉ်မောင်း အထူးသင်တန်းကို (၂၃ - ၇ -၂၀၁၈) တနင်္လာနေ့တွင် ဖွင့်လှစ်ပါမည်။ လူဦးရေကန့် သတ်ထားပါသည်။
(ခ) လိုင်စင်ရသည်အထိ ဆောင်ရွက်ပေးမည်။ (အမောင်းသင် လိုင်စင်လက်ဝယ်ရှိသူများ အမြန်လိုင်စင်ရမည်။)တက်ရောက် လိုသူများအောက်ပါဖုန်းနံပါတ်များတွင်စုံစမ်းနိုင်ပါသည်။
09 788118233, 09 797815723, 09 252898872
09 32173735, 09 767272088, 09 263145979
www.facebook.com/jesdriveracademy


### ပညာရေးဝန်ကြီးဌာန
### သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ ခုနှစ်၊ (ဧပြီလမှစက်တင်ဘာလအထိ) ဘဏ္ဍာရေးနှစ်အတွင်း အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ ရုံးဟောင်း(၃)ထပ်ဆောင် (A,B,C,D) လေးဆောင် မွမ်းမံခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းမည့်ရက် - ၁၂-၇-၂၀၁၈ရက်၊ ၉း၃၀နာရီ
တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက်- ၂၆-၇-၂၀၁၈ရက်၊ ၁၆း၀၀နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ အသေးစိတ်သိရှိလိုပါက သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ (ဖုန်း-၀၁-၆၆၃၂၅၈၊ ၀၁-၆၆၅၂၉၂၊ ၀၁-၆၆၃၀၂၆)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

### INVITATION TO OPEN PREQUALIFICATION OF BIDDING

The Irrigation and Water Utilization Management Department (IWUMD), Ministry of Agriculture, Livestock and Irrigation, announces the PREQUALIFICATION of International Competitive Bidding for "Procurement of Construction Machineries and Cutter Suction Dredger for IWUMD" under the Agriculture Income Improvement Project in Shwebo Area, Sagaing Region based on the Loan Aggrement (Loan No.: MY-P25) signed on 29th March, 2018 between the Japan International Cooperation Agency (JICA) and the Ministry.

The procurement works shall consist of equipment supply, site assembling, test-run, training and commissioning for the construction machineries. Please note that Joint Ventures are acceptable.

| Sr.No. | Bidding No. | Description | Qty: | Remarks |
|---|---|---|---|---|
| 1. | AIIP-Package 4-1 | Procurement of Construction Machineries and Special Vehicles for IWUMD | 1 Package | |
| 2. | AIIP-Package 4-2 | Procurement of Cutter Suction Dredger for IWUMD | 1 Package | |

A complete set of prequalification documents is available in Myanmar Kyat (50,000/-) from 10:00 to 12:00 and 14:00 to 16:00 in the working days from 16th to 23rd, July, 2018 at Procurement Director Office of Irrigation and Water Utilization Management Department, Building No. (43), Nay Pyi Taw and closing date will be 16th, August, 2018 during office hours. Submission of the Documents later than closing date will not be considered.

Contact: Director Office, Procurement Branch, IWUMD.
Telephone: +95-673-410316


စီးပွားရေးလုပ်မလား
စီးပွားရေးစန်းထလာသည့်နေရာ
တောင်ဥက္ကလာ ဝေဇယန္တာလမ်းမကြီးမှ ဝင်ခြံ
(CITY MART,ELECTRONIC CITY၊
အခြား SHOW ROOM များ၊
မင်းလမ်းမှန်တီပင်လယ်စာ)အနီး
(48'x60')ဂရံ မြေကွက် (လမ်းနှစ်ဖက်ထောင့်ကွက်)
K-5000 L (ညှိနှိုင်း)
TEL : 0950-72745(အကျိုးဆောင်လက်ခံသည်)

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

မမ
ဒင်္ဂါးပြားအရှေ့ပိုင်း။
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-444880970






"ပါကေးခင်းမယ်ဆိုရင် သတိရပါ၊ ဆက်သွယ်ပါ။ အိမ်ရှင်တိုင်း စိတ်ချမ်းသာစေရမည်"
UNP ပါကေးဦးထွန်းမိသားစု
Hot Line 09-500 4036

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029,09-795669534

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

ဝိန်ငါးလုံး အကျိတ်အဖုလိမ်းဆေး
အမှတ်တံဆိပ်
အကြိတ်အဖုအမျိုးမျိုးနှင့် ကိုနှုကုနာ၊ ဆွေးစုနာ၊ မွေးကျိတ်နာ၊ အနာစိမ်း၊ ရေယုန်နာ၊ ဂရင်ဂျိနာ၊ ခြေ၊လက်၊ဗဓါးကွဲအနာများ အပြင် မွေး၊ ဝဲ၊ ယားနာ၊ နှင်းခူတို့ကို သက်သာပျောက်ကင်းစေပါသည်။
-၀၉၄၂၁၀၄၀၀၀၅
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။


တော တောင် ခြောက် ခန်း လယ် ယာ နွမ်း ၏

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

S.D Development Co.,Ltd, Sein Daung Superstore သပြေကုန်း (နေပြည်တော်) ဆိုင်သစ်ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

စိန်ညီအစ်မ (Fashion)
ဆိုင်(၁) အမှတ်(၉)၊ ၂၇ လမ်း၊ ၈၄×၈၅ ကြား၊ အပြင်တန်း မန်းမြန်မာဈေးချိုပလာဇာ၊ ဖုန်း- ၀၉-၂၀၀၇၄၄၂။
ဆိုင်(၂)၊ အမှတ် (GF 3, 4, 5)၊ ရတနာပုံ Diamond Plaza (၃၃)လမ်း၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၆၂၀၇။
ဆိုင်(၃)၊ အမှတ် (C-19)၊ မန်းမြန်မာပလာဇာ၊ မြေညီထပ် ၈၄×၈၅ ကြား၊ ၂၇×၂၈ကြား၊ မန္တလေးမြို့။ ဖုန်း-၀၉-၂၀၃၉၃၈

Home Since 1996
think of House, think of Home
ပါကေးအစားထိုး ကြမ်းခင်း
Grade နှင့် Quality ဝေ့စ်နေ့ကို စက်မြင်(အခမဲ့) စမ်းသပ်ပေးသည်

Grade အညီအသွေး အလိုက် ရွေးချယ်လိုက်
8mm Grade- A 110,000
8mm Grade- C 92,000
8mm Grade- D 86,000
8mm Grade- E 79,000
တစ်ကျင်းဈေး(၃၈)ချပ် Floor Only (8" x 48")
* Stock Limit အတွင်းသာ *
အမှတ် F(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း) မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
အမှတ် (E-11A) လေးဒေါင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။
အမှတ်(၁၀)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
09-950 950 950, 09-79 700 70 70

သတိုးအောင်ဇေယျ / Computer Sale & Service

Pentium - 1.6 Ghz
Ram - 1 GB
HDD - 40 GB
၉၅,၀၀၀/-ကျပ်

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph:09-512-1284, 09-420-707802, 09-250-066210

SEVEN စံ မော်
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်) အိမ်အရောက် ငွေပေးချေသည်၊ 'ပွဲခလုံးဝမယူပါ'။
09 - 33 333 511, 09 - 33 333 514, 09 - 33 333 644

မြေကွက်ကျယ်များရောင်းမည်
၁။ သာကေတမြို့နယ်၊ မင်းနန္ဒာလမ်းမကြီးပေါ်ရှိ (Capitalအနီး) မြေကွက်ကျယ်ရောင်းမည်။
၂။ အင်းစိန်မြို့နယ်၊ အင်းစိန်လမ်းမပေါ်ရှိ (အရှေ့ကြို့ကုန်းရပ်ကွက်) မြေကွက်ကျယ်ရောင်းမည်။
ဆက်သွယ်ရန်
ဖုန်း- ၀၉-၅၀၃၁၁၆၅၊ ၀၉-၂၅၄၉၅၇၇၂၂

GARTEN FLOOR
Specialize of Vinyl & Laminate Floor
မိုးရာသီအထူးပရိုမိုးရှင်း
Promotion Period 1st July ~ 31th August
ယခင်ဈေး - 230,000/- ယခုဈေး - 199,000/-

Laminate Floor
- Click Type ...
- Polish ...
Vinyl Floor
- 100% ...
- 100% Vergin Materials
- Click Type ...
- Negative Ion Technology ...
HOT LINE 09 459 177778 09 240 0988
အမှတ်(၂၂၄)၊ မြေညီထပ်၊ ကျိုက္ကဆံလမ်းနှင့် ကျောက်မြောင်းလမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ : garten.sh@gmail.com
09-459177775, 09-790177706, 09-790177708, 09-790177709 : https://www.facebook.com/gartenmaterials

PRIME-BOSS
Digital Multifunctional System
AR-6026N
30% Discount

* A3 Standard- Copy, Network Print & Color Scan
* Speed 26cpm, ppm
* Cost Efficient Toner Save Mode
* Password Protected User Accounts
* Build In Duplex Module
* မိတ္တူဆိုင်နှင့် High Volume သုံးသည့် Customer များအတွက် အထူး သင့်လျော်ပါသည်။
* A4 တစ်ရွက် ခန့်မှန်း Print Cost = ၄ ကျပ်ဝန်းကျင် (တိုနာမှုန့်)
Full Color Digital MFP နှင့် အခြားစက်ကြီးများလည်း ရရှိနိုင်ပါသည်။
Prime - Boss Company Limited Since 1996
» Yangon Office : G-7, MGW Tower, Bo Aung Kyaw Street, Botahtaung Township, Yangon.
Tel : 01 256644, 256508
Hot Line : 09 788888929 Fax -01 256158
» Naypyitaw : Tel: 067-421393
Email: sales@primeboss.com.mm

"အသံဆို-မှန်ချိုရုပ်ရှင်ဂီတအနုပညာရှင်များလက်စွဲ"

မှန်ချိ
နိုင်ငံကျော် သလိပ်ပျော်အသံကောင်း၊ ချောင်းဆိုးပျောက်ဆေး
အတွင်းလိပ်၊ အပြင်လိပ် အမြန်ဆုံးပျောက်တဲ့ မှန်ချိုလိပ်ခေါင်းပျောက်ဆေး

တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် TMR-012270(0916)
တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် TMR-012269(0916)
သမားတော်ကြီး ဦးလှငွေ(တဆ-၀၀၀၈၂)မှန်ချိုဒေါက်တာတင်နွယ်ဦး(တဆ-၀၁၁၈၀) Ph.D(Alternative Medicine) (India)
ဖြန့်ချိရေး-မှန်ချိုဆေးတိုက်၊ ရွှေဘုံသာ အလယ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ၀၁-၃၈၄၆၅၁၊ ၃၇၅၁၀၃၊ ၃၈၆၇၄၁

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စန်းစန်းအိ**

**အဖွဲ့ဝင်၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

**ကချင်ပြည်နယ်၊ မိုးညှင်းမဲဆန္ဒနယ်**

**အသက် (၅၀)**

ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်၊ ကချင်ပြည်နယ် မိုးညှင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိ အသက်(၅၀)သည် ၁၅-၇-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ည ၁၀း၃၀ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ**

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စန်းစန်းအိ**

**အဖွဲ့ဝင်၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

**ကချင်ပြည်နယ်၊ မိုးညှင်းမဲဆန္ဒနယ်**

**အသက် (၅၀)**

ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်၊ ကချင်ပြည်နယ် မိုးညှင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိ အသက်(၅၀)သည် ၁၅-၇-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ည ၁၀း၃၀ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စန်းစန်းအိ(မိုးညှင်း)**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

**အသက် (၅၀)**

မိုးညှင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိသည် ၁၅-၇-၂၀၁၈ ရက် ည ၁၀း၃၀ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခရိုင်အုပ်ချုပ်ရေးမှူးနှင့်**

**ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ**

**မိုးညှင်းခရိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ရည်**

**အသက်(၇၉)နှစ်**

မြန်မာနေရှင်နယ်လိဂ် CEO ဦးစိုးမိုးကျော်၏ ချစ်လှစွာသောဖခင် ဦးတင်ရည် အသက်(၇၉)နှစ်သည် ၁၃-၇-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အကောက်ခွန်ဘောလုံးအသင်း**

**အုပ်ချုပ်သူ-နည်းပြဆရာ-ကစားသမားဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးစန်းဝေ(ငြိမ်း)**

**အသက်(၅၉)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးစန်းဝေ(ငြိမ်း)သည် ၁၄-၇-၂၀၁၈ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

(သူငယ်ချင်း မြင့်မြတ်ရာသုဂတိရောက်ပါစေ)

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄)**

**သူငယ်ချင်းမိသားစုများ**

**သထုံမြို့နယ်အသင်း(ရန်ကုန်)**

**ဒေါက်တာဒေါ်ခင်လေးရီ(B.V.S) (၆၇)နှစ်**

သထုံမြို့နေ (ဦးလှငွေ)-ဒေါ်ခင်စိန်တို့၏ သမီး၊ လှည်းတန်း၊ ကမာရွတ်နေ [ဦးမိုးအောင်(ခ)ဦးရင်ဆိုင်း]၏ ဇနီး၊ အသင်းဝင်အမှတ်(၁၀၅၇)၊ ဒေါက်တာဒေါ်ခင်လေးရီသည် ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၀၀း၄၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၃၊ စံပယ်လမ်း၊ ငွေကြာရံရိပ်သာ၊ ပါရမီ၊ ရန်ကုန်မြို့ နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခတ္တာမျိုး**

**အသက်(၅၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ (ဦးအောင်မျိုး-ဒေါ်မြသန်း)တို့၏သမီး၊ ဦးထင်ကျော်(ဒုမှူးကြီး-ငြိမ်း) Yangon Crown Co., Ltd.၏ ဇနီး၊ ရဲအုပ်နိုင်မင်းသိန်း-ဒေါ်မျိုးဝတ်ရည်ကျော်(အထက်တန်းရှေ့နေ)၊ ဦးသူအောင်-ဒေါ်မျိုးထက်ထက်ကျော်၊ ဦးသက်နိုင်ကျော်-ဒေါ်ခင်ချိုဝင်းတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၀၀း၄၅ နာရီတွင် တဆရ(၂/၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၈)မှ သူငယ်ချင်းများ**

**ဒေါ်မေသန်းဝင်း(ခ) Julia Thar Win (၇၁)နှစ်**

**B.Ed, M.A(English)**

**တွဲဖက်ပါမောက္ခ (ငြိမ်း)၊ အင်္ဂလိပ်စာဌာန၊ ပညာရေးတက္ကသိုလ်**

**Principal (Green Hills Academy)**

ရန်ကုန်မြို့၊ အင်းယားလမ်းနေ (ဗိုလ်မှူးသာဝင်း-ဒေါ်သန်းညွန့်)တို့၏ သမီး၊ (ဦးမောင်ကြီး-ဒေါ်ဖွားညွန့်)တို့၏ သမီးချွေးမ၊ ဒေါက်တာညွန့်ဝင်း-ဒေါက်တာကြည်ကြည်ခင် (ခေတ္တ-Australia)၊ ဦးထွန်းဝင်း(2/E. Ex. M.T.M)-(ဒေါ်မေရီပြုံး)တို့၏ညီမ/အစ်မ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်(၇၄-ဘီ)နေ ဦးသိန်းညွန့်(G.M, Uni Trade Yangon Ltd)၏ဇနီး၊ ဒေါက်တာအေးအေးမာ (Principal, Business Institute Yangon)-ဦးကျော်မင်းဟန်၊ ဒေါက်တာသင်းသင်းခိုင်-ဒေါက်တာငြိမ်းချမ်းအောင်(ခေတ္တ-Australia)တို့၏ ချစ်လှစွာသောမွေးသမိခင်၊ မမဥူမင်းဟန်(MISY)၊ မမေမြတ်နိုးဟန်(MISY)တို့၏ချစ်လှစွာသောအဘွား ဒေါ်မေသန်းဝင်း(ခ)Julia Thar Winသည် ၁၆-၇-၂၀၁၈ (တနင်္လာနေ့) Australia စံတော်ချိန် ၁၂း၀၇ နာရီတွင် Australia နိုင်ငံ၊ Melbourne မြို့ Oliva Newton-John Austin Health ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် Australia နိုင်ငံ Melbourne မြို့တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခတ္တာမျိုး**

**အသက်(၅၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ (ဦးအောင်မျိုး-ဒေါ်မြသန်း)တို့၏ သမီး၊ ဦးထင်ကျော်(ဒုမှူးကြီး-ငြိမ်း) Yangon Crown Co., Ltd. ၏ ဇနီး၊ ရဲအုပ်နိုင်မင်းသိန်း-ဒေါ်မျိုးဝတ်ရည်ကျော်(အထက်တန်းရှေ့နေ)၊ ဦးသူအောင်-ဒေါ်မျိုးထက်ထက်ကျော်၊ ဦးသက်နိုင်ကျော်-ဒေါ်ခင်ချိုဝင်းတို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၀၀း၄၅ နာရီတွင် တဆရ(၂/၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၇-၂၀၁၈ (စနေနေ့) နံနက်တွင် ရွှေပြည်သာမြို့နယ်၊ (၁၂)ရပ်ကွက်၊ စက်မှုပတ်လမ်း၊ တိုက်(B)၊ အခန်း(၁၀၇)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဒေါ်စန်းစန်းအိ**

**အသက် (၅၀)**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊**

**ကချင်ပြည်နယ်၊ မိုးညှင်းမဲဆန္ဒနယ်**

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အမှတ် (၁၀၃)၊ နမီးစုရပ်နေ ဦးသိန်း-ဒေါ်ငွေတင်တို့၏သမီး၊ (ဦးချိုမင်းလွင်)၏ဇနီး၊ ဦးမင်းဦး၊ ဒေါ်ညိုညိုသိန်း၊ ဦးမင်းလွင်၊ ဦးမင်းတင်တို့၏ညီမ၊ ဦးအောင်မင်း၊ ဦးရွှေဝါမင်း၊ ဦးဇင်မင်းတို့၏ အစ်မ၊ မသူသူလွင်၏မိခင် ဒေါ်စန်းစန်းအိသည် ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် နေပြည်တော်၊ ကျွဲကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာဆင့်ဆင့်မိုး(သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ ပြည်သူ့ဆေးရုံကြီး-မြိတ်မြို့)၏မွေးသမိခင် ဒေါ်မြသန်း အသက်(၈၅)နှစ် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1983-1st M.B,B.S (IM-2)Batch**

**မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**နိုင်အောင်သန်း (ကော့ဘိန်း/တရနာ)**

**အသက်(၈၀)**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောရောဂါခွဲစိတ်ကုဌာနမှ ခွဲစိတ်အထူးကုဆရာဝန်ဒေါက်တာဝင်းမင်းပိုင်-ဒေါက်တာအိအိဖြိုးသွယ်တို့၏အဘိုးဖြစ်သူ နိုင်အောင်သန်းသည် ၁၅-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နှလုံးနှင့်သွေးကြောရောဂါခွဲစိတ်ခန်း မိသားစု**

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဒေါ်ခင်လေးရီ (B.V.S)**

**အသက်(၆၇)နှစ်**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောရောဂါခွဲစိတ်ခန်းမှ မေ့ဆေးအထူးကုဆရာဝန် ဒေါက်တာစိုးမင်းအောင်-ဒေါက်တာနှင်းရီလှိုင်တို့၏မိခင်ကြီး ဒေါ်ခင်လေးရီသည် ၁၅-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နှလုံးနှင့်သွေးကြောရောဂါ ခွဲစိတ်ခန်း မိသားစု**

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## အနိစ္စ

**ဒေါ်ကြည်ကြည်ဝင်း**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် (၁၀၃)၊ ဘုန်းကြီးလမ်းနေ (ဦးလင်ဦး-ဒေါ်မေထွေး)တို့၏ သမီးထွေး၊ (ဦးပု-ဒေါ်မြကျင်)တို့၏ သမီးချွေးမ၊ ဦးတင်ထွန်းအောင် (စက်ရုံမှူး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ Dr.အောင်ကျော်မိုး-Dr.မိုးသီတာကျော်၊ Dr.အေးအေးအောင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်မင်းခန့်အောင်၊ မောင်လင်းခန့်အောင်တို့၏ ချစ်လှစွာသော အဘွားသည် ၁၆-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်စန်းမြင့် (၇၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၃၆၅/၃၆၆)နေ (ဦးကြွင်းကျန်အောင်-ဒေါ်အေးသာဖြူ)တို့၏သမီးချွေးမ၊ (ဦးကျော်သိန်း-ဒေါ်ခလေးမ)တို့၏သမီးကြီး၊ ဦးမောင်ဦးဖြူ-ဒေါ်အေးချမ်းဖြူ၊ ဦးထွန်းလှဖြူ-(မသန်းမြ)၊ ဦးချမ်းခင်-ဒေါ်သိန်းသိန်းဦး၊ (ဦးချမ်းစိန်)-ဒေါ်အေးချမ်း၊ ဦးအေးချမ်း-ဒေါ်တင်အေး၊ (ဦးစောသာထွန်း)-ဒေါ်မရေ (ဦးသောင်းဝင်း)-ဒေါ်အေးမြင့်၊ (ဦးမောင်ဝင်း)-ဒေါ်ကျင်စန်း၊ (ဦးကျော်ဝင်း)-ဒေါ်မဝင်းအေး၊ (ဦးသိန်းအောင်)-ဒေါ်အေးစောတို့၏အစ်မ/ညီမ၊ ဦးသိန်းဦး-မလှလှရီ (ဦးအောင်ခင်)-ဒေါ်ယဉ်ယဉ်ရွှဲ၊ ဦးသောင်းတင် (အောင်မြေသာယာ ရွှေစေတီမြတ်ကြီး၏ဂေါပကအဖွဲ့၊ တွဲ+၂)-ဒေါ်ရီရီစိုး (ခေါင်ကန့်လန့်စတိုး)၊ ဦးသန်းထွန်း-မဂျူလိုင်သန်း(အထက-၂လှိုင်သာယာ)၊ ဦးမြင့်ဇင်-ဒေါ်သန်းသန်းထွေး(ရွှေကံဆင့်စတိုး)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏အဘွား၊ ဦးစံညွန့်ဖြူ၏ ချစ်လှစွာသောဇနီးသည် ၁၅-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၇-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၇-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၃၆၅/၃၆၆)၊ ဦးစံညွန့်ဖြူ၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးထွန်းစိန်**

**(ဒေါ်ကြည်ကော်ပြန့်လုပ်ငန်း)**

**အသက် (၆၄)နှစ်**

(ဦးသောင်းဝင်း-ဒေါ်ကြည်)တို့၏ သားကြီး၊ (ဦးဆန်နီ-ဒေါ်ခင်စိန်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)လမ်း၊ အမှတ်(၂၈)၊ ငါးလွှာနေ ဒေါ်ကျင်မြ၏ ချစ်လှစွာသောခင်ပွန်း၊ မဆုမြတ်အောင်(ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်)၊ ဒေါက်တာမြတ်သဇင်ဖွေး(ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ မောင်အောင်အောင်မိုး၊ မောင်အောင်အောင်ဖြိုးတို့၏မွေးသဖခင်သည် ၁၄-၇-၂၀၁၈ (စနေနေ့) ည ၇း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၇-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးအေးမောင်(ခ)အင်ချိုကျန်**

**(ဦးကြီးကျန်-ဒေါ်အဟုန်ပွဲရုံ၊ ဘုရင့်နောင်)**

**အသက် (၈၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်၊ မြကန်သာဥယျာဉ်အိမ်ရာ၊ အမှတ် (၃/B)၊ စစ်ကိုင်းလမ်းနေ (ဒေါ်အဟုန်)၏ခင်ပွန်း၊ ဒေါ်တင်တင်အေး-ဦးစောဝင်း၊ ဒေါက်တာလှလှအေး-ဦးမောင်မြင့်၊ ဒေါက်တာခင်ခင်အေး(U.S.A)-ဦးပိန်းရှန်(U.S.A)၊ ဒေါက်တာမြင့်ဦး-ဒေါက်တာဒေါ်ဝင်းကြည်၊ ဒေါ်တင်တင်စန်း-ဦးခင်ဇော်၊ ဒေါ်အေးအေး(တရားလွှတ်တော်ရှေ့နေ)၊ ဦးဝင်းမြင့်-ဒေါ်သန္တာလွင်တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၁၆-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးလှမြင့်(ခ)ဦးစိုးရွှေ**

**အသက် (၈၁) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကံရိုးကျေးရွာနေ (ဦးတလုတ်-ဒေါ်ပိုး)တို့၏ သား၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ (၈)ရပ်ကွက်၊ အုတ်ကျွတ်တန်းနေ (ဦးလှမောင်)-ဒေါ်သန်းရင်တို့၏သားသမက်၊ ခြံအမှတ်(၆၀၂)၊ မင်းလှကျော်ထင်လမ်း၊ မင်းကြီးညိုရပ်ကွက်၊ တောင်ငူမြို့နေ ဒေါ်မြမေ၏ ခင်ပွန်း၊ ဦးချစ်ဆွေ-ဒေါ်ရီရီစိုး၊ ဦးကျော်မင်း-ဒေါ်ခင်ဟေမာန်ထွန်း၊ ဦးစိုးနိုင်ထွန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားလွှတ်တော်ရုံး)-ဒေါ်ဝါဝါလှိုင်တို့၏ဖခင်၊ မမေဖူးစံ၊ မောင်မင်းသိမ်းခန့်၊ မလင်းထည်ဝါ၊ မခင်သဒ္ဒါငြိမ်း၊ မောင်လမင်းအောင်တို့၏အဘိုးသည် ၁၆-၇-၂၀၁၈(တနင်္လာနေ့) နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့၊ အနောက်ဘက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးအောင်မောင်း(ခ)ဦးအောင်မြင့်(ဆင်တောင်ကြီးစာပေ)**

**အသက် (၇၈)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း၊ အောက်လမ်း၊ အမှတ်(၄၁)၊ မြေညီထပ်နေ ဒေါ်ကျင်သန်း၏ခင်ပွန်း၊ ဦးဝင်းမောင်-ဒေါ်သီတာ၊ ဒေါ်နီလာ (သီတာ၊ နီလာစာပေ)၊ ဒေါ်ခိုင်ခိုင်နှင်း(ဗိုလ်ချုပ်ဈေး)၊ (ကိုရန်နိုင်)၊ မခိုင်ဇင်ဦး (ခိုင်ဇင်ဦးစာပေ)၊ ကိုဟန်မင်းလွင်-မသင်းသင်းခိုင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၁-၇-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၈ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးလှမြင့်**

**အသက်(၇၃)နှစ်**

**ပါမောက္ခ(မြန်မာစာဌာန)၊ လှမြင့် ရန်ကုန်တက္ကသိုလ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ စကြာလမ်း၊ အမှတ်(၁၀)နေ (ဦးအောင်မြင့်-ဒေါ်တင်တင်)တို့၏သား၊ (ဒေါ်သိမ်းမြနု)၏ခင်ပွန်း၊ ပြည်မြို့နေ ကိုမြင့်ဆွေဦး(ခ)ကိုဘိုဘို-မမာရီခိုင်(ရွှေကဖီး)၊ ရန်ကုန်မြို့နေ ကိုထွန်းမြင့်သိမ်း၊ ကိုသူဟန်ဦး-မခင်မြင့်ခိုင်(YA YA YA ဂျပန်စာသင်တန်းကျောင်း)တို့၏ဖခင်၊ ရွှန်းသုန္ဒြီခိုင်(ခ)ဝလုံးလေး၏ အဘိုးသည် ၁၆-၇-၂၀၁၈(တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ စကြာလမ်း၊ အမှတ်(၁၀) နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဒေါ်အေးအေးငြိမ်း**

**အသက်(၆၀)**

**အထက်တန်းပြဆရာမ**

**အထက-၃၊ အင်းစိန်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅၅၉)၊ (၆)လမ်း၊ သမိုင်း (၁)ရပ်ကွက်နေ (ဦးသိန်းမောင်-ဒေါ်ကျင်သိန်း)တို့၏ သမီးငယ်၊ ဒေါ်ကြည်ကြည်ငွေ၊ ဦးမြင့်စိုး-ဒေါ်တင်တင်လှအုန်း၊ ဦးတင့်ဖြိုး-ဒေါ်ရင်စော၊ ဦးအောင်တင့်စိုး-ဒေါ်အေးသိန်း၊ ဦးဝင်းအောင်-ဒေါ်ခင်အေးသွယ်တို့၏ ချစ်လှစွာသော ညီမငယ်၊ ဦးဝင်းထွဋ်၏ အစ်မ၊ တူ/တူမ ၁၁ ယောက်တို့၏ ချစ်လှစွာသော အဒေါ်သည် ၁၆-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးအောင်သိန်း(ခ)ဦးဖိုးချစ် (၅၇)နှစ်**

**စိန်နဂါး ကြွေမြေစက်မှုကုန်ထုတ် သ/မ**

**အထက-၁၊ မရမ်းကုန်း(ကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်ဘွင့်လမ်းနေ (ဦးဘိုးရုံ-ဒေါ်ငွေစိန်)၊ (ဦးသိန်းဝင်း-ဒေါ်သောင်းစိန်)တို့၏ သား၊ (ဦးဘကျော်)-ဒေါ်ခင်ကြည်တို့၏သားသမက်၊ ဦးမြတ်ထွန်း(ဥက္ကဋ္ဌ-စိန်နဂါးသမ)-(ဒေါ်သိန်းသိန်း)၊ ဦးကျော်လွင်-ဒေါ်ခင်ညို၊ (ဦးအောင်ဝင်း)-ဒေါ်နွယ်နီ၊ ဦးဌေးအောင်-ဒေါ်လှမြင့်၊ ဦးသက်ဆွေ-ဒေါ်ခင်လှဝေ(အထက-၁၊ မရမ်းကုန်း)တို့၏ ညီ/မောင်၊ ဦးသက်အောင်-ဒေါ်ခင်ဝင်း၊ ဦးခင်မောင်သိန်း(ဦးကောဇ္ဇည)တို့၏ အစ်ကို၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ်(၂၈၄)၊ (၁၁)လမ်းနေ မခင်ဆုဝေဖြိုး၊ မခင်ဆုမြတ်ဖြိုး(F.D.A၊ ရန်ကုန်)၊ မောင်ရန်လင်းနိုင်၊ မောင်ညီလင်းနိုင်တို့၏မွေးသဖခင်၊ ဒေါ်သန်းရှင်၏ခင်ပွန်း ဦးအောင်သိန်း(ခ)ဦးဖိုးချစ်သည် ၁၆-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁း၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၇-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ UEHRD သတင်းနှင့်ဆက်သွယ်ရေးဒါရိုက်တာ ဦးကျော်မြိုင်တို့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E. Prof. Dr. Surakiart Sathirathai ဦးဆောင်သောအဖွဲ့အား အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ဆိုင်ရာ လက်ရှိဖြစ်ပေါ်တိုးတက်မှုများ၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ H.E. Prof. Dr. Surakiart ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အကြံပေးအဖွဲ့က အကြံပြုတင်ပြထားသည့် အကြံပြုချက်များအနက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ UNHCR၊ UNDP နှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ H.E. Prof. Dr. Surakiart Sathirathai ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# KBZ Bank Women League ပြိုင်ပွဲ ပြန်လည်ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women League ပြိုင်ပွဲ ဒုတိယအကျော့ လက်ကျန်ပွဲများကို ဇူလိုင် ၁၇ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ပွဲစဉ် (၉) အပြီးတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၏ ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲကြောင့် ဧပြီလ ပထမပတ်ကတည်းက ရပ်နားထားခြင်းဖြစ်ပြီး ပြိုင်ပွဲအပြီး ရက်ပိုင်းအကြာတွင် ပြန်လည်စတင်ခြင်းဖြစ်သည်။ ပွဲစဉ် (၁၀) အဖြစ် ဇူလိုင် ၁၇ ရက်တွင် ဇွဲကပင်အသင်းနှင့် သစ္စာအားမာန်အသင်း၊

**စာမျက်နှာ ၉ ကော်လံ ၄ သို့**



အမျိုးသမီးလိဂ်ပြိုင်ပွဲ ကျင်းပနေစဉ်။

# ဖားကန့်မြေပြိုမှုဖြစ်ပွားရာနေရာ ဆက်လက်စောင့်ကြည့်နေပြီး ရှာဖွေမှုလုပ်ဆောင်ရန် ခက်ခဲနေ

**ဖားကန့် ဇူလိုင် ၁၆**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာရှိ မဟာအစပထမ ကုမ္ပဏီလုပ်ကွက်ဟောင်းအတွင်း ဇူလိုင် ၁၄ ရက် မွန်းလွဲ ၂ နာရီခန့်က အမြင့်ပေ ၃၀၀ ခန့်ရှိ ကမ်းပါးယံပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူများ နုန်းကန်အတွင်းသို့ ပြုတ်ကျသေဆုံးသူနှင့် ဒဏ်ရာရရှိသူများရှိခဲ့ရာ ယနေ့တွင် သေဆုံးသူပေါင်း ၁၇ ဦး၊ ဒဏ်ရာရရှိသူ ၄၃ ဦးနှင့် ပျောက်ဆုံးသူ ခြောက်ဦးထိရှိနေခဲ့သည်။

အခင်းဖြစ်နေရာတွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များအနေဖြင့် ပျောက်ဆုံးသူများ ရှိ၊ မရှိ ဆက်လက်ရှာဖွေမှုလုပ်ဆောင်ရန် ခက်ခဲနေပြီး နုန်းကန်အတွင်း ဖြစ်နေခြင်းကြောင့် အလောင်းများပေါ်လာနိုင်သည့် အခြေအနေကိုသာ စောင့်ကြည့်နေရကြောင်း သိရသည်။

ဇူလိုင် ၁၅ ရက်ထိ လုံးခင်းဆေးရုံတွင် လူနာ ၁၁ ဦး၊ ဖားကန့်ဆေးရုံတွင် လူနာ ကိုးဦးနှင့် မြစ်ကြီးနားလွှဲပြောင်း ကုသလူနာ ၁၉ ဦးတို့ ဆေးဝါးကုသမှုခံယူလျက်ရှိရာ လူနာ ၃၉ ဦးအနက်မှ လေးဦး သက်သာသွားသည့် အခြေအနေဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


# ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

